
www.burmeseclassic.com



www.burmeseclassic.com

အောင်မြတ်ဦး

# နရသိန်စံအိမ်ထက်က လွမ်းမောဖွယ်ပုံရိပ်များ

ထောင်အတွေ့အကြုံဝတ္ထုများ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပထမအကြိမ် | * | ၂၀၁၄ ဇန်နဝါရီ |
| အုပ်ရေ | * | ၅၀၀ |
| တန်ဖိုး | * | ၃၀၀ ကျပ် |
| အဖုံးဒီဇိုင်း | * | ဦးကံကောင်း |
| ကွန်ပျူတာစာစီ | * | ချယ်ရီမေ (အင်းစိန်) |
| အတွင်းဖလင် | | ADORN၊ ၀၉-၄၅၀၀၁၇၃၃၂ |
| ထုတ်ဝေသူ | * | ဦးချစ်ညွန့် (၀၄၀၀၄)<br>ဇင်ရတနာစာစောစာပေ<br>၂၀၅၊က/၄လမ်း၊ မြို့သစ်<br>(က+ခ)ရပ်ကွက်၊ အင်းစိန် |
| မျက်နှာဖုံးနှင့်အတွင်းပုံ | * | ဦးကျော်မင်းစိုး (မြ-၀၇၃၄၆)<br>စိုးမေတ္တာပုံနှိပ်တိုက်<br>အမှတ် (၁၇)၊ ၅၆လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

'ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း' (CIP)

အောင်မြတ်ဦး
နရသိန်စံအိမ်ထက်ကလွမ်းမောဖွယ်ပုံရိပ်များ
ရန်ကုန်၊ ဇင်ရတနာစာစောစာပေ
၂၂၄ - စာ၊ ၁၂ × ၁၈ စင်တီ
(၁) နရသိန်စံအိမ်ထက်ကလွမ်းမောဖွယ်ပုံရိပ်များ


www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း
# သို့မဟုတ်
# အတွေ့အကြုံများနှင့်ဖြတ်သန်းခြင်း

"အသက်တစ်ရာမနေရ၊ အမှုတစ်ရာပွေ့ရ" ဟု မြန်မာစကားရှိသည်။ အကြောင်းကြောင်းကြောင့် နရသိန်စံအိမ်သို့ ရောက်ခဲ့သည်။ စိတ်ညစ်ဖွယ် မွန်းကြပ်ဖွယ်ကောင်းပ။

စင်စစ် စဉ်းစားကြည့်ပြန်တော့ လွမ်းမောဖွယ်ပုံရိပ်သစ်၊ အတွေ့အကြုံသစ်တွေဟု နားလည်ရသည်။

ထို့ကြောင့်လည်း နရသိန်မှ အထွက်တွင် လွမ်းမောဖွယ် ပုံရိပ်၊ အတွေ့အကြုံသစ်များအား အမှတ်တရ ဖြစ်နေသည်။ ယင်းသမို့လည်း သည်အကြောင်းတွေကို စာပန်းချီခြယ် ဖြစ်ခဲ့သည်။

သည်အကြောင်းတရားများက အသိတရားရဖွယ်၊ လွမ်းမောဖွယ်၊ သံဝေဂရဖွယ်လည်း ကောင်း၏။ စာဖတ်သူအတွက် အကျိုးတစ်စုံတစ်ရာ ဖြစ်မည်ဟုလည်း ယုံခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေးဖြစ်သည်အတွက်လည်း ကျေနပ်ရသည်။

ဤစာအုပ်ပါ အကြောင်းအရာများသည် ကျွန်တော့် နှရသိန်စံအိမ်တွင် နားခိုက် အမှတ်မထင် ကြုံတွေ့ခဲ့သည့် အမှတ်တရဖြစ်ခဲ့သည့် အကြောင်းများဖြစ်၏။ ထို့ကြောင့် အလျဉ်းသင့်သလို ကျွန်တော်စာပန်းချီခြယ် ဖြစ်ခဲ့မိသည်။

ကျွန်တော်ရေးဖြစ်သမျှ ထည့်သွင်းဖော်ပြပေးသည့် မဂ္ဂဇင်းများကိုလည်း ကျေးဇူးတင်ရသည်။ မဂ္ဂဇင်းပါ စာမူများအား လုံးချင်းအဖြစ် ထုတ်ဝေရန် စီစဉ်သည့်အခါ ကျွန်တော့်နှလုံးသားတွင် စူးနစ်စွာ တိုးဝင်အမှတ်တရ ဖြစ်စေသည့် စာမူများအား ရွေးချယ်စီစစ်စီစဉ်ခဲ့ရ၏။

ပရိသတ်နှစ်သက်လိမ့်မည်ဟု ထင်၏။ စာဖတ်သူများအနေနှင့် ဤစာမူများအား ဖတ်၍ အကျိုးတစ်စုံတစ်ရာ ခံစားရသည် ဆိုငြ- အံ့။

ရေးရကျိုးနပ်ပြီ ဆိုရမည်တည်း။

စာဖတ်သူတို့၏

*အောင်မြတ်ဦး*

www.burmeseclassic.com

# မာတိကာ

နိဒါန်း
သို့မဟုတ် အတွေ့အကြုံများနှင့်ဖြတ်သန်းခြင်း
၁။ ကံအလှည့်
၂။ တဒင်္ဂ
၃။ ကံအကြောင်းတရားလား
၄။ ဘဝပေးသစ္စာရှင်
၅။ ကုသိုလ်ကြမ္မာ မမီခဲ့လေသလား
၆။ လူ့အသက်သည် မိုးကောင်းကင်နှင့်ဆိုင်၏။
၇။ ကံကွက်ကြားမှားသူနှင့် ကြင်နာဖော်၊ ကြင်နာဖက်
၈။ ကြေးစည်သံ
၉။ မီး
၁၀။ အိုဘယ့်ရွှေနှင့် လမ်းမှားလိုက်မိသူ
၁၁။ ချောက်ကမ်းပါးစွန်းရောက် လူတစ်ယောက်အကြောင်း
၁၂။ နှစ်ပိုင်းတစ်ပိုင်း တိုင်းကျော်
၁၃။ ခါးပိုက်နှိုက် ဘသိန်းဖံ့အတွေ့အကြုံ
၁၄။ ဒေါသနှင့် သောကဝယ်သူများ
၁၅။ မြဝင်းနုနှင့် ထမင်းတစ်နပ်
၁၆။ တွေးကြည့်စဉ် တဒင်္ဂ၊ ခံစားရသည် တစ်ဘဝ
၁၇။ လောဘနွံ
၁၈။ ကောင်းကင်အပြည့် ပိုက်နှင့်အုပ်၍မု

www.burmeseclassic.com

နရသိန်စီအိမ်ယက်က လွမ်းမောဖွယ်ပုံရိပ်များ

# ကံ့အလှည့်

"နာမည်"

"စိုးထက်"

"အသက်"

"၂၀ နှစ်"

"အဘအမေနည်"

"ဦးစိုးလှ"

"ပြစ်မှု"

"လူသတ်မှု"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ကျွန်တော် ကျောင်း (၄) သို့ရောက်ပြီးနောက်ပိုင်း ကျွန်တော့်တပည့် အခန်းစာရေးမောင်ဇော်ဝင်းနှင့်အတူ ကျောင်းသစ်ရောက်လာလျှင် စာရင်းကောက်နေကျပင်။ အမှုမျိုးစုံ လူမျိုးစုံကို ကြုံဖူးသည်။

ကျွန်တော် မည်သို့မျှ မခံစားဖူးခဲ့။ အသက်တစ်ရာမနေရ။ အမှုတစ်ရာပွေ့ရဆိုသော စကားနှယ်၊လူတွေ အမှုအခင်းမျိုးစုံကြုံရသည်။ ဓမ္မတာဟု ပြောမလား။ ဖြစ်စဉ်ဟု ပြောမလား မသိ။ ကျွန်တော့်အတွက် ရိုးနေသည်ကတော့ အမှန်ပင်။

သို့သော် ကျွန်တော့်အဖို့ စိုးထက်နှင့်ကျမှ ဘာ့ကြောင့် တုန်လှုပ်ခဲ့ရသနည်း။ သည်ကတည်းက ကျွန်တော့်တွင် အကြောင်းတစ်စုံတစ်ရာရှိနေပြီဆိုသည်ကိုမူ သူရိပ်စားမိပေလိမ့်မည်။

မှန်ပါသည်။ စိုးထက်နှင့်ပတ်သက်၍ ကျွန်တော့်တွင် ထူးခြားသည့်အကြောင်းတစ်ခုရှိပါသည်။ ထိုအကြောင်းသည် အခြားမဟုတ်ပါ။ စိုးထက်၏ သွင်ပြင်လက္ခဏာနှင့် စိုးထက်ကျူးလွန်ခဲ့သောအမှုက ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေသောကြောင့် ဟု ပြောလျှင် မမှားပါချေ။

စိုး‌ထက်၏အသွင်က တကယ့်ကို နုငယ်ပါသည်။ သူ၏အသားက ဖြူဖွေးနုနေပြီး ကိုယ်နေဟန်ထား နွဲ့နှောင်း၏။ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဓာတ်မင်းသားတစ်ဦး၏ ကိုယ်ဟန်ပုံသဏ္ဌာန်အတိုင်းပင်။ ထို့ကြောင့် သူကိုယ်တိုင်၏နှုတ်ဖျားမှ လူသတ်မှုဟုပြောလိုက်သဖြင့်သာ ယုံလိုက်ရသော်လည်း တစ်ဆင့်စကားဆိုလျှင် ယုံနိုင်ဖွယ်မရှိဟု ဆိုရပါမည်။ ယခု လက်ရှိအခြေအနေတွင်ပင် ကျွန်တော်ကိုယ်တိုင် ယုံရခက်နေ၏။ စိုးထက်ကို ဇွေ့ခနဲ တစ်ချက်ကြည့်လိုက်ပြီး …

"နေပါဦးကွ။ မင်း ကျူးလွန်တဲ့ပြစ်မှုက လူသတ်မှု၊ ဟုတ်လား .." ဟု မေးလိုက်မိသည်။ သူက တည်ငြိမ်စွာဖြင့်

"ဟုတ်ပါတယ်အဘ" ဟု ဖြေသည်။ ကျွန်တော်က လေပူကို ဖူးခနဲ မှုတ်ထုတ်လိုက်ပြီး ..

"ငါတော့ နားရှိလို့ ကြားရတယ်။ မယုံချင်ဘူး။ ဒီလူသတ်မှုက မင်းကိုယ်တိုင်ရော ကျူးလွန်တာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်။ ကျွန်တော်ကိုယ်တိုင် မျိုးအောင်ကို ဓားနဲ့ သုံးချက်ထိုးသတ်လိုက်တာပါ"

ယခုတော့ ကျွန်တော် မယုံလို့မရတော့။ ကာယကံရှင်ကိုယ်တိုင်က ဝန်ခံလေပြီ။ ကာယကံရှင်ကိုယ်တိုင် ဝန်ခံမှတော့ သူ့ကို လူသတ်သမားအဖြစ် သတ်မှတ်ရတော့မည်။ သို့စဉ်လျက် စိုးထက်ကို မိုက်ကန်းသော လူသတ်သမားဟုမူ ကျွန်တော်မယိုး

www.burmeseclassic.com



စွပ်ရက်။ အကြောင်းတစ်ခုနှင့် ဆက်နွယ်ကာ လူသတ်မှုကျူးလွန်သည်ဟု စဉ်းစားမိပြန်၏။

ထို့အတူ နရသိမ်မ်စံအိမ်သို့ ရောက်ခိုက် ရာဇဝတ်ကျူးလွန်သူများနှင့် ရာဇဝတ်မှုဖြစ်ကြောင်းတို့ကို စူးစမ်းမည်ဟု ဆုံးဖြတ်ထားသည့်အတိုင်း စိုးထက်လူသတ်မှုကျူးလွန်ပုံကို သိချင်ပြန်၏။

ကျွန်တော် သူ့ကို ပြုံးကြည့်လိုက်ပြီး ...

"မင်းကိုယ်တိုင် ရာဇဝတ်မှုကျူးလွန်တယ်။ ဓားနဲ့ သုံးချက်ထိုးပါတယ်လို့ မင်းဝန်ခံခဲ့တယ်။ ဒါဆို မင်းလူသတ်မှုကျူးလွန်တာမှန်ပြီ။ ဒါပေမယ့် မင်း ဒီလူသတ်မှုကို အကြောင်းမဲ့ကျူးလွန်တာမဟုတ်ဘူးလို့ပါ တွေးမိလာတယ်"

"အဘက ကျွန်တော် မျိုးအောင်ကို သတ်လိုက်တာအကြောင်းရှိမယ်လို့ ပြောချင်တာလား"

"အေး .. ဟုတ်တယ်။ ဥပမာကွာ ..မင်းလျှပ်တစ်ပြက်ဒေါသဖြစ်လို့ မျိုးအောင်ကို သတ်ချင်သတ်မယ်။ ဒါမှမဟုတ်နာကြည်းချက်ကြီးကြီးမားမားရှိလို့ .. လို့ ငါထင်နေတယ်"

သူ တွေခနဲဖြစ်သွားသည်။ သံတိုင်တို့ကြားမှ အပြင်ကိုငေးကာနဲကြည့်လိုက်သည်။ အပြင်မှာ မှောင်ရိပ်သန်းပြီ။ ငှက်ကလေးများ အုပ်ဖွဲ့ပျံသွားသည်ကို လှမ်းမြင်ရသည်။

www.burmeseclassic.com



ထိုစဉ် သူက...

"တစ်ခုခုကြောင့်လို့ ပြောလို့ရတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ မကောင်းမှုကံ လှည့်ပြန်လာတာလို့ ယူဆလိုက်တယ်လေ"

"ဘာ...မကောင်းမှုကံ လှည့်ပြန်လာတယ်။ ဟုတ်လား..."

ကျွန်တော်က အလန့်တကြားမေးလိုက်သော်လည်း သူက အေးဆေးစွာ "ဟုတ်တယ်အဘ" ဟု ဖြေသည်။

"ငါတော့ နားမလည်တော့ဘူး"

"ကျွန်တော် ပြောပြပါမယ်။ ဒါဆို...အဘ အားလုံး လိပ်ပတ်လည်သွားမှာပါ"

ဟုပြောပြီး သူကြုံတွေ့ရင်ဆိုင်ခဲ့ရသည့်အဖြစ်သနစ်စုံကို နတ်သံမနှောဘဲ ပြောပြသည်။

× × ×

(၂)

စိုးထက်မိဘတွေက ရွှေမရှား၊ ငွေမရှားတွေ။ တိုက်နှင့်ကားနှင့် နေနိုင်သည်။ ပြောရလျှင် အမေက ကုမ္ပဏီထောင်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိုးထက်မိဘကုမ္ပဏီကလည်း အောင်မြင်သည်။ မိဘနှစ်ပါးက စိုးထက်ကို ချစ်သည်။ စိုးထက်က အငယ်။ စိုးထက်၏အထက်မှာ အစ်မတစ်ယောက် ရှိသည်။ စိုးထက်အစ်မ အမည်က ''စိုးစိုးမြတ်''။

သားသမီးဆို၍ သည်နှစ်ယောက်သာရှိသဖြင့် မိဘတွေက အလိုလိုက်သည်။ လိုတိုင်းတ ရစေသည်။ ''ကျွန်တော်တို့ ဖနီးမောင်နှံနှစ်ယောက်စလုံးက တစ်ကောင်ကြွက်တွေလေ။ အရင်းနှီးဆုံးအမျိုးဆိုလည်း ဒီသားနဲ့သမီး ရှိတာ''ဟု သူတို့အမေ၊ အဖေတို့က ပြောတတ်သည်။

စိုးထက်အမေ ပြောပုံကိုလည်းကြည့်..

''သားက ကျွန်မတို့အတွက် လာဘ်လေ။ သားသုံးသလောက် အဆတိုးပြီး ပြန်ရတာ။ ဒါကြောင့် သားအတွက်ဆို ကျွန်မတို့လက်မတားချင်ဘူး''

ဟုတ်တော့ဟုတ်သည်။ စိုးထက်မိဘတွေက သားသမီးတွေအတွက်ဆို ဘယ်တော့မှ လက်တားသည်မရှိ။ အထူးသဖြင့် စိုးထက်နှင့်ပတ်သက်လျှင် ပို၍ ရက်ရောသည်။ စိုးထက်ကလည်း ငွေကို ရေလိုသုံးသည်။ ပစ္စည်းဆိုလည်း ပစ္စည်းမှန်းမသိ။ လိုချင်လျှင်လည်း ချက်ချင်း။ မလိုချင်လည်း ချက်ချင်း။

www.burmeseclassic.com



သို့သော် စိုးစိုးမြတ်ကတော့ စိုးထက်လိုမဟုတ်။ ရိုးရိုးအေးအေးနေသလို ဆန္ဒလည်းမများ။ အရာရာ မောင်ငယ်စိုးထက်ကိုပဲ ဦးစားပေးသည်။ "မောင်လေးက အရေးကြီးပါတယ်"ဟု ပြော၏။

စိုးထက်ကလည်း သူ့အစ်မကို သိပ်ချစ်သည်။

စိုးထက်က ပြောသည်။

"ကျွန်တော်ကလည်း မမကို သိပ်ချစ်တာ"

မှန်သည်။ စိုးထက်ကလည်း သူ့အစ်မကို သိပ်ချစ်သည်။ အဘယ့်ကြောင့်ဆိုသော် စိုးစိုးမြတ်က မောင့်အကြိုက်ကိုလည်း သိသည်။ မောင်လေးအတွက်ဆို လိုလေသေးမရှိစေရ။ မောင်လေးနှင့်ပတ်သက်သည့်သူငယ်ချင်းများကိုလည်း ကိုယ်တိုင်မောင်အရင်းလို ချစ်ခင်ပြုစုသည်။

"အစ်မဟာ အလိုက်လည်း သိတတ်တယ်"

သူကပြောရင်း...

"ဒါပေမယ့် အစ်မက ကျွန်တော့်ရဲ့စရိုက်ပေါ်ကိုတော့ မကြိုက်ဘူးလေ"

ဒီလိုပြောသည်။ ပြောရင်း ပြုံး၍...



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာက ကျွန်တော်ပဲ။ ကျွန်တော်ကလည်း မိန်းမနဲ့ ပတ်သက်ရင် မထိန်းချင်ဘူး။ သူတို့ကလည်း သူတို့လေ"..တဲ့။

စိုးထက်က ငယ်ကလည်းငယ်၊ ရုပ်ကလည်းချော၊ ငွေကလည်းပေါသဖြင့် မိန်းမတွေက မျက်စိကျသည်။ ပို့ုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်နေသည်။ သည်တော့ စိုးထက်က ရည်းစားထည်လဲထားသည်။ မိန်းမဆိုလည်း ဟောတစ်ယောက်၊ ဟောတစ်ယောက်တွဲသည်။သူ့ကြောင့် အသည်းကွဲပါပြီဆိုတဲ့ မိန်းမတွေအများကြီး။

သည်တော့ အစ်မက "အစ်မ မောင်လေးကို တစ်ခုပြောမယ်။ မောင်လေးကို ချုပ်ချယ်တာ မဟုတ်ဘူး။ မောင်လေးသစ္စာတရားကို ဦးထိပ်ထားစေချင်တယ်။ လူတစ်ယောက် ကိုယ့်အတွက် မခံစားစေချင်ဘူးလေ။ ဒီအတွက် မောင်လေးကို လူမုန်းသွားမှာစိုးတယ်"ဟု ပြောသည်။

"သူတို့က ကိုယ့်ဒုက္ခ ကိုယ်ရှာကြတာလေ"

စိုးထက်က ပြောသည်။

"ဒါကို သူတို့ပတ်ဝန်းကျင်က သိမှာမဟုတ်ဘူး။ ပြီးတော့ ဒီကိစ္စက ဝဋ်လည်တတ်တယ်လေ"

အစ်မစကားဆုံးတော့ သူပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"အစ်မက ကြံဖန်အတွေးခေါင်နေပြန်ပြီ" ဟု ပြန်ပြော သည်။

သူက သည်နေရာရောက်တော့ ငိုင်သွားသည်။ ကျွန်တော် က…"မင်းအစ်မပြောတာ မှန်တယ်။ ကိုယ်ပြုတဲ့ဒဏ် ကိုယ်ခံ ရတာ" ဆိုတော့ သူက သက်ပြင်းရှိုက်ပြီး…

"ဒီတုန်းက မသိဘူးလေ။ အခုမှ သဘောပေါက်နားလည် မိတာ။ ဒါပေမယ့် နောက်ကျနေပြီလေ"

"မင်းပြောတာ အဘနားမလည်တော့ဘူး"

သူက ပက်လက်လှန်လိုက်ပြီး…

"ကျွန်တော် သူများ သားပျို၊ သမီးပျိုကို အိုင်တွေ့ခြေ ဆေးပြုခဲ့သလို ကျွန်တော့်အချစ်ဆုံး အစ်မကိုလည်း သူက စော်ကားသွားတယ်လေ"

"သူက ဘယ်သူလဲ"

သူက တစ်လုံးချင်း ပြောသည်။

"မျိုး…အောင်"

× × ×

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၃)

မျိုးအောင်…။ သူက စိုးထက်အရင်းနှီးဆုံး သူငယ်ချင်း။ အိမ်ကို တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်နိုင်သူ။

"ဒီကောင်ဟာ ကျွန်တော့်ရဲ့ အရင်းနှီးဆုံးသူငယ်ချင်းမို့ မမက ကျွန်တော့်လိုပဲ နွေးထွေးစွာ ကြိုဆိုလက်ခံတယ်။ ဒါကို ဒီကောင်က အခွင့်အရေးယူတယ်။ အတွေ့အကြုံမရှိ၊ ရိုးသားတဲ့ မမကို ဖြားယောင်းစော်ကားတယ်"

"အို…ဖြစ်ရလေကွယ်။ မျိုးအောင်က သစ္စာမဲ့လှချည်လား။ ဇာတ်တူသား မစားကောင်းဘူး"

ကျွန်တော်က ရင်ထုမနာဖြစ်သဖြင့် ပြောလိုက်သည်။ စိုးထက်က ထလိုက်ပြီး လက်သီးဆုပ်လိုက်သည်။ သူ့ပုံသဏ္ဌာန်က ပူပူနွေးနွေးခံစားနေရသလိုပင်။ ခက်ထန်နေ၏။

"ကျွန်တော် မကျေနပ်တာက ကျွန်တော်သူတို့အကြောင်း သိတော့ သူ့ကို သွားတွေ့တယ်။ ပြောရရင် မမ မခံစားစေချင်ဘူး။ ရှင်းရှင်းပြောရရင် သူနဲ့ မမနဲ့ လက်ထပ်မယ်ဆိုရင် ကျွန်တော် မကန့်ကွက်ဘူး။ ခုတော့ သူက…"

စကားအဆုံးတွင် 'တက်'တစ်ချက် ခေါက်ငိုက်သည်။ ကျွန်တော်က ဖျတ်ခနဲ ကြည့်ပြီး….



www.burmeseclassic.com

www.burmeseclassic.com



"သူက ငြင်းသလား"

"ငြင်းရုံတင်ဆို ခံသာသေးတယ်။ ခုတော့ သူက စော်ကားတာ။ သူပြောတာ အဘာစဉ်းစားကြည့်လေ"

"သူက ဘာပြောလို့လဲ"

စိုးထက်က နံရံကို လက်သီးနှင့်ထိုးပြီး ပြောပြသည်။ သူ့ဖြစ်စဉ်က ရင်နာစရာ။

× × ×

(၄)

မကျေနပ်မှု၊ ဒေါသတို့ ရင်နှင့်အပြည့်ဖြစ်နေသော်လည်း သူက ဟန်မပျက်၊ တည်ငြိမ်စွာ မျိုးအောင်ရှေ့တွင် ထိုင်လိုက်သည်။ မျိုးအောင်က စီးကရက်ဖွာရင်း..."ဘယ့်နဲ့ ရေးကြီးသုတ်ပျာနဲ့ ဘာအကြောင်းထူးရှိလို့လဲ"ဟု မေးသည်။ မေးပုံကို ဘဝင်မကျ။

"ငါ မင်းနဲ့ ဆွေးနွေးစရာရှိလို့လေ"

သူက စီးကရက်ပြာခြွေရင်း "ဆွေးနွေးစရာရှိလို့... ဟုတ်လား"ဟု မေးသည်။

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို ဘာလဲ။ ပြောပါဦး”

“ရှင်းရှင်းပြောရရင် မမကိစ္စပဲ”

သူက စီးကရက်ကို တောက်ပစ်လိုက်ပြီး ရယ်သည်။

“ဒါက ပြီးသွားပြီပဲ”

“ဘာ…”

“အေးလေကွာ။ ပြီးသွားပြီပဲ။ ငါ အခုအေမိနဲ့ယူဖို့ စီစဉ်ပြီးပြီလေ။ စိုးထက်ရာ…။ မင်း ဘာဖြစ်နေတာလဲ။ ကြောင်နေတာလား။ ဒီလိုကိစ္စနဲ့ပတ်သက်ရင် မင်းက ငါ့ထက် အတွေ့အကြုံရင့်သူပါ”

“တော်··မျိုးအောင်။ မင်း ဆက်မပြောနဲ့။ မင်း အေမိကို မယူရဘူး”

“မင်းဆိုလိုတာက ငါ စိုးစိုးကို ယူရမယ်ပေါ့။ ဟုတ်လား။ ဒါ မဖြစ်နိုင်ငွဲ့ကိစ္စဘဲ။ ဒီမှာ စိုးထက်··မင်းလုပ်နေတာ မတရားဘူး။ ငါနဲ့ စိုးစိုးက ဆန္ဒနဲ့ ဖြစ်ခဲ့တာ။ ချစ်တာ မဟုတ်ဘူး။ ပြီးတော့ ဒီကိစ္စက ဘယ်သူသိတာမှတ်လို့ကွာ”

“တော်…တော်…မျိုးအောင်။ မင်းကိုငါ နောက်ဆုံး မေးမယ်။ မင်း မမနဲ့ လက်ထပ်မလား၊ မထပ်ဘူးလား”

“မင်းက အကျပ်ကိုင်တာလား။ ငါက မယူဘူးဆိုရင်··”

“ငါကတော့ ဆုံးဖြတ်ပြီးပြီ”

မြတ်ဆွေစာပေ

www.burmeseclassic.com



စိုးထက်က ပြောလိုက်သည်။

"ငါလည်း ဆုံးဖြတ်ပြီးပြီ စိုးထက်"

"မမကို လက်ထပ်ဖို့လား"

"မဟုတ်ဘူး အေမို့ကို လက်ထပ်ဖို့"

စိုးထက် ပြုံးလိုက်သည်။

"ဩော်...ဒီလိုလား။ ဒါဆိုလည်း ရှင်းပြီပေါ့။ မင်းအတွက် အမှတ်တရကလေး ပေးရဦးမှာပေါ့"

ဟု ပြောပြီး အသင့်ယူဆောင်လာသောဓားကို စိုးထက် ဆွဲထုတ်လိုက်သည်။ ပြီးတော့...

"မင်း...မင်း...မျိုးအောင်ကို သတ်လိုက်တယ်ပေါ့"

"ဟုတ်တယ်အဘ။ အဲဒီနေ့က ကျွန်တော့်ဒေါသကို ကျွန်တော် မထိန်းနိုင်တော့ဘူး။ လက်သည်းဆိတ်တော့ လက်ထိပ်နာတယ်လေ။ အချစ်ဆုံးအစ်မကို စော်ကားတဲ့သူကို လူငယ်ပီပီ ဆုံးဖြတ်ဖြေရှင်းလိုက်တယ်။ အသင့်ပါလာတဲ့ဓားနဲ့ မသေမချင်း ထိုးလိုက်တယ်။ ခု...ဒီကောင်သေပြီ။ အယုတ်တမာကောင်ကို ကျွန်တော်ကိုယ်တိုင် ငရဲပို့လိုက်ပြီ"

ကျွန်တော်က သူ့ကိုကြည့်ပြီး "သူ့ကို မင်းက ငရဲပို့လိုက်သလို မင်းလည်း လောကငရဲ ခံရဦးမယ်လေ။ ဒါဟာ ဒေါသရဲ့ အမှားပဲ" ဟု ပြောလိုက်လေသည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါကို ကျွန်တော်သိပါတယ်အဘ။ ဒီအတွက် ကျွန်တော် မခံစားဘူး။ ဖြစ်သမျှအကြောင်း အကောင်းပဲလို့ မှတ်ယူလိုက်တယ်။ ဘယ်သူမပြု မိမိမှုလေ။ ကျွန်တော့် မကောင်းမှုဒဏ်ကို ကျွန်တော် ခံရတာပဲ။ ကျွန်တော် စိတ်မကောင်းတာက မမ အတွက်"

"ဒါဟာ ကံကြမ္မာနဲ့ သံသရာလည်ခြင်းဆိုတာ မင်း လက်ခံလား"

သူက လေးကန်စွာ ခေါင်းညိတ်လိုက်သည်။ ပြီးမှ "ခုတော့ ကျွန်တော် ကိုယ်ချင်းစာတတ်ပြီလေ။ ကောင်းတာလုပ်မှ ကောင်းတာဖြစ်မယ်ဆိုတာ ကျွန်တော်သိပြီ။ အမှားသိရင် အမှန်ပြင်ရမယ်။ ကျွန်တော့်ဘဝကို ကျွန်တော် ခုအချိန်ကစပြီး ပြုပြင်မယ်။ ဖြစ်မှုကြွေးကို ချွေးနဲ့ဆပ်ပြီးရင် ကျွန်တော် လူကောင်း ဖြစ်ရမယ်"ဟု သူပြောသည်။

ဘာကြောင့်မသိ။ ကျွန်တော် ပျော်ရွှင်သလို ခံစားလိုက်ရသည်။

ဖြစ်မှုမဂ္ဂဇင်း
နိုဝင်ဘာလ၊ ၂၀၀၀-ပြည့်နှစ်

* * *



www.burmeseclassic.com

www.burmeseclassic.com



# တဒင်္ဂ

"ရော့ ဆေးလိပ်သောက်"

သူ့ကို ကျွန်တော်မသိ။ ကျွန်တော်သိသည်က သူ ဆေးလိပ် သောက်ချင်နေမည်ဟူသော အသိဖြစ်သည်။ ထို့ကြောင့် ကျွန်တော် က ဆေးလိပ်တစ်လိပ်ပေးလိုက်ခြင်းဖြစ်သည်။ သူက ဝမ်းသာ အားရ အားတုံ့အားနာ ဆေးလိပ်ကို လှမ်းယူသည်။

"ကျေး...ကျေးဇူးပါပဲဗျာ"

"မလိုပါဘူးကွာ။ ကဲ .. ဒီမှာ မီးခြစ်"

သူ ဆေးလိပ် မီးညှိသည်။ ဆေးလိပ်ကို အငမ်းမရ ဖွာသည်။ ကျွန်တော် သူ့ကိုကြည့်၍ ကျေနပ်နေမိသည်။ ဒီလို ဆေးလိပ်ငတ်သူတွေကို ဒုါနပြုနိုင်ရန် ဆေးလိပ်ကို အလုံအလောက် ပို့ပေးသည့်ဖနီးကို ကျေးဇူးတင်မဆုံး။



www.burmeseclassic.com

www.burmeseclassic.com



ကျူသစ်တွေက ထောင်သို့ရောက်လျှင် ဆေးလိပ်ပြဿနာ ကြုံရစမြဲ။ တရားရုံးမှ အမိန့်ချလိုက်ပြီး ထောင်သို့ပို့လျှင် ချက်ချင်း ဆေးလိပ်များများ ယူလို့မရ။ မိန်းဂိတ်ကလည်း များများ ယူခွင့်မပြု။ ကန့်သတ်ဆေးလိပ်ဆို လုံးဝခွင့်မပြု။

ဆိုပါစို့၊ ကျူသစ်တစ်ဦးသည် ထောင်သို့ နှင်းဆီ၊ သဘာဝ စသည့်ဆေးလိပ်များယူလာလျှင် လုံးဝခွင့်မပြု။ မိန်းဂိတ်က အကုန် သိမ်းထားလိုက်သည်။

ဒီလို သိမ်းရသည်မှာလည်း အကြောင်းမဲ့ မဟုတ်။ ဒီလို ဆေးလိပ်တွေနှင့် အကြံအဖန်များ ထည့်လာသောကြောင့် ဖြစ်သည်။ အချို့ကလည်း ဆိုးသည်။

ထောင်ကျူသစ်တွေ လောလောဆယ် သောက်ဖို့ယူခွင့်ပြု သည်က ဂျိူးသိန်းရှယ်၊ ပလတ်စတစ်ပတ်၊ ပတ်ကင်ပျက်နေလျှင် လည်း ခွင့်မပြု။ ပြီးတော့ အများကြီးလည်း ယူလို့မရ။ အများ ဆုံး (၅)ဘီပ်ပဲ ယူခွင့်ပြုသည်။ ဒါကလည်း စာနာစိတ်နှင့် ခွင့်ပြုခြင်းပါ။

သို့သော် အဆောင်သို့ ငါးလိပ်မပါ။

မိန်းဈေးတွင် ရှာဖွေရေးဝင်ပြီး သိမ်းသည်။ ပြီးတော့ ဂိတ်ဝ က သိမ်းသည်။ အဆောင်သို့ပါသည်မှာ နှစ်လိပ် သို့မဟုတ် တစ်လိပ်။ တစ်ခါတစ်ရံ တစ်လိပ်မှ ယူလို့မရ။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ကျသစ်များ ဆေးလိပ်ပြသနာ ဝင်သည်။

ထောင်မှာက ဆေးလိပ်က တန်ဖိုးကြီးသည်။ ငွေဆိုလည်း မများ။

× × ×

ထောင်မှ ဆေးလိပ်ကြောင့် ခင်မင်သွားသူတွေ အများကြီး။ ပြောရလျှင် ကျွန်တော်နှင့် ကျော်မောင်တို့ ခင်မင်ကြသည်မှာလည်း ဆေးလိပ်ကြောင့် ဖြစ်သည်။ ကျော်မောင်က ကျွန်တော်၏ စာနာစိတ်ကို နားလည်ပြီး ကျွန်တော့်ကိစ္စများစွာကို သူလုပ်ပေးသည်။

အဝတ်လျှော်ပေးသည်။

ထမင်းခူးပေးသည်။

ထို့ကြောင့်လည်း ကျွန်တော်နှင့် ကျော်မောင်သည် အ[illegible]စားများလို စားအိုးကွဲများလို ဖြစ်ခဲ့သည်။ ကျော်မောင်က မှန်လည်း မှန်ရည်သည်။ အေးလည်း အေးဆေးသည်။ ဒီလိုလူက ဘာကြောင့် လူသတ်မှု ဖြစ်ခဲ့သနည်း။

ကျွန်တော် စဉ်းစားလို့မရ။

သို့သော် သူ့အကြောင်း သိရတော့ ကျွန်တော် ရင်နာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြစ်ကား…

× × ×

ကျော်မောင်တို့က ဆင်းဆင်းရဲရဲ မဟုတ်။ ချမ်းသာသူ မဟုတ်သော်လည်း မတောင့်မတ မကြောင့်မကြ နေနိုင်သည်။ ကျော်မောင့်ဖခင်က ဌာနကြီးတစ်ခုမှ ပင်စင်စား။ ပင်စင်မယူခင်က မန်နေဂျာအဆင့်ရှိသည်။ ဗိုလ်ချုပ်ဈေးမှာ အထည်ဆိုင်လည်း ရှိသည်။ အမေ ထိုင်သည်။

အဖေက ပင်စင်ယူပြီး ဘာသာရေးလုပ်နေသည်။ အဖေက အေးလည်း အေးသည်။ ပြောရလျှင် အမေကလည်း အဖေ့လိုပင်။ ကျော်မောင်တွင် ရှားရှားပါးပါး အစ်မတစ်ယောက် ရှိသည်။ ရိုးသားယဉ်ကျေးသည်။ အစ်မက ဖအေတူ၊ မအေတူသမီး။

ဒီထဲမှာ ထူးခြားသည်က ကျော်မောင်။ တစ်မိပေါက် တစ်ယောက်ထွန်းလို့ ပြောရမည်လားမသိ။

ကျော်မောင်က ဆိုးသည်။ အပေါင်းအသင်းများသည်။ တစ်ခါတစ်ရံ အရက်လည်း သောက်သည်။

ကျော်မောင့်အပေါင်းအသင်းတွေ အိမ်မှာ တရုံးရုံးနှင့်။

နေ့စဉ် အဖေက ရိပ်သာသို့ သွားသည်။ အမေက ဆိုင် ထွက်နေသဖြင့် အိမ်မှာ ကျော်မောင်တို့ မောင်နှမ နှစ်ယောက်ပဲ

www.burmeseclassic.com



ရှိသည်။ ကျော်မောင့်အပေါင်းအသင်းဒုက္ခကို အစ်မက ခံသည်။ ကျော်မောင့်အစ်မ 'မေသဉ္ဇာ'က မောင်ကိုချစ်သလို မောင်ဖြစ်သူ၏ သူငယ်ချင်းများကလည်း ခင်သည်။ ထို့ကြောင့် အနွံအတာခံသည်။ လိုက်လျောသည်။

ဒီမှာ တစ်ခုဖြတ်ပြောစရာရှိလာသည်။ ကျော်မောင့်သူငယ်ချင်း ဝေလွင်နှင့်ပတ်သက်၍ ဖြစ်သည်။ ဝေလွင်သည် ကျော်မောင်၏ အချစ်ဆုံး၊ အခင်ဆုံး သူငယ်ချင်းဖြစ်သည်။ ကျော်မောင်နှင့်လည်း စရိုက်ချင်းတူသည်။

ထို့ကြောင့် မေသဉ္ဇာက ဝေလွင်ကို မောင်၏အချစ်ဆုံးဖြစ်သဖြင့် မောင်ဖြစ်သူနှင့် ထပ်တူခင်မင်သည်။ ဝေလွင်အဖို့ ကျော်မောင့်အိမ်သည် စားအိမ်သောက်အိမ်လည်း ဖြစ်သည်။ ပြောရလျှင် တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်နိုင်သည့်အိမ်လည်း မည်သည်။ မေသဉ္ဇာနှင့်လည်း အနီးစပ်ဆုံး။

ထို့ကြောင့်လည်း သို့မဟုတ် ကြိုးချင်းထားကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်းထိ စကားပုံလိုလား မပြောကြပါ။ ဝေလွင်နှင့် မေသဉ္ဇာ ငြိသွားကြသည်။

ပြောရလျှင် ပြဿနာ ဒီက စသည်။

× × ×

ပိတ်ဆွေစာပေ

www.burmeseclassic.com



တစ်နေ့၊ မေသဥ္ဇာ မှန်တင်ခုံတွင်းမှ ဝေလွင့်စာကို ဖတ်ရသည်။ စာက ရိုးရိုးစာမဟုတ်။ ချိန်းဆိုသည့်စာ။ စာကို ဖတ်ရသောအခါ ကျော်မောင့်ရင်ထဲ ပူလောင်သွားသည်။ ယမ်းပုံ မီးကျ ဒေါသဖြစ်သွားသည်။

"မဖြစ်ရဘူး။ မမ သူနဲ့ မချစ်ရဘူး"

ကျော်မောင် တစ်ယောက်တည်း ပြောသည်။ ပြီးတော့ အခန်းထဲမှ ပြေးထွက်ပြီး "မမ..မမ"လို့ ခေါ်လိုက်သည်။ ကျော်မောင့်အလောတကြီး ခေါ်သံကြောင့် မေသဥ္ဇာ မီးဖိုတွင်းမှ ကသောကမျော ထွက်လာသည်။

"ဟဲ့ ..ဘာဖြစ်တာလဲ"

မေသဥ္ဇာက မေးသည်။

"မမနဲ့ ဝေလွင် ဘယ်အခြေအနေ ရောက်နေပြီလဲ။ ပြောစမ်း မမ ပြောလေ။ ပြီးတော့ မမ ဝေလွင့်အကြောင်း ဘယ်လောက်သိလဲ"

ကျော်မောင်က မေးလိုက်သည်။ သည်တော့ မေသဥ္ဇာ ကြောင်သွားသည်။ မောင်ကို မျက်လုံးအဝိုင်းသားလေးနှင့် ကြည့်သည်။

"ဖြည်းဖြည်းပြောပါ မောင်မောင်ရယ်။ ဒီကိစ္စ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စရာ မလိုပါဘူး။ ပြီးတော့ ဝေလွင်က မောင်မောင့်အချစ်ဆုံး သူငယ်ချင်းလေ"

မေသဥ္ဇာက ပြောသည်။ ကျော်မောင် မေသဥ္ဇာကို ဖျတ်ခနဲ ကြည့်လိုက်သည်။

"အခင်ဆုံးအကြောင်းသိ သူငယ်ချင်းမို့ ဖြစ်တာဗျ။ ဒီကောင် လူကောင်းမဟုတ်ဘူး။ ဒီကောင်က လူဆိုး။ မိန်းကလေးတွေကို ဖျက်ဆီးနေသူ၊ အို .. မမ ဒီကောင့်ကို မချစ်ရဘူး။ မချစ်ရဘူး"

မေသဥ္ဇာက ကျော်မောင့်ကို နားမလည်နိုင်စွာ ကြည့်သည်။ "မမတော့ နားမလည်တော့ဘူး"ဟု ပြောသည်။

"အို နားလည်စရာ မလိုဘူး။ အရေးကြီးတာက မမ သူ့ကို မချစ်ဖို့ဘဲ။ အဆက်ဖြတ်ဖို့ပဲ။ ဟုတ်တယ် ဒီကောင် ရုပ်တန်းက ရုပ်ဖို့ ကျွန်တော်ပြောမယ်။ မမ ဝေလင်ကို မချစ်ရဘူး။ မချစ်ရဘူး"

ကျော်မောင်ပြောရင်း အိမ်ထဲမှ ပြေးထွက်ခဲ့သည်။

× × ×

သူ့အကြောင်းကို နားထောင်ရင်း ကျွန်တော်စိတ်ဝင်စား သွားသည်။ ဘယ့်နှယ့် ကိုယ်အချစ်ဆုံး သူငယ်ချင်းနဲ့ ကိုယ့်အစ်မ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ၊ ကိုယ်တိုင် ကန့်ကွက်နေသဖြင့် နားမလည်နိုင်။ သူ့ကို ကြည့်ပြီး..

"နေပါဦး...မင်းသူငယ်ချင်းနဲ့ မင်းအစ်မကို ဘာဖြစ်လို့ မကြည်ဖြူရတာလဲ"

"အကြောင်းရှိတယ်အဘ"

"ဒါထက် မင်းအိမ်ကထွက်ပြီး ဘယ်သွားလဲ။ ဝေလွင် ဆီများ သွားတာလား။ တွေ့လား"

သူက "တွေ့တယ်လေ။ တွေ့တော့ ပြဿနာတက်တယ်" ဟု ပြောသည်။

"သူက ကျွန်တော့်ကို အရူးလို့ ပြောတယ်။ သူငယ်ချင်း တွေပဲကွာ ယောက်ဖတော်ရတော့ ပိုမကောင်းဘူးလား"တဲ့။

"မင်းက ဘာပြောလဲ"

"သဘောမတူဘူးလို့ ပြောလိုက်တယ်။ ဟုက်တယ် သူ့ကြောင့် ကျွန်တော့်အစ်မ ပန်းကောင်းအညွန့်ကျိုး အဖြစ်မခံ နိုင်ဘူးလို့ ပြောတော့ သူက မင်းဘာပြောပြော ငါက နောက် မဆုတ်နိုင်ဘူးတဲ့"

"မင်းတို့ ဒီမှာ ပြဿနာ တော်တော်တက်ခဲ့တယ် ဆို ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ သူက ကျွန်တော့်ကို မကျေနပ်သလို ကျွန်တော်ကလည်း မကျေနပ်ဘူး။ ဒါကြောင့် ပြဿနာ အထွတ်အထိပ် ဖြစ်ခဲ့တာ။ ရှင်းရှင်းပြောရရင် ကျွန်တော့်စိတ်ကို ကျွန်တော် မထိန်းနိုင်တော့ဘူး။ ဒါကြောင့် အသင့်ပါလာတဲ့ဓားနဲ့ သူ့ကို ထိုးလိုက်မိတယ်"

"သူ့အခြေအနေ ဘယ်လိုရှိလဲ"

"သေသွားတယ်လေ။ ကျွန်တော် ဒေါသဖြစ်ပြီး အချက်ပေါင်းများစွာ ထိုးခဲ့တာ"

သူပြောရင်း မျက်နှာညှိုးသွားသည်။ ကျွန်တော်သူ့ကို ကရုဏာသက်စွာ ကြည့်သည်။ ပြီးတော့ ကျွန်တော်က "ငါတော့ မင်းတို့အကြောင်း နားထောင်ရင်း ရှုပ်သွားပြီ။ အခင်ဆုံးသူငယ်ချင်း ဖြစ်ပြီး ဘာကြောင့် သဘောမတူရတာလဲ။ ဘာကြောင့် အကြိမ်ကြိမ်ကန့်ကွက်တာလဲ"ဟု မေးလိုက်သည်။

"အမှန်ကိုပြောရရင် ကျွန်တော်နဲ့ဝေလွင်ဟာ မကောင်းဘူးအဘ။ ကျွန်တော်တို့နှစ်ယောက် စိတ်တူကိုယ်တူ ဖျက်ဆီးခဲ့တဲ့ မိန်းကလေးတွေ အများကြီးပဲ။ အရက်နဲ့ အသက် လဲသွားသူတောင် ရှိတယ်။ ဝေလွင်က ကျွန်တော့်ထက် ပိုဆိုးတယ်။ ဒီလိုလူက ကျွန်တော့်အစ်မကို အတည်ကြံမလား။ အဲဒါက ရိုးသားတယ်။

www.burmeseclassic.com



အတွေ့အကြုံမရှိဘူး။ အဘစဉ်းစားကြည့်လေ၊ ကျွန်တော်လုပ်တာ မှားသလား''

ကျွန်တော်က ''မင်းတို့ လုပ်ခဲ့တာနဲ့ပတ်သက်လို့ကော ဘယ်လိုခံစားလဲ''ဟု မေးလိုက်သည်။

''အစကတော့ ဂုဏ်ယူတယ်။ အစ်မနဲ့ပတ်သက်လာတော့ ကျွန်တော် နောင်တရလာတယ်။ ကျွန်တော်လုပ်ခဲ့တာက မလုပ်သင့်တာတွေပဲ''

''မင်းက ကိုယ့်အသားဆိတ်ကြည့်မှ နာမှန်းသိတာပဲ''

''ဟုတ်တယ်အဘ။ အရင်က စာနာစိတ်ကင်းခဲ့ပေမယ့် မရိုးသားမှုရဲ့ဒဏ်ရာဒဏ်ချက် ကိုနိုစာလို့ မှတ်ယူတယ်။ ဝဋ်လည် တာလည်း ဖြစ်ရင်ဖြစ်မယ်''

''သိပ်မှန်တာပေါ့ကွယ်။ ကာလဝိပါက်နောက်ပိုးတက်တဲ့။ အားလုံးရဲ့ဒဏ် ခံရတာပဲ''

''ကျွန်တော်ခံမယ်အဘ။ အပြစ်ကြွေးကို ချွေးနဲ့ဆပ်မယ်။ နောက်ပိုင်းမှာတော့ စာနာစိတ်နဲ့ ယောကျ်ားကောင်းဖြစ်ရမယ် အဘ''

ကျွန်တော် ပြုံးလိုက်မိသည်။ ''ငါ ဂုဏ်ယူတယ် ကျော်မောင်။ ယောကျ်ားကောင်းဆိုတာ အမှားသိရင် အမှန်ပြင် ရမယ်။ ဒါ ယောကျ်ားစိတ်ပဲ''ဟု ပြောလိုက်သည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com


သူက "ကျွန်တော် သဘောပေါက်ပါပြီအဘ။ နောက်နောင် ကျွန်တော့်ပျော်ရွှင်သာယာမှုအတွက် သူတစ်ပါးသောက မဖြစ်စေရဘူးလို့ ကျွန်တော် ကတိပြုနိုင်ပါပြီ"ဟု ပြောရာ ကျွန်တော်က "သာဓု...သာဓု...သာဓု"ဟု သုံးကြိမ် ဆိုလိုက်မိသည်။

မှုခင်းရောင်စုံ

၁၉၉၉-ခုနှစ်၊ ဧပြီလ

* * *

မိတ်ဆွေစာပေ



www.burmeseclassic.com

www.burmeseclassic.com



# ကံအကြောင်းတရားလား

(၁)

ဦးမြင့်တင် အသက်က '၆၀' ဝန်းကျင်။

ဦးမြင့်တင်က အသားညို၏။ မျက်နှာမှာ ကျောက်ပေါက်မာ စပ်စပ်ရှိသည်။ ပိန်သည်။ ပြီးတော့ ဦးမြင့်တင်သည် ကျန်းမာရေးလည်း ကောင်းပုံမရ။ ကြည့် ‥ မိုးကလေး နည်းနည်းမိလားသည်ဆို ဦးမြင့်တင် ချောင်းဆိုးလို့။

မိုးက မဆိုသလောက်မိုး။ တစ်နေ့လုံး နေပူပြေပြီး ညနေ (၅)နာရီလောက်မှ ဖြုန်းခိုင်းရွာချခြင်း ဖြစ်သည်။ မိုးရွာတော့ ကျွန်တော်တို့အဖွဲ့ စိတ်မကောင်း။

ကျွန်တော်တို့အဖွဲ့ဆိုတာက မိန်းမ ကအဖွဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့ ကျွန်တော်တို့အဆောင်ရဲ့ ကျသစ်ဝင်မည့်နေ့။ ဒီလို နေ့မျိုးဆို အခန်းလူကြီး 'ဦးပေါစိန်'၊ ပုံစံပြ 'ကိုဝင်း'တို့နှင့် အခန်းသားတွေအားလုံး ကျသစ်အဝင်နည်းပါစေ၊ မိုးမရွာပါစေနှင့်လို့ ဆုတောင်းနေကျ။ ဒါက စေတနာပင်။

ကျသစ်မှန်သမျှ အနည်းနှင့်အများ ဒုက္ခရှိသည်။ ပြည့်စုံတယ် မရှိကြ။ လိုအပ်ချက်နှင့် နပန်းလုံးလာရသူများ။ ထောင်မင်းသားတွေကတော့ တစ်ဘာသာပေါ့။ ထားတော့။ သူတို့က နည်းသည်။

ကျသစ်အတော်များများက ထောင်ဇယားမရှိသူများ မသိသူများ။ အဝတ်အထည် ကိုယ်တစ်ခုသမားချည်းလိုလို။ မိုးများရွာလျှင်အစို ...။

ညနေပိုင်း ကျသစ်ဝင်ချိန်မှ မိုးရွာတော့ အခန်းလူကြီး ဦးပေါစိန် မျက်နှာညှိုးသွားသည်။ အိုသွားသည်။ ''မိုးကတော့ ဒုက္ခပေးပြန်ပြီ'' လို့ ညည်းသည်။

''မိုးကိုတားလို့မှ မရဘဲ အဘရယ်''

ကိုဝင်းကပြောသည်။ ''မိုးရယ် တိတ်လိုက်စမ်းပါ'' အခန်းလူကြီးက ဆုတောင်းသည်။ ညနေ '၆'နာရီ၊ အခြားအခန်းတွေ ပိတ်ပြီ။ ပုံစံခန်းမပိတ်သေး။

× × ×

မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



## (၂)

"ကျသစ်ဝင်လာပြီ"

ဘာရာထွန်းတင်က ပြောသည်။ အခန်းလူကြီး အခန်းစာရေးနှင့် ကျွန်တော်တို့ ကျသစ်နေရာချရန် အသင့်။

"ကျသစ်တွေ အခန်းဝမှာ ရပ်မယ်၊ တန်းစီမယ်"

ပုံစံပြ ကိုဝင်းက ပြောသည်။ ကျွန်တော်က နှစ်ယောက်တစ်တွဲတန်းစီဝင်လာသော ကျသစ်များကို စိတ်မှန်းနှင့် ရေတွက်သည်။ တော်သေးရဲ့ လူမများ။ နှစ်ဆယ့်လေးယောက်ထဲ။ အားလုံးအခန်းထဲကို မဝင်ရသေး။ အခန်းဝမှာ တန်းစီကြသည်။ သူတို့မျက်နှာကို အကဲခပ်ကြည့်၏။ ထောင်ဂျပိုးရုပ် မတွေ့ရ။

"အဝတ်ရေစိုလာရင် ရေညှစ်မယ်။ ရေစက်စက်နှင့် အခန်းထဲ မဝင်ရဘူး။ ပြီးတော့ ကိုယ့်ဖိနပ်ကိုယ်ကိုင်ပြီး၊ မီးလွှာဘေးက ကြေညာဆိုင်းဘုတ်ကို မျက်နှာမူပြီး ငါးယောက်တွဲ တန်းစီမယ် ကြားလား"

"ကြားပါတယ်"

ထို့နောက် ရေစိုသူတွေ ရေညှစ်သည်။ ပြီး ဖိနပ်ကလေးများကိုင်ပြီး အခန်းထဲသို့ နှစ်ယောက်တစ်တွဲဝင်သည်။ "ဖိနပ်တွေကို စီချထားမယ်"အခန်းစာရေးက ပြောသည်။ ငါးယောက် တစ်တွဲ ထိုင်သည်။

www.burmeseclassic.com



သည်မှာ ထူးခြားသူတစ်ယောက်။ သူက ဦးမြင့်တင်၊ သူ မိုးစိုထားပုံရ၏။ သို့သော် ရွဲရွဲနစ်နစ် မဟုတ်။ ခက်သည်က သူ ချောင်းတဟွတ်ဟွတ် ဆိုးနေ၏။ ကျွန်တော်က အခန်းလူကြီးနှင့် ရပ်နေရင်း ''အဖိုးကြီးကျန်းမာပုံမရဘူး''ဟု ပြောလိုက်သည်။

''အဖိုးကြီး ဒီကို ထွက်လာ''

အခန်းလူကြီးက ပြောလိုက်လျှင် သူရိုကျိုးစွာ ထွက်လာသည်။ ကျွန်တော်အကဲခတ်ကြည့်လိုက်၏။ ဇရာ၏ အရိပ်အငွေ့များက သူ့မျက်နှာပေါ်တွင် ယှက်ပြေးနေသည်။ စိုးရွံ့နေပုံလည်းရ၏။

''အဖိုးကြီး ချမ်းနေလား''

''ဟုတ် .. ဟုတ်ကဲ့''

''အဝတ်ပိုမပါဘူးလား''

''မ..မပါပါဘူး''

ကျွန်တော်က အခန်းလူကြီးကိုပြောကာ ပုဆိုးဟောင်းတစ်ထည်နှင့် စွပ်ကျယ်တစ်ထည်ပေးပြီး ''အဝတ်အစားလဲထားလိုက်ပါ''ဟု ပြောရသည်။ ''ကျေး ... ကျေးဇူးပါပဲမောင်ရှ ရယ်''ဟု အဖိုးကြီးက ပြောသည်။

''နာမည် ဘယ်လိုလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မြင့်တင်ပါ"

"အပြင်မှာ ဘာလုပ်သလဲ"

"ဒရိုင်ဘာပါ၊ လိုင်းကားမောင်းပါတယ်"

ကျွန်တော်က ဆက်မေးလျှင် ဦးမြင့်တင်က လိုင်းကားနံပါတ်ကို ပြောပြသည်။

"ဘာအမှုလဲ"

"အလောင်းဖျောက်မှုပါ"

ကျွန်တော် အံ့ဩသွားသည်။ "နေပါဦး" ဘယ်လို အလောင်းဖျောက်တာလဲ၊ ဘာကြောင့် အလောင်းဖျောက်ရတာလဲ၊ သတ်တဲ့သူက ဘယ်သူလဲ"ဟု မေးလိုက်လျှင် ဦးမြင့်တင်က မျက်နှာငယ်ကလေးနှင့် ကျွန်တော့်ကိုကြည့်ကာ

"ဘဘ ဒီအလုပ်ကို မလုပ်ခဲ့ပါဘူး"

"ဒါဆို အဘာမတရားခံရတာပါလို့ ပြောတာလား"

"ဒီလိုလည်း မဟုတ်ပါဘူး၊ အဘ ဒီဖြစ်မှုကို မကျူးလွန်ဘူးဆိုတာ အဘနဲ့ ကိုယ်စောင့်နတ်အသိဆုံးပါ"

သူက ပြောသည်။ ဦးမြင့်တင်၏ စကားကို နားထောင်ရင်း ကွာဟချက်တစ်ခုရှိပြီဟု သိလိုက်သည်။ ကျွန်တော်က စထောင်ကိုရောက်ခိုက် ထောင်ထဲရောက်သူများ၏ ဘဝကို လေ့လာနေသူဖြစ်သဖြင့် စိတ်ဝင်စားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဘအဖြစ်ကို ပြောပြနိုင်မလား"

ကျွန်တော်က မေးလိုက်သည်။

"ပြောပြနိုင်တာပေါ့ကွယ်၊ အဘကလည်း အဘရဲ့ အဖြစ်မှန်ကို သိစေချင်တာပါ"

"ကောင်းပြီလေ၊ အိပ်ယာဝင်တော့ပြောပြ"

သူက "ဟုတ်...ဟုတ်ကဲ့"ဟု ပြောသည်။

× × ×

(၃)

ဦးမြင့်တင်ပုံစံမထိုင်ရ။ ပုံစံပြပြီး အိပ်ယာချတော့ ဘုရားခန်းအနီးတွင် ဦးမြင့်တင်ကို နေရာချပေးသည်။ ကျွန်တော်နှင့်ခေါင်းချင်းဆိုင်။ ဆေးလိပ်တိုက်သော်လည်း သူမသောက်။ သူ့ကိုဆေးတိုက်ပြီး သူ့အကြောင်းကို ပြောခိုင်းရာ ...

"တကယ်တော့ ဒီနေ့က ကံမကောင်းတဲ့နေ့ပဲပေါ့ကွယ်၊ နောက်ဆုံးခေါက်မှာ ကားပျက်တယ်။ အဘနဲ့ စပါယ်ယာတို့ ကားပြင်တယ်။ ကားပြင်ပြီးတော့ ညဆယ့်တစ်နာရီ ကျော်နေပြီလေ။ အဘတို့ အိမ်ကို ပြန်ခဲ့ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဤသို့ နိဒါန်းဆင်သည်။ ကျွန်တော် သူ့စကားကို နားထောင်ရင်း သူ့ဖြစ်စဉ်များ မျက်စိထဲ စွဲထင်လာသည်။ ရုပ်ရှင် တစ်ကားကြည့်ရသလိုရယ်ပါ။

သည်ညက လမိုက်ည။

ကောင်းကင်မှာ ကြယ်များရှိသည်။ လရောင်မရှိသဖြင့် တစ်လောကလုံး မှောင်နေသည်။ တကျိုကျိုနှင့် အော်သံကြားရသည်။ ငှက်အော်သံလား။ ပိုးကောင်များ အော်သံလား။ အချိန်ကလည်း တရွေ့ရွေ့ ကုန်လာသည်။ စက်ရှိန်မြှင့်လိုက်သည်။

မကြာမီ ကွေ့တစ်ကွေ့ကို အလွန်။ ကားရှေ့မီးရောင်အောက်တွင် သဏ္ဍာန်တစ်ခုကို မြင်လိုက်ရသည်။ လူနှစ်ယောက်၊ တစ်ဦးလက်တွင်းဝယ် ဓားရှည်တစ်ချောင်းပါပြီး တစ်ဦးလက်ထဲမှာ သေနတ်လိုလို အရာဝတ္ထုတစ်ခု။ မသဲကွဲ။

ဦးမြင့်တင်သိလိုက်သည်က ကားရပ်ခိုင်းခြင်းပင်။ ဦးမြင့်သောင် ရပ်သင့် မရပ်သင့် စဉ်းစားလိုက်သည်။ တစ်ယောက်လက်ထဲမှာ သေနတ်ပါလျှင် မလွယ်။ ကားလည်းစိတ်မချရ။ ပိုဆိုးသည်က ပစ်လား ခတ်လားလုပ်လျှင်။

••ကျွီ••

www.burmeseclassic.com



ဦးမြင့်တင် ကားရပ်လိုက်သည်။ ကားရပ်လိုက်လျှင် လူတစ်ယောက်ပြေးလာသည်။ ဟုတ်ပါ့၊ လက်ထဲမှာ ခြောက်လုံးပြူး သေနတ်နှင့်။

သူက "ကျုပ် ရှည်ရှည်ဝေးဝေး စကားမပြောချင်ဘူး၊ ကျုပ်ခိုင်းသလိုလုပ်၊ မလုပ်ရင်တော့ ကျုပ်ညာမှာ မဟုတ်ဘူး" ဟု ပြောသည်။ ဦးမြင့်တင်နှင့် စပါယ်ယာမလှုပ်ရဲ။ လူမိုက်လက်ထဲက သေနတ်က အန္တရာယ်ကြီးသည်။

ထိုစဉ် ခြောက်လုံးပြူးကိုင်သူက အချက်ပြလိုက်ရာ လူနှစ်ယောက် ဝါးနှင့်လုပ်ထားသည့် ကပ်တစ်ခုကို သယ်မပြီး တစ်ဦးက ဘေးကရံလာ၏။ ထမ်းစင်လိုလို ကပ်ပေါ်တွင် လူတစ်ယောက်ပါလာပုံရ၏။ တစ်ကိုယ်လုံး စောင်အုပ်ထားသည်။ ကားပေါ်ရောက်လျှင် သေနတ်နှင့်လူက ..

"မောင်း .. ဘယ်သူတားတား မရပ်နဲ့နော်။ ရပ်ရင်တော့ ခင်ဗျားအသေပဲ"

သူက ဦးမြင့်တင်၏ အနားရောက်နေပြီ။

"အဖိုးကြီး...ကြားလား"

"ဟုတ်"

"ဒါဖြင့် မောင်း"



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းထွက်ခဲ့သည်။ သေနတ်နှင့်လူက "ငါတို့ရပ်ခိုင်းမှရပ်"ဟု ပြောသည်။ ဦးမြင့်တင် မလှုပ်ရဲ။

× × ×

(၄)

ကျွန်တော် စိတ်ဝင်စားသဖြင့် ဦးမြင့်တင်ကို ကြည့်လိုက်သည်။ "ဦးမြင့်တင် ဒီလူကို မမှတ်မိဖူးလား။ ကပ်နဲ့မ,လာသူကကော လူလား။ သေ မသေ သိလား"ဟု မေးလိုက်သည်။

ဦးမြင့်တင်က "သေနတ်နဲ့လူကိုတော့ မကြည့်ရဲဘူးလေ။ ကပ်နဲ့သယ်လာသူကိုတော့ ကြည့်လိုက်မိတယ်။ လူပဲ အသက်ရှိပုံမရဘူး"ဟု ပြောသည်။

"ဘယ်ထိ လိုက်ပို့ရလဲ"

ခေတ္တစဉ်းစားပြီး "ရာဘာတော အလယ်မှာ ကားရပ်ရတာ ဒီတော့ သူတို့ ဆင်းသွားတယ်လေ"ဟု ပြောသည်။

"ဒီကိစ္စကို ခင်ဗျားက သက်ဆိုင်ရာကို သတင်းမပို့ဘူးလား"

"မပို့ဖြစ်ဘူး၊ ပို့လည်း ပို့ဖို့ မလွယ်ဘူးလေ။ သူတို့က ဆင်းခါနီး ဒီကိစ္စကို ဘယ်သူမှ မပြောရဘူး၊ ပြောရင် အားလုံးကို သတ်ပစ်မယ်လို့ ပြောတယ်"

ဗိုလ်ချုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူက ခင်ဗျားကို သိလို့လား"

"မပြောတတ်ဘူးလေ။ လူမိုက်ဆိုတာ ချိုမှမပါတာ"

ကျွန်တော်က "ဒါနဲ့ အခုပြဿနာဖြစ်တာက"ဟု မေးလိုက်လျှင် သူက "ပြဿနာဖြစ်တာက ပြောရခက်တယ်။ ဒီကိစ္စက လေးလလောက်ကြာပြီးမှ ဒီအချိန်မှာ ကျွန်တော့်ကို လာဖမ်းတာ"ဟု ပြောသည်။

ကျွန်တော်က ပြုံးလိုက်သည်။ ယခုမှ သဘောပေါက်သွားသည်။ "ကျွန်တော်သိပြီ။ ဒီကိစ္စကို ရဲတပ်ဖွဲ့က လိုက်လို့ အမှုပေါ်သွားတော့ ဒီကိစ္စမှာ အဘမပါပေမယ့် ဒီကိစ္စကို အဘ သိပြီး အဘက သက်ဆိုင်ရာကို အကြောင်းမကြား သတင်းမပို့ဘူး။ ဒါဟာ ထိန်ချန်တာပဲ။ အားပေးကူညီတယ်လို့လည်း ဆိုလို့ရတယ်။ အားပေးကူညီတာ အလိုတူသလိုပါပဲ"

ဦးမြင့်တင် ပြုံးလိုက်သည်။ နွမ်းနွယ်သောအပြုံးဟု သိလိုက်သည်။ သူက ..

"သဘောပေါက်ပါပြီ။ တကယ်တော့ ဒီကိစ္စကို ကျွန်တော် မထိန်ချန်သင့်ဘူး။ ဖြစ်ဖြစ်ချင်း သက်ဆိုင်ရာကို သတင်းပို့လိုက်ရင် အမှုမှန်အမြန်ဆုံးပေါ်မယ်။ ဒါဟာ ကျွန်တော့်အပြစ်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ''ကံအကြောင်းတရားပေါ့ အဘရယ်''ဟု ပြောလိုက်သည်။ ထိုအခါ ဦးမြင့်တင်က ''မှန်တာပေါ့ဗျာ။ ခုတော့ ကျွန်တော့်ရဲ့ ပေါ့ဆမှု တာဝန်မကျေမှုကြောင့် ဖြစ်ရတာမှန်း သိပါပြီ။ ကံကြွေးကို ကျွန်တော်ပေးဆပ်ရတော့မှာပေါ့လေ'' ဟု ပြောသည်။

ထိုစဉ် ''အိပ်ချိန်''ဟု အော်သံကြားပါသည်။

ထောင်မှာက ''အိပ်ချိန်''ဆို အိပ်ရသည်။ ဒါစည်းကမ်းပဲ။ ''အားလုံး ခေါင်းချ''ဟု အခန်းလူကြီးက အော်ပြောသည်။ ည (၉)နာရီက အိပ်ချိန်၊ ထောင်တစ်ခုလုံး မီးကိုရေနှင့်သတ်လိုက်သလို ငြိမ်သက်သွားလေပြီ။

''ကျွန်တော် သက်ပြင်းချလိုက်သည်''။ ။

မှူးစင်းရောင်စုံ

နိဝင်ဘာလ၊ ၂၀၀၀-ပြည့်နှစ်

* * *

www.burmeseclassic.com

www.burmeseclassic.com



## လူ၏အသက်သည် မိုးကောင်းကင်နှင့် ဆိုင်၏။

"ဆရာ ကြားပြီးပြီလား"

မောင်သြဘာ၏ အသံ။ ညဆို ကျွန်တော်တို့ "လွှမ်းမိုးအောင်ကဖီး" မှာ ဆုံနေကျ။ ကျွန်တော်၊ ပန်းချီညီညီ၊ သြဘာ၊ သူရဲကောင်းသုံးယောက်။ (ကျွန်တော့်ဇနီးကလည်း ပါရမီဖြည့်ဖက် ပီပီ ကျွန်တော့်အရိပ်လို အမြဲပါသည်။ သြဘာက စပ်စုသည်။ လှိုင်သာယာကျေးလက် (မြို့ဟု ခေါ်သော်လည်း ကျေးလက် အငွေ့အသက်အပြည့်ရှိသဖြင့် ကျွန်တော်တို့က ကျေးလက်လို ခံစားသည်။) တွင် ဖြစ်သမျှ သူသိသည်။ မြို့ထဲမှ ပြန်လာသည့် ကျွန်တော်တို့ကို သတင်းမေးစမြဲ။

စိတ်ကူးချိုချို စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ့ကို ကျွန်တော်တို့က ''သတင်းထောက်ညဘာ''ဟု အမည်ပေးထားသည်။

တန်တော့ .. ဒီကနေ့လည်း သတင်းထူးလောက်ပြီ။

''ဘာဖြစ်လို့လဲကွ''

''မိထွေးက သံတုတ်နဲ့ ဆုံးမတာ။ လက်လွန်သွားတဲ့ ကလေးကိစ္စလေ။ အသုဘချမှ လမ်းကဖြတ်ပြီး ဖမ်းလိုက်တာ။ အခု ပြန်စစ်ပြီလေ''

''ဟ..ရာဇဝတ်မှုပဲ၊ ဒါကို ကြိုမသိဘူးလား''

''ရာဇဝတ်မှုက ခုမှဖြစ်တာ။ စောစောက ရပ်ကွက်ထဲမှာ ရိုးရိုးသေတာလေ။ ဘေးက အမြင်မတော်သူတစ်ဦးက ရဲကို အကြောင်းကြားမှ ဖမ်းရတာ''

''ဒါဆို ကလေးအတွက် သေစာရင်းမိတ္တူ ပို့ပြီးလောက်ပြီပေါ့။ အသုဘချပြီဆိုတော့ သင်္ချိုင်းကို သေစာရင်းမိတ္တူပို့ပြီးလောက်ပြီ။ ဘယ်လိုသေစာရင်းမိတ္တူထုတ်လဲ။ အမြင်မတော်သူ၊ တာဝန်သိသူကသာ သတင်းမပို့ရင် ဒီအမှုဘယ်ပေါ်မလဲ။ ကလေး က မသေသင့်ပဲ သေရပြီး ရာဇဝတ်မှု ကျူးလွန်သူလည်း အပြစ်က လွတ်နေမှာ။ ခုတော်သေးတာပေါ့''

ညဘာက ပြုံးပြီး ..

မိတ်ဆွေစာပေ

www.burmeseclassic.com



"ဘာဆန်းသလဲ ဆရာရဲ့။ မှုခင်းသတင်းမှာ မဖတ်လိုက်ရဘူးလား။ ယောက္ခမကို သားမက်ကသတ်ပြီး ရောဂါနဲ့သေတာလို့ အားလုံးကို သတင်းလွှင့်ပြီး မြေမြှုပ်သင်္ဂြိုဟ်လိုက်တာ"

"နောက်မှ သတင်းရပြီး ရဲကအလောင်းဖော်ပြီး စစ်ရတယ်၊ အမှုလည်း ပေါ်တယ်လေ"

ဟု ပြောသည်။

"ဟ .. ကြောက်စရာပါလား"

ပြည်သူ့တရားရှင် "ပေါင်ချိန်ထန်"ရဲ့စကားနဲ့ ပြောရရင် "လူ့အသက်ဟာ မိုးကောင်းကင်နဲ့ ဆိုင်တယ်ကွ" မြန်မာလို ပြောရရင်လည်း လူ့ဘဝဆိုတာ ရဖို့ခဲယဉ်းတယ်။ ဒီလို လွယ်လွယ်မဖြစ်သင့်ဘူး။ ဒီလို မဖြစ်အောင်လည်း ဖွားသေစာရင်းလုပ်ပြီး ချုပ်ကိုင်ထားတာပဲ။ လူတစ်ယောက်သေတာ ဒီလို လွယ်လွယ်ကူကူ မဖြစ်သင့်ဘူး"

ဘာကြောင့်မသိ။ ရင်မောသွားသည်။ မဟုတ်သေးဘူး။ ဒီလိုမဖြစ်သင့်ဘူးလေ။ မတိကျ မမှန်ကန်မှုနဲ့အတူ ဆုံးရှုံးမှုတွေ ရှိနေသည်လေ။

× × ×

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



(နှစ်)

ပြောမပြောချင်တော့။ ဖွန်လကုန်ခါနီး ''ရွှေရင်အေး ဘုရား''နားက ရပ်ကွက်မှာ မျက်ရည်များကြားမှ အပြုံးပွင့်များ ရွှမ်းတင့်သွားသည့်အဖြစ်တစ်ခု ဖြစ်ပါသေးသည်။ သေရွာပြန် ကလေးတစ်ဦးနှင့် ပတ်သက်သည်။ မှတ်မှတ်ရရ ဒီမိသားစုက ကျွန်တော်တို့ (၁၁)ရပ်ကွက်ထဲက ပြောင်းသွားတာ မကြာလှ သေး။ ရိုးသားအေးဆေးသည့် မိသားစုတွေ။

တစ်နေ့ ညီညီက ပြောသည်။ သူစိတ်မကောင်းနေသည့်ပုံ။

''အစ်ကို မှတ်မိလား။ ကျွန်တော်တို့အိမ် မျက်စောင်း ထိုးက ပြောင်းသွားတဲ့ ဒေါ်နွယ်ရဲ့သမီး 'ချောစု'ကလေး တုပ်ကွေးဖြစ်ပြီး ဆုံးသွားလို့တဲ့ အစ်ကို။ သုံးရက်ထားပြီး သင်္ဂြိုဟ်မှာ''

''ဟုတ်လား...ကလေးမလေးက ချစ်စရာကလေး ရယ်ပါ''

ကျွန်တော်က ပြောလိုက်သည်။ ဟုတ်သည်၊ မှတ်မိ သေး၏။ ဒီကလေးက ချစ်စရာကောင်းသည်။ မျက်စိထဲ မြင်နေသည်။ သည်ကလေးက သွက်လက်ချက်ချာလွန်းသည်။ လိမ္မာသည်။



www.burmeseclassic.com

www.burmeseclassic.com


"ချောစုက မငယ်တော့ဘူးနော်"

"ဟုတ်တယ်လေ ဒေစ်ကိုရဲ့ (၉)နှစ်ပဲ"

"ဒါထက် အသုဘက ဘယ်နေ့ချမှာလဲ"

"မနက်ဖြန်"

အားလျှင် လိုက်ပို့ရမည်။ "မသာတစ်ခေါက် ကျောင်းဆယ်ခေါက်"တဲ့။ ကုသိုလ်ရသည်လေ။ သို့သော် ကျွန်တော် လိုက်မပို့ဖြစ်ပါ။ လိုက်ပို့စရာလည်း မလိုတော့ပါ။ အဘယ့်ကြောင့်ဆိုသော် ချောစုက ကံကြီးသည်ဟု ပြောရမည်။ အသုဘပို့ရန် လူတွေရောက်လာခိုက် သေရာမှ နိုးထလာသည်။ သေရွာပြန်ချောစု။ မိဘတွေ၊ အဘိုးအဘွားတွေ ဝမ်းသာသွားသည်။ မျက်ရည်များကြားမှ အပြုံးတို့ ရွှမ်းတင့်နေပြီ။ ပျော်နေကြသည်။

သို့သော် "မဆီမဆိုင်၊ လက်ပံသား ဓားနဲ့ချိုင်"လို့ ပြောလျှင်ပြော ကျွန်တော် ရင်ခုန်နေမိသည်။ ဘုရား၊ ဘုရား ကံကြီးပါပေ့ ချောစုရယ်။ နာရီအနည်းငယ် စောလို့ပေါ့။ နို့မို့ဆို "ထိန်ပင်မီးစက်"ထဲမှာ မင်းသေကို သေရမှာအမှန်ပေါ့"

အသုဘချသည့်နေ့တွင် သင်္ဂြိုဟ်ခွင့်ရရန် သေစာရင်းလည်း ပို့ပြီးရောပေါ့။ သေစာရင်း မရှိရင် သေလို့မရဘူး။ သေစာရင်း·· သေစာရင်း··သေစာရင်း ထုတ်ရတာ လွယ်လို့လား။ လူ့ဘဝ

မိတ်ဆွေစာပေ
www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ရခဲတာပဲ။ လူ့အသက်ဟာ မိုးကောင်းကင်နဲ့ ဆိုင်တယ်လေ။ တကယ်သေ မသေ ဘယ်သူစစ်သလဲ။ သေပြီလို့ ဘယ်လို သတ်မှတ်လဲ။ ဘယ်သူ သတ်မှတ်ပေးလဲ။ လူတစ်ယောက် သေတာ ကြက်ကလေး၊ ငှက်ကလေး သေတာနဲ့ မတူဘူးလေ။

ဩဘာပြောတဲ့ စကားပြန်ကြားတော့ ကျောချမ်းသွားသည်။

ဒီလိုနဲ့ မသေသင့်ဘဲ သေရသူတွေ ရှိခဲ့သလား။ ရှိရင် ဘယ်လောက်များပြီလဲ။ ဒါဟာ တိုင်းပြည်ရဲ့ အင်အားတွေလေ၊ ဆုံးရှုံးမှုတွေလေ။

ကျွန်တော့်ရင်မှာ မတင်မကျနှင့် ဆေးပညာရှင်တစ်ဦးကို အကျိုးအကြောင်းပြောကာ မေးကြည့်မိသည်။ သူပြောပြတော့ ပိုပြီးရင်ခုန်ရသည်။

"ဒါဆို မြောသွားတာ ဖြစ်မယ်ဗျာ။ နှလုံးခုန်ရပ်သွားမှ လူသေတာ။ ဒီလို သုံးရက်အကြာမှာ ပြန်ရှင်တယ်ဆိုတော့ မြောတာ။ မြောသွားသူဟာ သေသူနဲ့ မတူဘူး။ နှလုံးခုန်နေသေးတယ်။ ဒါပေမယ့် နှလုံးခုန်နှုန်းဟာ ပုံမှန်မရှိဘူး၊ သေတယ်၊ ဒါထားပါ။ ဒီကလေးကို သေပြီလို့ ဘယ်သူသတ်မှတ်လဲ။ သေစာရင်းသွားပို့ရင် သေတာဟုတ်,မဟုတ်။ ရှိရှိ သေတာလား၊ မရှိးမသား

www.burmeseclassic.com



သေတာလား၊ စစ်ဆေးရမယ်။ ပြီးမှ တိကျမှ သေစာရင်းထုတ်ပေးရမှာ။ လူ့အသက်ဟာ အရေးကြီးတယ်လေ။ တာဝန်ရှိသူက လွယ်လွယ်ကူကူ မဆုံးဖြတ်သင့်ဘူး''

ဗုဒ္ဓေါ၊ ဘယ်သူက သတ်မှတ်လဲ။ ယခုတော့ သတ်မှတ်ချက်တွေက လွယ်ကူလွန်းလှသည်။ သူက ပြောသည်။

''တချို့နေရာတွေမှာတော့ ဆေးခန်းက ဆရာဝန်တွေဟာ သတ်မှတ်ပေးတယ်။ ဒါမှမဟုတ် သက်ဆိုင်ရာ ထောက်ခံချက်ပေါ့။ ဒါပေမယ့် ဒါလည်း တကယ်ပြောရရင် တာဝန်ကြီးတယ်။ ဒီလောက်နဲ့ မလုံလောက်ဘူးတဲ့''

မည်သို့ဆိုစေ။ သေပြီဟု သတ်မှတ်ပြီးမှ ပြန်ရှင်သည်ဆိုတော့ ဝမ်းသာစရာပင်။ သို့သော် အရှည်တွေးလိုက်တော့ ကျောချမ်းသွားသည်။ ဘုရား..ဘုရား..သေခြင်း ရှင်ခြင်းက မဆန်းပြားသော်လည်း သေခြင်း မသေခြင်းကို ဆုံးဖြတ်ပုံကမူ ပေါ့လျော့ ဆန်းပြားနေ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## (သုံး)

ပြောပြန်လျှင်လည်း "အောင်မြတ်ဦး"လွန်သည်ဟု ဆိုဦးမည်။

ခက်တော့လည်း ခက်သည်ပင်။ တချို့က တန်ဖိုးကြီးသည့် လူ့အသက်ကို ကြက်၊ ငှက်၊ တိရစ္ဆာန်အသက်လို သဘောထားသလားမသိ။ လူ့အသက်ဟာ မိုးကောင်းကင်နဲ့ဆိုင်တယ်ဆိုတာ မသိကြဘူးလား။ ပေါင်ချိန်ထန်ကလည်း အမြဲသတိပေးနေသည် လေ။ လူ့အသက်အကြောင်းပြောရင်း စာနယ်ဇင်းသမားပီပီ ပြောစရာတစ်ခုကို ပြောချင်ပြန်သည်။

ကြိုပို့ကားတွေ မှောက်တဲ့ကိစ္စ။ တိုက်ကြ မှောက်ကြတဲ့ ကိစ္စ။

ကျွန်တော်တို့မြို့မှာ မကြာလှသည့် လပိုင်းအတွင်း မှတ်မှတ်ရရသုံးကြိမ် ဖြစ်သည်။ ပြောမပြောချင်တော့။ ဖြစ်ပြီးရောလို ကြိုပို့ကား။ အထည်ချုပ်စက်ရုံက ကြိုပို့ကားတွေ။ သုံးကြိမ်ဖြစ်တာ သေသူ လက်ဆယ်ချောင်းနီးနီး မဆုံးရှုံးသင့်ပဲ ဆုံးရှုံးရခြင်း ဖြစ်သည်။

ဘာကြောင့် ဒီလိုဖြစ်ရသည်လဲ စုံစမ်းလိုက်တော့ "လောဘ" အခြေခံဟု သိသည်။ ကျွန်တော်တို့ဆီက အထည်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



စက်ရုံတွေမှာ ကြိုပို့လုပ်တဲ့ ကားတွေက လိုင်းကားတွေ များသည်။ ဖြစ်လိုက်ပြီဆိုမှဖြင့် မနက်ပိုင်းပဲ ဖြစ်ရသည်။ အကြောင်းရင်းခံကို စူးစမ်းလိုက်တော့ ဒီကြိုပို့လုပ်တဲ့ကားတွေက ကြိုပို့ကို တစ်ကြောင်းထဲ လုပ်ကြသည်မဟုတ်။ နှစ်ကြောင်းလုပ်ကြသည်။ ပြီးတော့ လိုင်းကို အချိန်မီ ဝင်သည်။ သုံးသီးစား "ကြိုပို့" တွေ။

မနက် (၇)နာရီ စက်ရုံတစ်ရုံကို ကြိုပို့လုပ်သည်။

မနက် (၈)နာရီ စက်ရုံတစ်ရုံကို ကြိုပို့လုပ်သည်။

ပြီးတော့ လိုင်းဝင်လည်း နောက်မကျစေရ။

ဒါမှ တွက်ခြေကိုက်မည်။ ကိုယ့်အတွက် ဝင်ငွေကောင်းမည်။ ဒီလို တွက်ခြေကိုက်၊ ဝင်ငွေကောင်းဖို့အတွက် အချိန်ကို လုကြသည်။ သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းသည်။ ဥပဒေ ဆိုပြီး ကားက လေယာဉ်ဖြစ်၊ အတင်းကျော်၊ အတင်းတက်၊ လုမောင်း ပြိုင်ကား ရှုံးသည်။ ဒီလိုနှင့် မဖြစ်သင့်တာ ဖြစ်ရသည်။ ဖြစ်တော့မှ ဖုံးတာဖိတာ မရိုးမသားတာပေါ်သည်။ တချို့က ငွေတက်ကိုင် မဆင်မခြင်မောင်းပေမယ့် လိုင်စင်မရှိ၊ ဖြစ်တော့ လူသေမှု၊ လိုင်စင်မဲ့ ယာဉ်မောင်းမှု။

ကလေးမကလေးတွေက ..



www.burmeseclassic.com

www.burmeseclassic.com



"ကြိုပို့ကားစီးရတာ ကုသိုလ်လည်း ရပါတယ်။ ဘုရားစာ ရွတ်စီးရတာ" တဲ့။ လူ့အသက်ဟာ မိုးကောင်းကင်နှင့် ဆိုင်သဖြင့် စိုးရိမ်ကြသည်။ မဆုံးရှုံးစေချင်။

ဤကဲ့သို့ပင် သူတို့ သူတို့လည်း လူ့အသက်ဟာ မိုးကောင်းကင်နှင့်ဆိုင်သည်ကို သိစေချင်သည်။

ဆင်ခြင်စေချင်သည်။

ဖြစ်ရပ်မှန်မဂ္ဂဇင်း

၁၉၉၉-ခုနှစ်၊ စက်တင်ဘာလ

* * *

ငြိမ်းဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဓံတွေဓါးကြားမှာနေသူ နှင့်
## ကြွေခိုနားမော် ကြွေခိုနားမဓာ်

ထောင်မှာက ဘုတ်သမားနှင့်၊ ဘုတ်သမားက သက်ဆိုင်ရာ တောင်ယာအလုပ်ကြီး၊ လမ်းပြင်စသည်ဖြင့် ဘုတ်အသေ ရထားသူများ ဖြစ်သည်။ ဒီကနေ့ လမ်းပြင်ဖြစ်သော်လည်း နောက်တစ်နေ့ တောင်ယာ၊ နောက်တစ်နေ့ အလုပ်ကြမ်း အမှန်မရှိ။

ပြောရလျှင် ပျော်လည်းပျော်စရာကောင်းသည်။ ထောင် မှာက ကာလယန္တရားကြီးထဲ ရောက်နေသူနှင့် တူသည်။ နေ့စဉ် လုပ်ရိုးလုပ်စဉ် သံသရာလည်နေသလိုပဲ။

မနက် (၅းဝဝ)နာရီ အိပ်ယာမှထ ဘုရားရှိခိုး။

www.burmeseclassic.com



ဘုရားရှိခိုးပြီးလျှင် တန်းစီလျက် နားနေရသည်။ အိပ်ချင်လျှင် ထိုင်ရက်အိပ်။ ဘယ်သူမှ ဘာမျှမပြော။

နံနက် (၆း၀၀)နာရီထိုးလျှင်မူ တာဝန်မှူးက သက်ဆိုင်ရာ အဆော င်ခန်းတွေကို လိုက်ဖွင့်လူစစ်သည်။ ပြီးလျှင် အခန်းသားတွေကတော့ ကိုယ့်နေရာမှာ ကိုယ်နေ။ ကျဘမ်းတွေကမူ တန်းစီနေရသည်။

သို့သော် နံနက် (၇း၀၀)နာရီ ထိုးလျှင်မူ အခန်းတံခါးဖွင့်၏။ ဘုတ်သမားများကမူ ကိုယ်နှင့်သက်ဆိုင်သည့် အလုပ်ဘုတ်များသို့ သွားရသည်။ အဆောင်အပြင်တွင် ငါးယောက်တစ်တွဲတန်းစီနေရသည်။ အဆောင်မှူးက စစ်ဆေးပြီး ပုံစံခန်း၊ တန်းစီနှင့် အလုပ်ဘုတ်ခွဲသည်။

စင်စစ်မူ ထောင်မှာ အလုပ်လုပ်ရမည်ဆိုသော်လည်း ပင်ပန်းသည် မဟုတ်။

နံနက် (၇း၀၀)နာရီ အလုပ်ခွဲပြီး သတ်မှတ်အလုပ်ကို နံနက် (၉း၀၀)နာရီ (၉)နာရီခွဲအထိ လုပ်ရသည်။

ထောင်မှာက ထမင်းစားချိန်သည် နံနက် (၁၀)နာရီ။

ဩော်..မေ့လို့။ နံနက် (၉း၀၀)နာရီခွဲ အလုပ်သိမ်းလျှ င် ရေချိုးရသည်။ ရေချိုးလျှင်လည်း စနစ်တကျဘမ်းနှင့် သူ့အခန်းနှင့်သူ ချိုးလျှင်ချိုး။ သို့မဟုတ် အလုပ်ဘုတ်အလိုက် ရေချိုးရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိသည်က ထောင်မှာရေချိုးလျှင် အပြင်မှာလိုတော့ ချိုးလို့မရ၊ စည်းကမ်းရှိရသည်။ ရေကို သွက်သွက်လက်လက် ချိုးချင်လျှင် ရေကန်ဘုတ်ကိုင်နှင့် ပေါင်းရသည်။ ရေကန်ဘုတ် ကိုင်က နှစ်ကြီးအကျဉ်းသား။

ထောင်မှာက နှစ်ကြီးအကျဉ်းသားအတော်များများ ထောင်ဝင်စာမရှိ။ ထောင်မှာက ထောင်ဝင်စာမရှိလျှင် ဒုက္ခ ရောက်သည်။ ထို့ကြောင့် နှစ်ကြီးအကျဉ်းသား ရေကန်ဘုတ် ကိုင်များလည်း အကျဉ်းသားများနှင့် နားလည်မှု ယူရသည်။ အပေးအယူလုပ်ရသည်။ ရေလွတ်လွတ်လပ်လပ်ချိုးချင်လျှင် နို့မှုန့်တစ်ထုတ်။

နို့မို့ဆိုရင်တော့ ပုံစံပင်။

ခပ်ဆိုမှ ခပ်။ ချိုးဆိုမှ ချိုး။

ဒါကို ရေကန် ဘာရာ၏တပည့်တွေက တိုင်ပေးသည်။ သို့သော် ရေကန်တာဝန်ကျ အကျဉ်းသားများက ကြင်နာတရား ရှိကြ၏။

ကိုလိုနီခေတ်က ထောင်မှာ ခဲပုတ်ရေသောက်ရသည်။ ခဲပုတ်ရေချိုးရသည် ဆိုသည်ကို ကြားဖူး၏။ ယခုမူ ချိုးဖြူရေပဲ သောက်သုံးရသည်။ ပြီးတော့ မနက် ည[illegible]ပေါင်း တစ်ဦးကို (၁၆)ခွက်လောက် ချိုးရသည်။

www.burmeseclassic.com



သို့သော် သတ်မှတ်ချက်စည်းကမ်းကိုမူ ချိုးဖောက်လို့မရ။

× × ×

(၂)

ကိုသန့်ဇင်က ပုဒ်မ (၃၈၀) ခိုးမှုနှင့် ထောင်ကျလာသူ ဖြစ်၏။ သူက လက်ပံတန်းသားဖြစ်သည်။ အသားဖြူပြီး အရုပ် အမောင်းကောင်းသည်။

သူက မနေ့ကမှ ရောက်လာသည်။ ထောင်ကျသည်။ သူ ရောက်လာကတည်းက ရွှင်ရွှင်ပြပြမရှိ။ ငေးတိငိုင်တိုင်နှင့်။ သူ့ကိုတွေ့တော့ ကျွန်တော် အံ့သြရသည်။ သူ ကျူးလွန်သည့် ပြစ်မှုနှင့် သူ့ရုပ်ရည်နှင့်မလိုက်။

ပုံစံပြီးတော့ သူနှင့် စကားပြောရ၏။

"ပြစ်မှုက ခိုးမှုနော်"

"ဟုတ်တယ် အဘ။ ဒါပေမယ့် ကျွန်တော် မခိုးပါဘူး"

"ဒါဆို မင်းရုံးတော်မှာ ပြောမပြဘူးလား"

သူက အဝေးကို ငေးမျှော်ကြည့်ပြီး သက်ပြင်းရှိုက်သည်။

"ပြီးမှ ပြောပြတာပေါ့ ဘဘရယ်။ [illegible]မှာလည်း ပြောပြတယ်။ ရုံးတော်ကျတော့လည်း ပြောပြတယ်။ ခက်တာက ပစ္စည်းလက်ဝယ်ရှိနေတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။

"မင်းက အဆန်းပါလား။ မခိုးဘူးလည်း ပြောတယ်။ ပစ္စည်းလက်ဝယ်ရှိတယ်လို့လည်း ဆိုတယ်။ ငါတော့ နားမလည်နိုင်တော့ဘူး"

သူက ..

"ကံတရားပေါ့ အဘရယ်"ဟု ပြောသည်။ ထို့နောက် သူက သူကြုံတွေ့ခဲ့ရသော ဖြစ်စဉ်ကလေးကို ပြောပြသည်။

သူ့အဖြစ်က ရင်နာစရာပင်။

× × ×

တောင်ဥက္ကလာပရှိ ( ) ပလတ်စတစ်ရုံတွင် သန့်ဇင်က အလုပ်သမားကောင်းဖြစ်၏။ သန့်ဇင်၏ ရိုးသားမှု၊ ကြိုးစားမှုကြောင့် အလုပ်ရှင်က သူ့ကိုသိသည်။ တူသားနှောင်မယ်လို ချစ်သည်။

သန့်ဇင်က မိသားစုစားဝတ်နေရေးအတွက် အလုပ်ကြားလုပ်နေရသူဖြစ်၏။ ပထမဇနီးဖြစ်သူက သန့်ဇင်နှင့် အတူပေါ်နေသည်။ သို့သော် ဇနီးဖြစ်သူ မခင်သစ် ကိုယ်လေးလက်ဝန်ရှိပြီး မွေးကာနီးတော့ ဇာတိရပ်မြေသို့ ပြန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဇနီးနှင့်အတူ သန့်ဇင်ပြန်မလို့ဘဲ။ ဇနီးကိုလည်း စိတ်မချ။ သို့သော် ဖြစ်ချင်တော့ ထိုအချိန်က အလုပ်ခွင်မှာ အလုပ်အရမ်းကျသည်။ မောင်သန့်ဇင်က ကျွမ်းကျင်လုပ်သား၊ အလုပ်ရှင်က မပြန်စေချင်။

"မွေးခါနီးမှ ပြန်ပေါ့ မောင်သန့်ဇင်ရယ်။ မင်းဇနီးမွေးဖို့က တစ်လခွဲလောက်လိုသေးတာပဲ"

အလုပ်ရှင်က ပြောသည်။ အလုပ်ကလည်းကျနေသဖြင့် သန့်ဇင်အားနာသည်။ မခင်သစ်ကလည်း "ကိုသန့်ဇင်ရယ် ဦးတို့ပြောတာလည်း ဟုတ်ပါတယ်။ ခင်သစ်မွေးဖို့ကလည်း လိုသေးပါတယ်။ နီးမှ ပြန်လာပေါ့"

ဟု ပြောသဖြင့် မခင်သစ်ကို ညီမလေးနှင့် ပြန်လွှတ်လိုက်သည်။ သန့်ဇင်စိတ်တော့မချ။

"အေးလေ..ဒါဆိုလည်းပြန်ပေါ့။ အကျိုးအကြောင်းတော့စာမှန်မှန်ရေးနော်"

"စိတ်ချပါ ကိုသန့်ဇင်"

မခင်သစ်တို့ ပြန်သွားကြသည်။ မလွှဲသာ၍ လွှတ်လိုက်ရသော်လည်း စိတ်မချ။

www.burmeseclassic.com

www.burmeseclassic.com



မခင်သစ်တို့ထံမှ စာလာမှ စိတ်အေးရ၏။ မခင်သစ်တို့က လည်း စာမှန်မှန်ရေး၏။ သန့်ဇင်လည်း အလုပ်သာလုပ်နေရသော်လည်း စိတ်မဖြောင့်။ ရက်ကို လက်ရေချိုးတွက်နေမိသည်။

သည်လိုနှင့် တစ်လခန့်အကြာတွင် မခင်သစ်ထံမှ သံကြိုးစာလာသည်။ မခင်သစ် မိခင်များ သံကြိုးရိုက်လိုက်ခြင်းပင်။

*သန့်ဇင်*

*ခင်သစ် ဗိုက်ခွဲရမည်။*

*အမြန်ပြန်လာ။*

*ဒေါ်သစ်လွင်*

သံကြိုးစာကြောင့် သန့်ဇင်ရင်ပူသွားသည်။ ဘာကြောင့် ဗိုက်ခွဲရမည်နည်း။ ကလေးက သိပ်ထွားနေလို့လား။ သို့မဟုတ် ဘာဖြစ်လို့လဲ။ ထိုအကြောင်းကို အလုပ်ရှင်တို့သိတော့ ‥

"ဒါဆို မောင်သန့်ဇင် ပြန်လေ။ လခသုံးလစာ ထုတ်သွား"

ဟုပြောသည်။

"ကျေးဇူးပဲ အဒေါ်နဲ့ဦး"

ချက်ချင်းပြန်မည်ဟု ဆုံးဖြတ်သည်။

× × ×

စိတ်ကူးချိုချိုပေ

www.burmeseclassic.com

www.burmeseclassic.com



(၃)

ရထားနှင့်ပြန်ရန် ဆုံးဖြတ်သည်။ သို့သော် ရထားဆို မနက်ထိ စောင့်ရမည်။ ပြောရလျှင် သန့်ဇင်သည် တစ်ခဏပင် မနေချင်တော့။ ဖြစ်နိုင်လျှင် ယခုပင် ခင်သစ်ကို တွေ့ချင်၏။ ခင်သစ်က လင်ကိုအားကိုးတဲ့ မိန်းမ။ အခုလောက်ဆို ဘယ်လောက် အားငယ်နေမည်မသိ။ နောက်ဆုံးတော့ ကားနှင့်ပြန်ရန် ဆုံးဖြတ် လိုက်သည်။

အဝေးပြေးကားဂိတ်ကိုလာသည်။ အဝေးပြေးကားဂိတ်မှ ညကားတွေ ရှိသည်။ လက်ပံတန်းဆိုတော့ လမ်းသင့်သည်။ ပြည် ကားလည်း စီးလို့ရသည်။ သန့်ဇင်အဝေပြေးဂိတ်သို့ရောက်လျှင် ကားဂိတ်သို့ သွားသည်။ ကားဂိတ်တွေ တန်းစီနေသည်။

က·ပ·ရ၊ ပုဂ္ဂလိက စုံသည်။

ခက်သည်က ပုဂ္ဂလိက ကားတွေက ဈေးနည်းနည်း ကြီးသည်။ အထူးသဖြင့် အမြန်ကားတွေ။ သန့်ဇင်ပိုက်ဆံ သိပ် မကုန်ချင်။ က·ပ·ရ ကိုသွားသည်။ ညကားရှိသည်တဲ့။ ည (၁၀း၀၀)နာရီ ထွက်မည်။

ကားလက်မှတ်ယူသည် မရ။ ထိုင်ခုံလွတ်လိုက်မှ ဆုံးဖြတ် သည်။ နာရီကြည့်လိုက်သည်။ ည (၉း၀၀)ရှိ ကျော်စ .. သန့်ဇင် အပြင်သို့ ထွက်ခဲ့သည်။ မီးရောင်က သိပ်မလင်း။

www.burmeseclassic.com



သန့်ဇင်ဘုတ်တန်းတွင် ထိုင်လိုက်သည်။ ခံတွင်းချဉ်သလိုလိုနှင့် စီးကရက်တစ်လိပ်ဝယ်သည်။ ဆေးလိပ်ဖွာနေစဉ် စိတ်ကလွင့်နေ၏။ ဇနီးဆီ ရောက်သွားသည်။ သူအားငယ်နေမည်လား။ သူ့ကို အားပေးချင်ပြီ။

ထိုစဉ် သူ့နားသို့ တစ်စုံတစ်ယောက်ရောက်လာကြောင်း သိလိုက်၏။ ကြည့်လိုက်သည်။ လူတစ်ယောက် စက်ဘီးတစ်စီးနှင့်။

စက်ဘီးနှင့်လူက ဝေ့ခနဲကြည့်ရင်း ..

“ဒီမှာ မိတ်ဆွေ...ကျွန်တော့်စက်ဘီးခဏထားခဲ့ချင်တယ်။ ခဏနော်”

သူကပြောရင်း စက်ဘီးကို သန့်ဇင်နားထားသွားကာ ခပ်သွက်သွက် က·ပ·ရ ဂိတ်ဆီသို့ လျှောက်သွားသည်။ သန့်ဇင်ကြောင်နေသည်။ ဘယ်လိုလူပါလိမ့်လို့ တွေးနေဆဲ။ မမျှော်လင့်သူတွေ ရောက်လာသည်။ အရပ်ဝတ်နှင့် လူသုံးယောက်။ ရဲတပ်ဖွဲ့ဝင် နှစ်ယောက်။

“ဆရာ တွေ့ပြီ ဒီစက်ဘီးပဲ”

စကားသံနှင့်အတူ ရဲသားတစ်ဦး ရောက်လာသည်။ လဲကျသွားသည့် စက်ဘီးကိုထူရင်း သန့်ဇင်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား… ဘုရား ..

"ဟော့ကောင်..မပြေးနဲ့"

"ဗျာ"

သန့်ဇင် ကြောင်နေသည်။ ထိုစဉ် အရပ်ဝတ်နှင့်လူ တစ်ယောက်က သန့်ဇင်လက်ကို ဆုတ်ကိုင်လိုက်သည်။

"မပြေးနဲ့နော်။ ဘာမှလည်း မပြောနဲ့"

ဟု ပြောသည်။

"ကျွန်တော် မယူဘူး။ ဒါ ကျွန်တော့်ပစ္စည်း မဟုတ်ဘူး။ ကျွန်တော် ယူတာမဟုတ်ပါဘူး။ အပ်သွားလို့ ကြည့်ထားတာပါ"

သန့်ဇင် ပြောသည်။ ရှင်းပြသည်။ မရ။

"ဟော့ကောင်…တိတ်။ ခွေးကောင် သူခိုးက ခိုးတယ် ပြောမလားကွ"

အရပ်ဝတ်နှင့် လူတစ်ယောက်က ဝင်ရိုက်သည်။ ရဲက တားသည်။

"ဒီလို တရားမဲ့မလုပ်နဲ့လေ။ ဥပဒေအရ ရှင်းပါ"

ဟုပြောသည်။ အရပ်ဝတ်နှင့်လူက ခွေးသူခိုးကွ၊ လက်ပူး လက်ကြပ်မိတာတောင် မုံလာဥ လုပ်ချင်တယ်ပဲ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



(၄)

“မင်းရှင်းမပြဘူးလား”

မောင်ဦးက မေးသည်။ သန့်ဇင်က

“ရှင်းတာပေါ့ အစ်ကိုရယ်။ သေသေချာချာ ရှင်းတာပေါ့။ ခက်တာက ခရီးသွားမလို့လို့ ပြောတာလည်း ကျွန်တော့်မှာ လက်မှတ်က မရှိဘူး။ ဒါကြောင့် ရဲစခန်းလိုက်ရတယ်။ တစ်ညလုံး စစ်တာ”

ဟု ပြောသည်။

“အပ်သွားတဲ့အကြောင်းကိုရော မပြောဘူးလား”

“ပြောတာပေါ့ အစ်ကိုရာ။ ကျွန်တော့်မှာက အပ်သွားတယ်လို့သာ ပြောတယ်။ ဘယ်သူ့အပ်တယ်ဆိုတာ မပြောနိုင်ဘူး။ ဒီလိုနဲ့ ကျွန်တော့်ကို ပုဒ်မ-၃၈၀ ခိုးမှုတပ်ပြီး ရုံးတင်တယ်”

“ရုံးမှာကော ရှင်းမရဘူးလား”

“ရှင်းမရပါဘူး အစ်ကိုရယ်။ အပြောပဲ ရှိတယ်။ သက်သေ မရှိဘူး။ ပြီးတော့စက်ဘီးကို ကျွန်တော့်လက်ထဲမှာ ရှိနေတော့ ကျွန်တော်အပြစ်ဒဏ်ခံရတယ်လေ။ ခိုးမှုပစ္စည်းသက်သေပါတဲ့”

မောင်ဦးက သက်ပြင်းရှိုက်ပြီး ..



www.burmeseclassic.com

www.burmeseclassic.com



"မင်းကံက ဆိုးလှချည်လားကွာ"

ဟု ပြောသည်။ သန့်ဇင်က

"ကမ္ဘာသကာပေါ့ အစ်ကိုရယ်။ ခုတော့ ဖြစ်ချိန်တန်လို့ ဖြစ်တယ်ပဲ မှတ်ပါတယ်။ ဝဋ်ကြွေးပေါ့နော်။ ခါးစည်းခံရုံပဲ ရှိတော့တာပေါ့"

ဟု ပြောသည်။

မောင်ဦး ရင်မောသွားသည်။ ဟင်းကနဲ သက်ပြင်းရှိုက် လိုက်သည်။

× × ×

အားလုံးနားထောင်နော်။ ခပ်ဆိုမှ ခပ်မယ်။ ချိုးဆိုမှ ချိုး မယ်။ လူလည်လုပ်မယ်တော့ မကြဲနဲ့"

တင်ညွန့်က ရေကန် ဘာရာအကူ။ သည်စကားက ပြောနေကျစကား။ သူကတိလည်း တိကျသည်။ သူ့ကို ခွေးကြီး တင်ညွန့်ဟု ခေါ်ကြသည်။

"ခပ်"

အားလုံးပြိုင်တူ ခပ်သည်။

"ချိုး"

မင်းခွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ရေလောင်းချိုးသည်။ ထိုစဉ် သန့်ဇင်ဘယ်လိုက ဘယ်လို ရေကန်ကို ရောက်သွားသည်မသိ။ သူတကာ ရေချိုးစဉ် သန့်ဇင်က ရေခပ်သည်။ တင်ညွန့်က စည်းကမ်းဖျက်သည် ထင်လျှင် လက်မခံ။

"ဟို မိုးကျရွှေကိုယ်က ဘာလဲ မင်းက လက်ကောက် လား"

တင်ညွန့်ပြောရင်း သန့်ဇင်နား ရောက်လာသည်။ လက်ထဲမှ ကြိမ်တုတ်နှင့်ခေါင်းကို ရိုက်လိုက်သည်။ သန့်ဇင်က မဟုတ်ဘူး၊ မဟုတ်ပါဘူးဟု ပြောရင်း လက်ကာလျက် ဆုတ်လိုက်သည်။ ဆုတ်ရင်း ခြေခေါက်လဲကျသွားသည်။ ပြီးတော့ ပြန်မထနိုင်တော့။

သည်တော့ တင်ညွန့်စိတ်မကောင်းဖြစ်သွားပုံရသည်။

"မင်း မထနိုင်တော့ဘူးလား"

မေးသည်။

"ကျွန်တော် လက်ကောက်ကျတာ မဟုတ်ပါဘူး အစ်ကို။ ကျွန် .. ကျွန်တော် တကယ် .."

သည်တော့ ရေချိုးနေသည့်မောင်ဦးမနေနိုင်တော့။ ဝင်ပါ ရသည်။ သန့်ဇင်အကြောင်း ပြောပြရသည်။ တင်ညွန့်က ..

"စိတ်မကောင်းလိုက်တာကွာ။ ကျွန်တော်က စည်းကမ်း



www.burmeseclassic.com

www.burmeseclassic.com



ပျက်ရင် မကြိုက်ဘူးလေ။ ကျွန်တော်တို့ကလည်း စည်းကမ်းအတိုင်း လုပ်ရတာမို့ပါ"

ဟု ပြောသည်။

တင်ညွန့် မျက်နှာညိုးလို့ ..

"ကိစ္စမရှိပါဘူး အစ်ကို။ ကျွန်တော်အတွေးလွန်ပြီး ကြောင်သွားတာပါ ကျွန်တော့်အပြစ်ပါ"

"ကဲ .. မင်းရေချိုးဦးမလား"

"ဟင့်အင်း မချိုးတော့ဘူး"

"ဒါဆိုလည်း မင်းအခန်းကို ငါလိုက်ပို့မယ်။ ရာဂျူး ဆက်တိုင်ပေးလိုက်ပါ"

တင်ညွန့်ပြောရင်း တွဲထူသည်။ မောင်ဦးသက်ပြင်းချလိုက်သည်။ ထောင်မှာက ဒီလိုပဲ။ အခြေအနေအရ မလိုလားအပ်သည့် အဖြစ်များ ဖြစ်ပျက်တတ်သော်လည်း အကျဉ်းသားချင်း အကြင်နာ မမဲ့ကြ။ စာနာနားလည်ကြသည်။ ချစ်ခင်ကြသည်။ ကူညီကြသည်။

သြော် . . အကျဉ်းသားတွေက ဘဝတူတွေကိုး။

မှူးစင်းရောင်စုံ

၁၉၉၉-ခုနှစ်၊ ဒီဇင်ဘာလ

* * *

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



# ဘဝပေး သစ္စာရှင်

(၁)

၁၉၉၈-ခုနှစ်က ကျွန်တော်သည် ထူးဆန်းသော လူနှစ်ဦးကို ဆိပ်ပလူးနှံ့သင်းသော အင်းစိန်တွင် တွေ့ခဲ့ရသည်။ သူတို့ကို တွေ့ပြီး သူတို့အကြောင်းကို သိခဲ့ရတော့ စာတစ်စောင် ပေတစ်ဖွဲ့ ရေးလိုစိတ်ဆန္ဒ ရှိခဲ့သည်။ သူတို့ဘဝ၊ သူတို့မေတ္တာတရားနှင့် သူတို့ သစ္စာတရားကလည်း စာဖွဲ့လောက်သည်ပင်။

ကျွန်တော်တွေ့ခဲ့သည့် ထူးဆန်းသော လူနှစ်ယောက်က မောင်သက်ဝေနှင့် မသက်ဝေတို့တည်း။

× × ×

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၂)

အငေ့ါ်တွေ့သူက မောင်သက်ဝေဖြစ်သည်။ ကျွန်တော်နှင့် မောင်သက်ဝေတို့ ဆုံစည်းရသည်က အင်းစိန်ဗဟိုအကျဉ်းထောင်၏ အချုပ်ဆောင် (၂)တွင် ဖြစ်သည်။ မောင်သက်ဝေက ကျွန်တော့်ထက် အရောက်ဦးသူ။ အမှုက လူသတ်မှု။

မောင်သက်ဝေနှင့် ကျွန်တော် ဆုံစည်းခင်မင်ရန် ကြားခံမိတ်ဆက်ပေးသူက ကိုမောင်ဝင်း။ ကျွန်တော် ဘဏ္ဍာရေးမှုး။ ကိုမြင့်နောင်ကို မောင်သက်ဝေနဲ့ မိတ်ဆက်ပေးရမယ်။ မောင်သက်ဝေနဲ့ စကားပြောဖြစ်ရင် စာတစ်ပုဒ် ကျိန်းသေရမှာဟု ပြော၏။

"ထူးဆန်းလို့လား" ကျွန်တော်က မေးလိုက်၏။

"ကိုမြင့်နောင် တွေ့ရင်သိမှာပါ"

"ဒါဆိုလည်း တွေ့တာပေါ့"

ကျွန်တော် တွေ့ဖို့ ဆုံးဖြတ်လိုက်၏။ ကျွန်တော်နှင့် မောင်သက်ဝေက အဆောင်တူသော်လည်း အခန်းမတူ။ သူက အခန်း (၇)မှာ ဖြစ်၏။ ကိုမောင်ဝင်းနှင့် အိပ်ရာကပ်လျက်။ တစ်နေ့ ဘုရားမှာ ဆုံကြ၏။ မောင်သက်ဝေက ဖြူဖြူသန့်။ အေးဆေးသည့်အသွင်ရှိ၏။ သူ့လို လူမျိုးကို လူသတ်သမားဟု မြင်ရတော့ အံ့သြရ၏။

www.burmeseclassic.com



ညနေချမ်း နေညို လေချိုသွေးဆဲ။

လေအသင့်တွင် သစ်ရွက်လှုပ်ခတ်သံကို ကြားရသည်။

"မောင်သက်ဝေအမှုက လူသတ်မှုနော်"

သူက အဝေးကို ကြည့်ရင်း

"ဟုတ်ပါတယ်"ဟု ပြောသည်။

"မင်းအမှုက စိတ်ဝင်စားစရာ ကောင်းတယ်လို့ ပြောတယ်။ ပြောပြနိုင်မလား"

"ပြောပြနိုင်ပါတယ်။ တစ်ခုတော့ရှိတယ်အစ်ကို။ ကျွန်တော့်ဇာတ်ကြောင်းက ရှည်တယ်။ ပြီးတော့ မသက်ဝေနဲ့လည်း ပတ်သက်နေတယ်"

"ဘယ်လို...မသက်ဝေနဲ့ ဟုတ်လား။ မင်းနဲ့ နာမည်တူပဲ။ ဘယ်လိုပတ်သက်လဲ"

သူက သက်ပြင်းချသည်။

"ပြောရရင်တော့ ရယ်မလား မသိဘူး အစ်ကို။ မသက်ဝေနဲ့ ကျွန်တော်က ဘယ်လိုမှ မပတ်သက်သေးဘူး။ သံယောဇဉ်ရှိတယ်ဆိုရင်တော့ မမှားဘူးပေါ့လေ"

"အင်း...ပြောပါဦး"

သူက ဒုတိယသက်ပြင်းကိုချပြီး ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

မောင်သက်ဝေက လူကောင်းမဟုတ်။

ဘုရင့်နောင်တစ်ဝိုက်မှာ မောင်သက်ပေ ကျက်စားသည်။

မောင်သက်ဝေက သူတကာနှင့်မတူ။ လောဘမကြီးပေ။ ဘဝတူတွေကို သူပြောသည့်စကားတစ်ခု ရှိသည်။ "ငါက ဒီအလုပ်ကို အရချောင်လို့လုပ်နေတာ။ သက်သာလို့ လုပ်နေတာ။ ချုပ်ကိုင်ရတာတောင် ပင်ပန်းလို့ ငါမလုပ်ဘူး"တဲ့။

ဟုတ်သည်။ တစ်ခုတော့ ရှိသည်။ မောင်သက်ဝေက ပွင့်ရှာတတ်သည်။ ဖောက်သည်ကောင်းရှိသည်။ ဒါကြောင့် မောင်သက်ဝေထံသို့ ဘဝပျက်မလေးတွေ ရောက်ရောက် လာတတ်သည်။ သူကလည်း သံယောဇဉ်မထား။ အခွင့်ကြုံလျှင် လုပ်သည်။ မကြုံလျှင် မလုပ်။

တစ်နေ့ သူ့ထံသို့ မသက်ဝေရောက်လာသည်။ မသက်ဝေကို မည်သူလာပို့သည်ကိုမူ မမှတ်မိတော့။ သူမှတ်မိသည်မှာ သူ မသက်ဝေကို စိတ်ဝင်စားသွားခြင်းပင်။ မသက်ဝေက မလှသော်လည်း အေးဆေးသည်။ ရိုးသားသည်ဟု သူသိသည်။

"မင်း ဒီလောကကို ရောက်တာ ကြာပုံမရသေးဘူး။ ပြီးတော့ မင်းမှာ နှစ်သက်ခုံမင်ပုံ မရှိဘူး"

ရာပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူက ပြောတော့ မသက်ဝေက ဝန်ခံသည်။ "မင်း ဘယ်လို ဒီလောကကို ရောက်လာသလဲ။ ပြောပြနိုင်မလား။ ငါ့ကို စပ်စုတယ် မထင်နဲ့နော်။ မေးလေ့ မေးထလည်း မရှိဘူး"ဟု ဆိုတော့ မသက်ဝေက ပြုံးသည်။

"အစ်ကို သိချင်ရင် ပြောပြပါ့မယ်"ဟု ပြောပြီး မသက်ဝေက နောက်ယောက်ျားငယ်ငယ်ယူသည့်မိခင်၏ ပရိဒေဝ ဒုက္ခ၊ ပထွေးစော်ကားသဖြင့် ရေတိမ်နစ်ခဲ့ရသော သူ့ဘဝမှ အစ ပြုကာ သူ ဒီဘဝရောက်လာရသည့်အကြောင်းကို ပြောပြသည်။ စကားဆုံးသည်နှင့် မသက်ဝေက "အမှန်ပြောတာနော်။ အစ်ကို ယုံရဲ့လား"ဟု မေးသည်။

"မင်း ရိုးသားမှုကို ငါရိပ်မိပါတယ်။ ဒါထက် မင်းနာမည် က သက်ဝေတဲ့လား"

"ဘာဖြစ်လို့လဲ အစ်ကို"

"တို့နှစ်ယောက်က တိုက်တိုက်ဆိုင်ဆိုင် တူညီနေတယ် လေ။ ငါ့နာမည်ကလည်း သက်ဝေပဲ"

"ဟင်..."

သူကလေး အံ့သြသွားသည်။

ကျွန်တော်က "မင်းတို့နှစ်ယောက်က ဆန်းပါလား"ဟု ပြောတော့ သူကပြုံးသည်။

မိုးစက်ပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ပြောတာပေါ့အစ်ကို၊ ကျွန်တော်ကလည်း သူနဲ့ကျမှ ဘယ်လိုဖြစ်တယ်မသိဘူး။ အရမ်းခင်တွယ်မိတာ။ သူ့ကို ဒီဘဝက လွတ်မြောက်စေချင်တယ်။ သူကလည်း ဒီဘဝမှာ ကျင်လည်နေရပေမယ့် ဒီလောကကို နှစ်မြို့တာ မဟုတ်ဘူး" ဟုပြောသည်။

"စိတ်မကောင်းစရာဘဲ"

"ဒါပဲ အစ်ကို။ ပိုပြီး စိတ်မကောင်းစရာ ကောင်းတာက တစ်နေ့သူအဖမ်းခံရတယ်။ သူ့ကိုအမှုစစ်တော့ သူ့အတွက် ကျွန်တော်အားလုံး ဆောင်ရွက်ပေးတယ်။ သူထောင်ကျပြီး ထောင်က လွတ်တော့ သူ့ကို ကျွန်တော်ကိုယ်တိုင် သွားကြိုတယ်"

သွားကြိုတာက..

ကျွန်တော် သူ့ကို ကြည့်ပြီး မေးလိုက်၏။ သူက ပြုံးပြီး "အစ်ကို ဘယ်လိုထင်လဲ"ဟု ပြန်မေး၏။

"ဟာ..မထင်တတ်ပါဘူး။ တစ်ခုတော့ ရှိတာပေါ့ကွာ။ တချို့ကတော့ မင်းကို ဝွင်ဖမ်းပြီလို့ ထင်မှာပေါ့"

"ဟုတ်တယ်။ ကျွန်တော်တို့လောကနဲ့ ကြည့်ရင်တော့ ဒီအထင်ဟာ မှန်တယ်။ ကျွန်တော်ကတော့ ဒီသဘောနဲ့ မဟုတ်ဘူး။ ဒါကို သက်ဝေအသိဆုံးပဲ။ ရှင်းရှင်းပြောရရင် ဒီကနေ့က



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သက်ဝေကို သွားကြိုတာ ကူညီဖို့ပဲ။ သက်ဝေကို ဒီလောကထဲမှာ မရှိစေချင်ဘူး။ ဒါကြောင့် ကျွန်တော်ကကြိုပြီး အကြံပေးတယ်။ ရင်းနှီးစားဖို့ ငွေပေးတယ်''

''မင်းစိတ်က မွန်မြတ်ပါတယ်''

သူက အဝေးကိုကြည့်ပြီး...

'ဒါကို ကျွန်တော် မသိဘူး။ ကျွန်တော်သိတာ သက်ဝေကို ချစ်တာပဲ။ သက်ဝေကို ချစ်လွန်းလို့လည်း ကျွန်တော် ဒီလူသတ်မှုကို ကျူးလွန်ခဲ့တာပေ့ါ အစ်ကို''ဟု ပြောသည်။

× × ×

## (၄)

ကျွန်တော် သူ့ကို ကြည့်လိုက်သည်။ ပြီးမှ ''မင်းစကားထဲမှာ ဒီလူသတ်မှုဟာ သက်ဝေနဲ့ပတ်သက်တယ်လို့ ပြောတယ်။ မင်းသတ်လိုက်တဲ့သူက သက်ဝေကို စော်ကားလို့လား''ဟု မေးသည်။

''ဟုတ်တယ် အစ်ကို။ ကျွန်တော်သတ်လိုက်တဲ့ သူက သက်ဝေကို စော်ကားတဲ့သူ၊ သက်ဝေ ပထွေး မင်းလွင်လေ''ဟု ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ဘယ်လိုက ဘယ်လိုဖြစ်ကြတာလဲ"

သူက အဝေးကို ကြည့်ရင်း "ဒီလို အစ်ကိုရဲ့" ဟု ပြောကာ အောက်ပါအဖြစ်ကို ပြောပြသည်။

× × ×

"ခုနက သက်ဝေ လာသွားတယ်" ဟု ဆိုင်ရှင်က ပြောသည်။ သူက စီးကရက်ဖွာလိုက်ပြီး "မဖြစ်နိုင်တာဗျာ" ဟု ပြောလိုက်၏။

"ဒေါ်ချယ်ပြောတာ အမှန်ပါ အစ်ကိုသက်" ဟု ပြောလိုက်သံကြောင့် သူအံ့သြသွားသည်။ သူကြည့်လိုက်၏။ သက်ဝေမှ သက်ဝေ။ သူ ဝမ်းသာသွားသော်လည်း "သက်ဝေ ဒီကို ဘာလာလုပ်တာလဲ။ ဒီနေရာက သက်ဝေနဲ့ မအပ်စပ်တဲ့နေရာ ဖြစ်နေပြီလေ" ဟု ပြောလိုက်၏။

သက်ဝေ သက်ပြင်းမောချလိုက်သံ ကြားသည်။

"ကိုသက်နဲ့ သက်ဝေ လမ်းလျှောက်ချင်တယ်"

သက်ဝေက ပြော၏။ သူ ဘာမှမပြော၊ သက်ဝေနှင့် လိုက်ခဲ့သည်။ လမ်းလျှောက်ရင်း "သက်ဝေ ဘယ်လိုဖြစ်တာလဲ။ ဒီနေရာက ဘယ်လိုနေရာဆိုတာ သက်ဝေ သိပါတယ်။ သက်ဝေရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့ ဘဝကလေးကို ညီညွတ်သွားနိုင်တယ်ဆိုတာ မစဉ်းစား မိဖူးလား''ဟု ပြောမိသည်။

သက်ဝေက ''လောကကြီးမှာ ကိုသက်လိုလူတွေ အများကြီးရှိရင် သိပ်ကောင်းမှာပဲ''ဟု ပြောသည်။

''ဘာဖြစ်လို့လဲ သက်ဝေ''

''သက်ဝေဘဝက ဖြူစင်ချင်ပေမယ့် မဖြူစင်နိုင်ခဲ့ဖူးလေ။ သက်ဝေ ကောင်းကောင်းနေ၊ ကောင်းရောင်းကောင်းဝယ် လုပ်နေပေမယ့် လူတွေက သက်ဝေကို လူကောင်းလို့ မသတ်မှတ်ချင်ဘူး။ အပျက်ဘဝကိုပဲ တွန်းပို့ကြတယ်''

''အို…မဖြစ်နိုင်တာ''

''ဘာလို့ မဖြစ်နိုင်ရမှာလဲ ကိုသက်။ ခု သက်ဝေက အကောင်းကိုရှာရင်း မကောင်းတဲ့ဘဝထဲ ရောက်ခဲ့ပြီလေ''

''တောက်''

သူ တောက်တစ်ချက်ခေါက်လိုက်၏။ သက်ဝေက သူ့လက်မောင်းကို ဆုပ်ကိုင်လိုက်၏။ ''စိတ်ကိုလျှော့ပါ ကိုသက်ရယ်။ သက်ဝေ ဘယ်ဘဝကို ရောက်ရောက် သက်ဝေနားမှာ ကိုသက်လို လူတစ်ယောက်ရှိနေလို့ သက်ဝေ ပြည့်စုံနေပါပြီ''ဟု ပြောသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



တစ်ည အချိန်မတော်ကြီး သက်ဝေ ရောက်လာသည်။ သက်ဝေနှင့်အတူ ယောကျ်ားတစ်ယောက် ပါလာသည်။ လေးဆယ်ကျော်လောက် ရှိမည်။ နည်းနည်းထွေနေ၏။

"ကိုသက် သူက ဦးမင်းလွင်လေ"

သူ မျက်မှောင်ကြုံ့လိုက်၏။ သက်ဝေက "ဦးမင်းလွင် အထဲမှာ စောင့်နေလေ။ သက်ဝေ လာခဲ့မယ်"ဟု ပြောသည်။ "အိမ်က အတော်ကောင်းတာပဲ"ဟု ပြောရင်း ဦးမင်းလွင် ဝင်သွားသည်။ သူက..

"သက်ဝေ ဒါ မင်းပထွေးလား"ဟု မေးလိုက်၏။

"ဟုတ်တယ် အစ်ကို။ သက်ဝေ သူနဲ့ စာရင်းရှင်းမလို့ ရှာခေါ်လာတာ"

"ကိုယ်က ဘာကူညီရမလဲ"

"ကိစ္စမရှိပါဘူး အစ်ကိုသက်၊ အစ်ကိုသက် ခဏသာ ရှောင်ပေးပါ"

"ကို..သက်ဝေကို စိတ်မချဘူး"

သက်ဝေက ပြုံးလျက် "စိတ်ချပါ အစ်ကိုရယ်"ဟု ပြောသည်။

သူ အိမ်က ထွက်ခဲ့သည်။ စိတ်မပါ။ ထို့ကြောင့် ခဏဆို

www.burmeseclassic.com



ခဏသာ အပြင်မှာနေပြီး ပြန်လာခဲ့သည်။ အိမ်နှင့် မနီးမဝေးသို့ အရောက် ညည်းညူသံကို ကြားလိုက်ရ၏။ အပြေးအလွှားအိမ်ထဲ ပြေးဝင်လာသည်။

ဦးမင်းလွင်က စားတန်းလန်းနှင့် လဲကျနေပြီ။

× × ×

ကျွန်တော် သူ့ကို ကြည့်လိုက်၏။ “ဒါဆို မင်းသတ်တာ ဘယ်ဟုတ်မလဲ”ဟု ပြောလိုက်၏။

“ဟုတ်တယ်၊ ဒါပေမယ့် ဒီကိစ္စကို ကျွန်တော် မပြောခဲ့ဘူး။ ရဲစခန်းမှာကော တရားရုံးမှာရော ကျွန်တော် သတ်တယ်လို့ပဲ ပြောခဲ့တယ်”

“သက်ဝေကတော့ ဘာပြောလဲ”

“ခက်တာက သက်ဝေပဲ အစ်ကို။ သက်ဝေက ကျွန်တော် ဝန်ခံပေမယ့် လက်မခံဘူး။ သူ သတ်တာပါလို့ပဲ ပြောတယ်”

“မင်းတို့နှစ်ယောက်က တကယ်ကို ထူးဆန်းတာပဲ။ ဒါပေမယ့် အမှန်တရားက ဖုံးကွယ်မရဘူးလေ”

“မတတ်နိုင်ဘူးအစ်ကို။ ကျွန်တော် သက်ဝေကို ချစ်တယ်။ ဒါကြောင့် အဆိုးမှန်သမျှ ကျွန်တော်ပဲ ခံချင်တယ်။ သက်ဝေဘဝ ပင်ပန်းညှိုးနွမ်းသွားမှာကို ကျွန်တော် စိုးရိမ်တယ်”

www.burmeseclassic.com



ကျွန်တော် စိတ်မကောင်းဖြစ်သွားရသည်။

လေးလည်း လေးစားသွားမိသည်။

× × ×

(၅)

ကျွန်တော့်ကိစ္စ ရှင်းသွားသဖြင့် ပြန်လည်ထွက်ခဲ့ရသည်။ သို့သော် သက်ဝေနှစ်ယောက် ဇာတ်လမ်းကို မမေ့နိုင်ပါ။ စိတ်ဝင်စားသဖြင့် ရုံးချိန်းနေ့တွင် သက်ဆိုင်ရာရုံးသို့ သွားခဲ့သည်။

သည်မှာ ကျွန်တော် 'မသက်ဝေ' နှင့် ဆုံတွေ့ရ၏။ မသက်ဝေက အသက် (၂၀)ကျော်စပဲ ရှိမည်။ ရိုးသားဖြူစင်သည့် မျက်နှာနှင့် ကျစ်လစ်သေးသွယ်သည့် ခန္ဓာကိုယ်ပိုင်ရှင်ဖြစ်၏။

"ဆရာ့ကို လူချင်းအခုမှ တွေ့ဖူးပေမယ့် ဆရာအကြောင်းတွေကိုတော့ အစ်ကိုသက် ပြောလွန်းလို့ ရင်းနှီးတာ ကြာပါပြီ"

"ဟုတ်ပါ့..ငါကလည်း မင်းတို့နှစ်ယောက်ရဲ့ ဒဲ့ယောဇဉ်စိတ်ကိုကြားရပြီး အံ့ဩဂုဏ်ယူနေတာ။ ဒါ့ထက် မင်းတို့အမှုအခြေအနေဘယ်လိုရှိလဲ"

မိုးမခစာပေ

www.burmeseclassic.com

www.burmeseclassic.com



မသက်ဝေက သက်ပြင်းရှိုက်လိုက်၏။ "အမှုက ရှင်းနေပါတယ်။ ရှုပ်နေတာက သံယောဇဉ်ပဲ ဆရာ" ဟု ပြောသည်။

"သက်ဝေက မောင်သက်ဝေကို ပြောတာလား"

"ဟုတ်တယ်ဆရာ..တကယ်တော့ အမှုမှာ ကိုသက်ဟာ ဘာမှမပတ်သက်ဘူး။ သူ သက်ဝေအတွက် ဒုက္ခခံနေတာ။ ဒါကို သိလေ သက်ဝေ ကိုသက်ကို ထိခိုက်မှာစိုးလေပဲ။ သက်ဝေ အပြစ်ကို သက်ဝေပဲ ခံချင်တယ်။ ကိုသက်ကို မနွယ်စေချင်ဘူး"

"သူက သက်ဝေကို သိပ်ချစ်တယ်လေ"

"ဒါကို သက်ဝေ သိတယ် ဆရာ။ သက်ဝေလည်း ကိုသက်ကို ချစ်တယ်"

"မင်းတို့ဟာ တကယ့်သစ္စာရှင်တွေပါပဲ" ဟု ကျွန်တော် ပြောလိုက်မိသည်။ ဘာကြောင့် ပြောလိုက်မိသည်မသိပါ။

× × ×

စီရင်ချက်ချသည့်နေ့က ကျွန်တော် တရားရုံးသို့ ရောက်သည်။ ဓာတုဗေဒဌာန၏ ဆုံးဖြတ်ချက်ကြောင့် တရားခံအဖြစ်ပေါ်ခဲ့ပြီ။ သူ ပြောလို့မရတော့။ မသက်ဝေက လူသတ်တရားခံ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇)နှစ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com


သူက သက်ဝေလက်ကို ဆုပ်ကိုင်ထားသည်။ "အကောင်းကို ရှာရင်း မကောင်းခဲ့ရတဲ့ မင်းဘဝအတွက် ကိုယ်ရင်နာလို့ မဆုံးဘူး သက်ဝေ"ဟု ပြောသည်။

"ကံကြမ္မာလို့ပဲ မှတ်လိုက်ပါ ကိုသက်"

"ကိုယ် သက်ဝေကို အမြဲတမ်း သတိရနေမယ်ဆိုတာ ယုံပါ သက်ဝေ၊ ကိုယ် မလိမ်ဘူး။ ကိုယ် သက်ဝေကို ချစ်တယ်"

"သက်ဝေ ကျေနပ်ပါပြီ ကို။ ကိုယ့်ကို ချစ်တဲ့အချစ်နဲ့ သက်ဝေ အသက်ရှင်နေမှာပါ။ ပြီးတော့ သက်ဝေကျေနပ်တယ် ကို၊ သက်ဝေ ထမင်းတစ်နပ်ကို ဖြူစင်စွာ စားချင်တယ်။ အပြစ်ကြွေးကို ချွေးနဲ့ဆပ်ရင်း စားရတဲ့ ထမင်းတစ်နပ်ဟာ ဖြူစင်ပါတယ်။ ဒီထမင်းတစ်နပ်ကို သက်ဝေ မြတ်နိုးတယ် ကို"

"သက်ဝေရယ်"

သက်ဝေကို ကြည့်လိုက်တော့ သက်ဝေမျက်ဝန်းညိုတွင် မျက်ရည်စို့လို့ရယ်။ သူကော···သူကော။ ကျွန်တော် မကြည့်ရက်တော့ပါ"

ကျွန်တော် ကျောခိုင်းလိုက်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"မောင်သက်ဝေ၊ မသက်ဝေ" ဆိုသည့် "ဘဝပေး သစ္စာရှင်"နှစ်ဦးကို ကျော်ခိုင်းလိုက်ပါသည်။

ဖြစ်ရပ်မှန်မဂ္ဂဇင်း

၁၉၉၉-ခုနှစ်၊ ဒီဇင်ဘာလ

* * *

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



# ကုသိုလ်ပြုမှာ မမီခဲ့လေသလား

(၁)

နားနေခန်းတွင် ကျွန်တော် အပန်းဖြေနေစဉ် ဖြစ်သည်။ ကျွန်တော့် မျက်လုံးကို စုံမှိတ်ထား၏။ ဒါက ကျွန်တော့်အကျင့်ပင်။ ကျွန်တော်သည် အဆင့် (၃) တရားသူကြီးတစ်ဦးပီပီ တရားခွင်ပေါ်မှာ အမှုတစ်ခုကို ကြားနာစစ်ဆေးပြီးတိုင်း ဤသို့ စိတ်လွတ်ကိုယ်လွတ် နားစမြဲပင်။

တရားခွင်ပေါ်တွင် တရားသူကြီးတစ်ဦး ထိုင်နေရသည်ကို လူအချို့က သက်သာသည်ဟု ထင်ကြသည်။ စင်စစ်မူ မဟုတ်ပါ။ ရှေ့နေများ၊ တရားခံများ၊ တရားလိုများ၊ သက်သေများ၏ ပြောဆိုချက်များကို သတိထားနားထောင်ရသည်။ လိုအပ်လျှင် ရုံးမေး မေးရသည်။ မှတ်တမ်းတင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း အကြောင်းရှိသည်။ အမှုတိုင်း (တရားရုံးသို့ ရောက်လာသည့် အမှုတိုင်း) ကို တရားသေတွက်လို့မရ။ အချို့သော အပြစ်ရှိသည်ဟု စွပ်စွဲခံရသူတိုင်း အပြစ်မရှိ။ တချို့ ဘူးလုံးနား မထွေးပါလာသည်။ တချို့က ရှေ့နေများ၏ သိုင်းဝိုင်းစွဲဆိုမှုကြောင့် ပါလာသည်နှင့် အမျိုးမျိုး ရှိနေသည်။

တရားဥပဒေမဏ္ဍိုင်ခိုင်မာရေး၊ တရားဥပဒေကို ပြည်သူအများ ယုံကြည်ကိုးစားလာရေးအတွက်မှ အပြစ်မရှိသူ အပြစ်မခံရရေးသည် အရေးကြီး၏။ ဆောင်ပုဒ်တစ်ခုရှိသည်။ "အပြစ်မရှိသူကို မှားယွင်းအပြစ်မပေးမိပါစေနှင့်"

ကျွန်တော်က ဒါကိုအဓိကထားသည်။ တရားခွင်သို့ရောက်လျှင် ချစ်ခြင်း၊ မုန်းခြင်း ကင်းသည်။ ဥပဒေမျက်နှာကိုပဲ ကြည့်သည်။ ယင်းသမို့ ကျွန်တော့်ကို ခင်မင်သူများသည်။

ပြီးတော့ ဥပဒေအတွင်းမှ အကူအညီလိုအပ်သူများရှိလျှင် ကျွန်တော် ကူညီသည်။ ကျွန်တော့် အမှုထမ်းသက်တမ်းတွင် အာမခံပေးရန်သင့်လျှင် ကျွန်တော်လက်မနှေးခဲ့။ မပေးသင့်လျှင်း ကျွန်တော်က ပေးခဲ့သည်မရှိ။ အမှန်အတိုင်း ဖြစ်စေရမည်။

ထို့ကြောင့် ကျွန်တော့်ကို 'ဥပဒေဖတ်စာအုပ်ကြီး'ဟု အချို့က ခေါ်သည်။ မည်သို့ဆိုစေ လူအများက ကျွန်တော့်ကို သဘောကျကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကျွန်တော့်နားနေခန်းတွင်းသို့ ရှေ့ဖတ်စာရေး မောင်လှလှ ဝင်လာသည်။ ဆရာ့ကို လူတစ်ယောက်က တွေ့ချင်လို့ တွေ ခွင့်တောင်းနေပါတယ်''ဟု ပြောသည်။ ကျွန်တော် မျက်လုံးဖွင့် လိုက်သည်။

''ဘယ်သူလဲကွ ဘာကိစ္စလဲ''

''ချစ်ခင် အစ်ကိုလို့ ပြောပါတယ်''

ကျွန်တော် မျက်မှောင်ကြုံ့လိုက်သည်။ ချစ်ခင်ဆိုသော အမည်ကို ကျွန်တော် ရင်းနှီးနေသည်။ ကိုယ်ကို မတ်လိုက်သည်။

''ချစ်ခင်ဆိုတာ''

ရှေ့ဖတ်စာရေး မောင်လှလှက ထိခိုက်နာကျင်မှုနဲ့ အမှု ရင်ဆိုင်နေတဲ့ ချစ်ခင်လေ ဆရာရယ်။ စောစောက ဆရာကြားနာ ခဲ့တဲ့ အမှုက တရားခံပေါ့''ဟု သတိပေးသည်။

''အာမခံအတွက်လား''

''မဟုတ်ဘူးလို့ ပြောတယ်''

''အင်း...ဒါဆို ခေါ်သိုက်လေ''

ကျွန်တော် စီးကရက်တစ်လိပ် မီးညှိလိုက်သည်။

× × ×

မိုးသွေးစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၂)

အခန်းလိုက်ကာကို မဖယ်ကာ လူရွယ်တစ်ဦး ဝင်လာသည်။ အသားညိုညို၊ အရပ်အမောင်း ကောင်းကောင်းပင်၊ အင်္ကျီလက်တိုနှင့် ပုဆိုးကွက်တုံး ဝတ်ထားသည်။ အသက် (၄၀)ကျော်လောက် ရှိသည်။ သူက ရိုသေစွာဖြင့် ကျွန်တော် ချစ်ခင်အစ်ကို ချစ်တင်ပါ ဆရာ''ဟု ပြောသည်။

စီးကရက်ပြာကို တောက်ချွေရင်း …

''ထိုင်ပါ''

မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်သည်။ တစ်ချက်ကြည့်သည်။ ကျွန်တော်က ''ဘာအကြောင်းများ ရှိပါသလဲ ကိုချစ်တင်၊ ဘောင်အတွင်းက အကူအညီဆိုရင် ပြောပါ။ မနစ်နာသင့်ဘဲ မနစ်နာစေရဘူးလို့ ကျွန်တော် တာဝန်ယူရဲပါတယ်''ဟု ပြော၏။

ကိုချစ်တင်က ''ကျွန်တော် ဆရာ့ကို ညီလေးနဲ့ ပတ်သက်လို့ အကူအညီတောင်းချင်လို့ပါ''ဟု ပြောသည်။

ကျွန်တော် စီးကရက်တိုကို ပြာခွက်တွင် ထိုးချေလိုက်၏။ ''ဘာအကူအညီလည်း ကိုချစ်တင်၊ လူမှုရေးရာ ကူညီသင့် ကူညီထိုက်ရင် ကျွန်တော် ကူညီမှာပါ''ဟု ပြန်ပြန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


သူက မရဲတရဲ ကြည့်ရင်း -

"ညီလေးက သူ့ မိန်းကလေးတစ်ဦးနှင့် လက်ထပ်လိုတဲ့ အကြောင်း ဆရာ့ကို ပြောခိုင်းလို့ပါ။ ဆရာကူညီနိုင်ရင် ကူညီပေးပါ ဆရာ"

ကျွန်တော် မျက်မှောင်ကြုံ့လိုက်မိသည်။ ထူးဆန်းသည်ဟု မဆိုနိုင်သော်လည်း အံ့သြရပါသည်။ ထိုအဖြစ်မျိုးက ဖြစ်တောင့်ဖြစ်ခဲပင်၊ အနောက်နိုင်ငံများတွင် ဖြစ်လေ့ ဖြစ်ထ၊ လုပ်လေ့ လုပ်ထ ရှိသော်လည်း ကျွန်တော်တို့နိုင်ငံတွင်မူ ရှားသည် ဆိုရမည်။

ချစ်ခင်က အမှုနှင့် အချုပ်တွင်နေရသူ၊ သူက မည်သူ့ကို လက်ထပ်ချင်သနည်း။

"ဆရာကူညီနိုင်ရင် ကူညီပေးပါဆရာ"

ကိုချစ်တင်က ထပ်ပြောသည်။ ထိုအခါ ကျွန်တော်က "ကျွန်တော့်အနေနဲ့ လက်ဇာပ်ထိမ်းမြားလိုသူကို လက်ထပ်ထိမ်းမြားပေးရတာ အခက်အခဲ မရှိပါဘူး။ ချစ်သူနှစ်ဦး လက်ထပ်လိုရင် လက်ထပ်ပေးရတာ ကျွန်တော်တို့ တာဝန်လေ။ အခုရှိတာက ချစ်ခင်က အမှုနဲ့ အချုပ်မှာနေရသူ"ဟု ပြောရင်း ကိုချစ်တင်ကို ဆက်ခနဲကြည့်ကာ "ထားပါလေ ချစ်ခင်က ဘယ်သူနဲ့ လက်ထပ်ချင်တာလဲ"ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မယဉ်မြင့်နဲ့ပါ"

"မယဉ်မြင့်"ဟု ကျွန်တော်တိုးတိုးညည်းလိုက်ပြီး ကိုချစ်တင်ကိုကြည့်ကာ...

"မယဉ်မြင့်ဆိုတာ ဘယ်ကလဲ၊ ချစ်ခင်တို့ အရပ်ကလား၊ သူ့မိဘတွေကကော"ဟု မေးလိုက်၏။

"အရပ်ထဲက မဟုတ်ပါဘူး။ မယဉ်မြင့်ဆိုတာကလည်း အမှုတစ်ခုနဲ့ အချုပ်ကျနေပြီး ဆရာ့ရုံးမှာ အမှုရင်ဆိုင်ဖြေရှင်းနေသူပါ"

"ဗျာ"

ကျွန်တော် အံ့ဩရပါလေပြီ။

မှန်ပါသည်။ ကျွန်တော် မအံ့ဩလို့လည်း မရပါ။ ယခုတော့ ကျွန်တော်အားလုံးကို ပုံဖော်နိုင်ပါပြီ။

× × ×

(၃)

မှန်ပါသည်။

မယဉ်မြင့်က ကျွန်တော့်ရုံးတွင် သုံးလကြာအမှုဖြင့် အမှုရင်ဆိုင်နေရသူ။ ကျွန်တော့်ရုံးတွင် အချုပ်နှင့်အမှုရင်ဆိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ တစ်လကျော်ကျော်ရှိပြီ။ မယဉ်မြင့်ဆိုမှ မယဉ်မြင့်နှင့် ပတ်သက် ၍ မှတ်မှတ်ရရ ရှိခဲ့သည့်အကြောင်းကို အမှတ်ရသည်။

ရုံးတင်တော့ မယဉ်မြင့် မျက်ရည်လည်ရွဲနှင့်။

"ကျွန်မ မရောင်းသလို ထိုးလည်းမထိုးပါဘူး ဆရာရယ်။ ဈေးရောင်းရင်း ကောက်ရလို့ ယူထားတာပါ။ ကျွန်မ မလိမ်ပါဘူး။

"ဒါဆို မယဉ်မြင့်ဆိုတဲ့နာမည်က အတိုကောက် 'မြင့်' လို့ ပါတာကကော"

"ဒါကလည်း တိုက်ဆိုင်မှုပါ ဆရာ"

မည်သို့ဆိုစေ မယဉ်မြင့်က လက်မှတ်နှင့်တကွ မိထား သဖြင့် မတတ်နိုင်။ ထိုးသည်၊ မထိုးသည်၊ မှန်သည်၊ မမှန်သည် ကို စစ်ရမည်။ ထို့ကြောင့် လောလောဆယ် အချုပ်သို့ ပို့လိုက်ရ သည်။

ထားတော့။ ဒါက အကြောင်းမဟုတ်။ အကြောင်းက ချစ်ခင် နှင့် မယဉ်မြင့်သည် ဘယ်လိုဖူးစာဆုံသနည်း။ အကျဉ်းထောင် တစ်ခုအတွင်း၌ အတူနေရသော်လည်း အကျဉ်းထောင်တွင် တွေ့ နိုင်စရာမရှိ။ အကျဉ်းထောင်က စည်းကမ်းကြီးသည်။

ဒါဆို ဘယ်လိုတွေ့ကြ၊ ဆုံကြသနည်း။

စဉ်းစားရင်း အဖြေပေါ်လာသည်။ ချစ်ခင်နှင့် မယဉ်မြင့်

www.burmeseclassic.com



က ရုံးချိန်းရက် တိုက်နေသည်။ ထောင်မှ ရုံးသို့အတူ လာရမည်။ ယင်းသို့လာရင်း တွေ့နိုင်သည်။ ဒါကလွဲလို့ အခြားမဖြစ်နိုင်။

"ဆရာ…ကူညီပေးနိုင်မလားဆရာ" ကိုချစ်တင်က မေးသည်။

"ဒါက ကူညီသင့်တဲ့ကိစ္စပါ။ မိန်းကလေးကလည်း သဘောတူတယ်ဆိုရင်ပေါ့"

"နှစ်ဦးဆန္ဒနဲ့ ကျွန်တော်လာအကူအညီတောင်းတာပါ ဆရာ"

"အကောင်းဆုံးနည်းကို စဉ်းစားကြည့်မယ်" ဟု ဖြေလိုက်သည်။

"ကျေးဇူးပါပဲ ဆရာရယ်"

ကိုချစ်တင်က လှိုက်လှိုက်လှဲလှဲ ပြောသည်။

× × ×

တကယ်တမ်း ကူညီနိုင်ဖို့ကျတော့ ကျွန်တော်အတော် စဉ်းစားရသည်။ နှစ်ဦးသဘောတူ လက်ထပ်ပေးဖို့ကတော့ ခက်ခဲသည့်ကိစ္စမဟုတ်။ လက်ထပ်ပြီး တစ်ယောက်တစ်ကွဲ အချုပ်ထဲ ပြန်သွားရလျှင် မကောင်းပေ။ ဇနီးမောင်နှံဖြစ်လျှင် ပျော်ရွှင်မှု ရှိရမည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လူသားတစ်ဦးပီပီ လူသားချင်း စာနာစိတ်နှင့် စဉ်းစားသည်။ စဉ်းစားသည့်နေရာတွင်လည်း ဥပဒေရေးရာကို ဂရုထားရသည်။ ပုဂ္ဂိုလ်ရေးနှင့် ဥပဒေရေးရာ ရောလို့မရ။ ဒါက အဓိကကျသည်။ ယင်းသမို့ ချစ်ခင်နှင့် မယဉ်မြင့်တို့အမှုတွဲများကို စစ်ဆေးကြည့်ရှုရသည်။

ထိုအခါ ကျွန်တော့်အတွက် ဝမ်းသာစရာတွေ့ရ၏။ ချစ်ခင်အမှုကလည်း အသေအချာ ဆန်းစစ်လိုက်တော့ လူငယ်ပီပီ ဒေါသကြောင့် ဖြစ်ရခြင်းပင်။ တစ်ဖက်မှလည်း ဒဏ်ရာကြီးကျယ်သည်မဟုတ်။ ထို့အတူ တရားလိုဘက်မှလည်း အမှုစွဲစဉ်က ကျားစီးဖားစီးဖြစ်ခဲ့သော်လည်း ယခုပျော့နေပြီ။ ကျေအေးသယောင် ရှိနေပြီ။ သို့နှယ်ပင် ချစ်ခင် ချုပ်ရက်က ငါးလကျော်နေပြီ။ ခြောက်လပြည့်ဖို့ ဆယ်ရက်လောက်သာ လိုတော့သည်။

ထို့ကြောင့် ဥပဒေအကြောင်းအရ 'ကြီးသောအမှုကိုငယ်၊ ငယ်သောအမှုပ' ဆိုသော စကားနှယ်ပြောရလျှင် ချစ်ခင်ကို ချုပ်ရက်နှင့်ဖြတ်လိုက်ရင်ရပြီ။ ဆယ်ရက်ဆိုတာလည်း ကြာသည်မဟုတ်။

သို့သော် မယဉ်မြင့်ကမူ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ငါ့အခွင့်အာဏာပဲ။ ကူညီသင့်တာ ကူညီသင့်တယ်"ဟု ဆုံးဖြတ်လိုက်သည်။

ထို့အတူ နောက်ဆယ်ရက်ကြာသောအခါ...

× × ×

(၄)

တနင်္လာနေ့....

ထိုနေ့က ချစ်ခင်ကို ချုပ်ရက်နှင့် ဖြတ်လိုက်သည်။ ပြစ်ဒဏ် (၆)လ ချလိုက်သော်လည်း ချုပ်ရက်နှင့် ပြစ်ဒဏ်ချသည့်နေ့မှာပင် ချစ်ခင် လွတ်ခဲ့သည်။ မယဉ်မြင့်ကိုမူ အာမခံနှင့်အမှုကို ရင်ဆိုင်ဖြေရှင်းခွင့်ပြုလိုက်၏။

ထိုနေ့ညနေပိုင်းတွင် ကျွန်တော်ကိုယ်တိုင် ဥပဒေအရ ချစ်ခင်နှင့် မယဉ်မြင့်တို့ကို နှစ်ဦးသဘောတူ လက်ထပ်ပေးလိုက်သည်။ နှစ်ဦးလုံး ပျော်တပြုံးပြုံးနှင့်။

"ဆရာ့ကို အရမ်းကျေးဇူးတင်တာပဲ"

"ကိစ္စမရှိပါဘူးကွာ။ တကယ်တော့ ငါ[illegible]၀န်အရ မင်းတို့ကို တာဝန်အလိုက် လုပ်နေရတာပါ။ ငါလည်း လူသားပါ စာနာတတ်ပါတယ်။ ခုကိစ္စကလည်း ကုသိုလ်တစ်ခု ပြုတာလေ"

www.burmeseclassic.com



ချစ်ခင်နှင့် မယဉ်မြင့်က ရုံးမှာပင် ကျွန်တော့်ကို ကန်တော့ကြသည်။ ကျွန်တော် ဘာဆုပေးရမည် မသိပါ။ ထို့အတူ ချစ်ခင်နှင့် မယဉ်မြင့်အနာဂတ်ကို ကျွန်တော်ကြိုတွေးမကြည့်ချင်ပါ။ သူတို့ပျော်နေသည်ကိုကြည့်ကာ ကျွန်တော်မပျော်နိုင်ပါ။

အဘယ့်ကြောင့်ဆိုသော် ချစ်ခင်ကမူ အမှုမှ ကွင်းလုံးကျွတ်လွတ်သွားပြီဟု ဆိုနိုင်သော်လည်း မယဉ်မြင့်ကမူ မလွတ်သေးပါ။ အာမခံနှင့် နေရသူဖြစ်သဖြင့် အပြစ်ဒဏ်ခံရနိုင်သည်။

သည်အခါ....သည်အခါ...

× × ×

သက်သေများကို စစ်ဆေးပြီး လျှောက်လဲချက်လည်း ပြီးပြီ၊ ရုံးမိန့်သာ ရှိတော့သည်။ ကျွန်တော် အာမခံပြန်မရုတ်ခဲ့ပါ။ အမှုစီရင်ချက်ချမည့်နေ့ကို ချိန်းလိုက်သည်။

တိုက်တိုက်ဆိုင်ဆိုင် အမှုစီရင်ချက်ချမည့်နေ့ကလည်း တနင်္လာနေ့၊ သောကြာနေ့ ရုံးဆင်းခါနီး ချစ်ခင်ရောက်လာသည်။ သူနှင့် ကျွန်တော်က ရင်းနှီးနေပြီ။

"မယဉ်မြင့်ကို ကူညီပါဦးဆရာ။ သူ အရမ်း စိတ်ဆင်းရဲနေတယ်"

မိုးသောက်စာပေ

www.burmeseclassic.com


"ငါကြိုတွေးမိတယ် ချင်ခင်။ ငါ မင်းတို့ဆန္ဒကို မပိတ်ပင်ချင်လို့ လုပ်ပေးခဲ့တာ"

"ဆရာရယ် ဆရာ့တပည့်မကို ကူညီပါနော်"

သူက ဒါပဲ ပြောသည်။ ကျွန်တော် ဘာပြောရမည် မသိ။ သူတို့သည် မမျှော်လင့်ဘဲ ပတ်သက်မှု ရှိလာခဲ့သလို ခင်မင်ရင်းနှီးနေသည်မှာ အမှန်ပင်။ သို့သော် ပုဂ္ဂိုလ်ရေးကို ကြည့်လို့မရ၊ ဥပဒေရေးကို ကြည့်ရမည်။ တရားဥပဒေမဏ္ဍိုင်ခိုင်မာရေး၊ တရားဥပဒေကို ပြည်သူအများ ယုံကြည်ကိုးစားရေးကို ဥပေက္ခာပြု၍ မရ။

မယဉ်မြင့်သည် သုံးလုံးထီရောင်းသူမဟုတ်။

သို့သော် လောင်းကစားသူဟု ဆိုရမည်။ လက်မှတ်က သက်သေခံနေသည်။ သူ့ကို လွှတ်လိုက်လို့မရ၊ ဥပဒေအရ သူ့ကို ထိုက်သင့်သလို သက်ညှာစွာ အပြစ်ပေးရမည်။

ထို့အတူ တနလ်ာနေ့.....

စီရင်ချက်ချခဲ့သည်။

သုံးလုံးထီ လောင်းကစားကြောင်း သက်သေထွက်ချက်နှင့် အတူ သက်သေခံလက်မှတ်ရှိနေသဖြင့် အလုပ်နှင့် လောင်ဒဏ် (၆)လ ကျခံစေရန် အမိန့်ချလိုက်သည်။

မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နားနေခန်းဝင်တော့ ချစ်ခင်က "ဆရာရယ်… ဆရာ့ကို ကျေးဇူးအများကြီး တင်ပါတယ်" ဟု ဝမ်းသာအားရ ပြောသည်။

ကျွန်တော် ဝမ်းမသာနိုင်ခဲ့ပါ။

အဘယ့်ကြောင့်ဆိုသော် မယဉ်မြင့်အား အာမခံရုတ်၍ အချုပ်ထဲသို့ ပြန်ထည့်ပြီး မကြာမီ ထောင်သို့ ပို့ခါနီးတွင် မယဉ်မြင့် နှလုံးသွေးရပ်ကာ သေဆုံးသွားကြောင်း အမင်္ဂလာသတင်းကို ကြားလိုက်ရသောကြောင့်တည်း။

ဩော် …..ကုသိုလ်ကြဖွှာ မမီခဲ့လေသလား မယဉ်မြင့်ရယ် …

ဖြစ်ရပ်မှန်မဂ္ဂဇင်း

၁၉၉၉–ခုနှစ်၊ ဒီဇင်ဘာလ

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com


# ကြေးစည်သံ

ထောင်မှာ စည်းကမ်းရှိသည်။ ဘာသာရေးနှင့် ပတ်သက်သည့် စည်းကမ်း ဖြစ်သည်။ ည (၇)နာရီတိတိတွင် ဘုရားရှိခိုးရမည်။ နံနက် (၅)နာရီထပြီး ဘုရားရှိခိုးရသည်။ အဆောင်တိုင်း မရှိခိုးဘဲနေလို့ မရ။ သို့သော် တစ်ခန်းနှင့်တစ်ခန်းမှု ဘုရားရှိခိုးပုံခြင်းမတူ။ အချို့အခန်းက စနစ်တကျ၊ ဂရုတစိုက်ရှိသည်။ အချို့အခန်းကမူ ပြီးပြီးရော ရှိခိုးသည်။ ဒါက အခန်းလူကြီးအပေါ်တွင် မူတည်သည်။

ကျွန်တော်တို့ ပုံစံခန်းကမူ ထူးခြားသည်ဟု ဆိုရမည်လား မသိ။ အခြားအခန်းနှင့်မတူ။ ဘုရားရှိခိုးချိန်ကို အဓိကထားသည်။ အခန်းလူကြီးက ဘာသာရေးသမား။ ဘုရားရှိခိုးချိန် အနှောင့်အယှက်ပြုလျှင် လုံးဝလက်မခံ။ ကျန်တာကို ဖော်ပွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ပုံစံခန်းမှာ သာမန်ဘုရားရှိခိုးပုံစံဖြင့် ဘုရားရှိခိုးခြင်း မပြု။ စနစ်ကျသည်။ ဘုရားပင့်သည်။ ပြီးမှ ဘုရားရှိခိုး၊ ငါးပါးသီလခံ၊ အမျှပေးဝေသည်။ အမျှဝေပြီးလျှင် ကြေးစည်သံကြားရသည်။ ဘုရားရှိခိုးပြီးလျှင်တော့ လွတ်လပ်စွာနေ သူခွင့်ပြုသည်။

ဟုတ်သည်။ ဒီအခန်းလူကြီး 'ဖိုးဟန်'က တစ်မျိုး။ သူက အပကအမှုဖြင့် ထောင်ကျလာသူ၊ အနှစ်နှစ်ဆယ်။ ထောင်ထဲမှာ နေသက်ကြာပြီ။ သို့ပေမယ့် သူက ထောင်ကျင့်မရှိ၊ ထောင်ဇယား မရှိ။ လူကိုလူလိုမြင်သည်။ ခွင့်လွှတ်တတ်သည်။ သို့တစေ ဘာသာရေးကိစ္စနှင့်တော့မရ။

သူက ပြတ်သည်။ ပုံစံခန်းသို့ ကျသစ်ရောက်လာလျှင် ပုံစံပြကာ ပုံစံပြ၊ ထောင်စည်းကမ်း၊ ထောင်ထဲက ဆောင်ရန် ရှောင်ရန်တွေ ပြောပြီးလျှင် အခန်းလူကြီးက ကျသစ်တို့ကို စကား ပြောသည်။

"ဒီအခန်း' ဘ ပုံစံခန်းဆိုတဲ့အတွက် တခြားအခန်းတွေ ထက်တော့ စည်းကမ်းပိုရှိရမယ်။ ချုပ်ချယ်မှုနဲ့တော့ ဒီအခန်းမှာ ဟန့်တားမှုမရှိစေရဘူး။ ဒီအခန်းမှာနေခိုက် ကျသစ်အားလုံး သတိ ထားရမှာက ဘုရားရှိခိုးတဲ့ကိစ္စပဲ။ ဘာသာခြားတွေ၊ ဘာသာကွဲ တွေနဲ့ စိတ်မဝင်စားသူတွေ လွတ်လပ်စွာနေနိုင်တယ်။ ဒါပေမယ့်


www.burmeseclassic.com

www.burmeseclassic.com



နောင့်ယှက်တာကိုတော့ ကျုပ်ခွင့်လွှတ်မှာ မဟုတ်ဘူး။ ကျုပ်ပြောတာ အားလုံးသဘောပေါက်ကြပါ''

ကျွန်တော်တို့ ပုံစံခန်းစရောက်စဉ်က သူတစ်မျိုးပဲဟုနားလည်မိသည်။ သို့သော် ကျွန်တော်တို့အတွက် ကိစ္စမရှိ။ ကျွန်တော်တို့က ဘာသာရေးသမားပဲ။ ဟုတ်သည်။ ဒီဘာသာရေးကိစ္စကြောင့်ပဲ အခန်းလူကြီးနှင့် ကျွန်တော်တို့ ပိုပြီးရင်နှီးရသည်။ သည်ကြားထဲ ကျွန်တော်တို့ပုံစံခန်းမှာ ဆက်နေရသည်။ ကျွန်တော်က ဘုရားဘုတ်ကိုင်။ ကျွန်တော့်တပည့်က အခန်းစာရေး။ ပြီးတော့ ကျွန်တော်တို့က အပ်ထည်တွေ။

× × ×

(၂)

ဘုရားရှိခိုးချိန်မှာ ပြဿနာဖြစ်သည်။ အောင်ချိန်နှင့် ခင်ဝင်းတို့ ဘုရားရှိခိုးရင်း ထထိုးကြသည်။ ဘုရားရှိခိုးချိန်မှာ ထထိုးကြသဖြင့် ဘုရားရှိခိုး ခေတ္တရပ်သွားသည်။ ကျွန်တော်တို့ ရန်ပွဲကိုဟန့်တားရသည်။ အခန်းလူကြီးက မျက်နှာနီသွား၏။

''ရန်ဖြစ်တဲ့ခွေးနှစ်ကောင် ဘုရားရှိခိုးပြီးရင် ပေါ်လာခဲ့ကြ''



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ချက်လွှတ် အမိန့်ထုတ်သည်။ ဒီနှစ်ကောင်တော့ မလွယ်တော့ဟု ကျွန်တော်တို့ နားလည်ကြသည်။ ပိုဆိုးမည်က ရန်မီးထမွှေးသူ။ အခန်းလူကြီးအကြောင်းကို သိနေသဖြင့် ဘုရားရှိခိုးပြီးအရေးကို ရင်လေးနေသည်။

ခုတော့ ဘုရားရှိခိုးပြီးပြီ။ အမျှဝေပြီးပြီ။

"နောင်…ဒူဝေ…ဒူဝေ…"

ကြေးစည်သံ ပျံ့လွင့်လာသည်။ ထို့နောက် အခန်းတစ်ခုလုံး ငြိမ်သက်သွားသည်။ တော်ကြာလျှင် စကားသံတွေ ညံစည်လာမည်။ ဒါက ဓမ္မတာပဲလေ။ ထိုစဉ် ဘုရားရှိခိုးချိန် ရန်ဖြစ်သည့် အောင်ချိန်နှင့် ခင်ဝင်းတို့ ရောက်လာသည်။

အခန်းလူကြီးမျက်နှာ နီနေသည်။ နှစ်ဦးသား အခန်းလူကြီး၏ရှေ့တွင် ထိုင်ကြသည်။ ငြိမ်နေကြသည်။

"ကဲ…မင်းတို့ ဘာပြောချင်လဲ"

အခန်းလူကြီးက ပြောသည်။ ခင်ဝင်းက "ဒီလိုဖြစ်အောင် သူလုပ်တာပါ"ဟု စောဒကတက်သည်။ အခန်းလူကြီးက အောင်ချိန့်ကို ကြည့်လိုက်သည်။ အောင်ချိန့် ခေါင်းငုံ့နေသည်။

"ကဲ..မင်းကော ဘာပြောလဲ"

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



အောင်ချိန်က ''ဒီအသံတွေကြားတော့ ကျွန်တော့်ရင်ထဲမှာ လှုပ်ရှားလာတယ်။ ချုပ်တည်းလို့ မရဘူး''ဟု ပြောသည်။

''ဘယ်သူ့အသံကိုလဲ''

အခန်းလူကြီးက မေးသည်။

''ဒီ...ဒီ''

အောင်ချိန် အပြောခက်နေပုံရသည်။ အခန်းလူကြီး သဘောပေါက်သွားသည်။ ကျွန်တော်တို့ပါ သဘောပေါက်သွားသည်။ ချက်မှောင်ကြုံ၍ ကြည့်လိုက်သည်။

''မင်း ဘာလူမျိုးလဲ''

''ဗမာလူမျိုး''

''မင်းမိဘတွေက''

''မြန်မာတွေပါ''

''သြော်...ဗမာကမွေးတဲ့ မြန်မာလူမျိုးတွေဖြစ်ပြီး ဘာသာတရားကို ကိုင်းရှိုင်းရကောင်းမှန်း မသိဘူး။ မင်းတို့ကို တရားခမ္ဘသံပေးနေတာ၊ ကြေးစည်သံပေးနေတာက မင်းတို့အနာဂတ်အတွက်ပဲကွ။ ဇိကုပ်ပြီး နတ်ပြည်ကိုတင်ပေးတာ မင်းတို့ အေးတယ်လို့ ငြင်းချင်တယ်။ ကဲကွာ..ကဲကွာ''

''ဖြန်း...ဖြန်း''



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို ကျွန်တော်ငေးကြည့်နေမိသည်။ အခြေအနေ၊ အဖြစ်အပျက်ကိုကြည့်ရင်း လျှို့ဝှက်မှုတစ်ခုကို နားလည်လာသည်။ ဒါဘာဖြစ်သည်။ ဘယ်ကစသည်ကို ကျွန်တော်စူးစမ်းရဦးမည်။

× × ×

(၃)

"အောင်ချိန်က လူသတ်မှုနဲ့ ထောင်ကျလာတာလေ"

တပည့်မောင်ဝင်းက အခန်းစာရေး။ ကျသစ်ရောက်လာလျှင် အမည်၊ ကျနှစ်၊ တရားရုံးစာရင်းယူရသည်။ မောင်ဝင်းက အောင်ချိန်ကို နေရာသို့ ပြန်လွှတ်လိုက်လျှင် ပြောပြသည်။

"ဒီကလေးက ဒါကြောင့် ကြမ်းကြမ်းတမ်းတမ်းနေတာကိုး။ ဒီလိုကြမ်းတမ်းမှုဟာ ဘဝကို ပူလောင်စေတယ်ဆိုတာ သူ မသိသေးဘူးလေ။ အင်း...သူ နောင်တရအောင် လုပ်ပေးဖို့ လိုတယ် မောင်ဝင်း"

"သူဟာ ကြမ်းတမ်းပေမယ့် ရိုင်းရိုင်းတော့ မရပါဘူး"

ကျွန်တော် ခေါင်းဆတ်လိုက်သည်။ အောင်ချိန်ကို တွေ့ချင်သော်လည်း ချက်ချင်းတွေ့လို့ မဖြစ်သေးပါ။ သူလည်း ယခု

www.burmeseclassic.com



အဖြစ်ကြောင့် ပေါက်ကွဲကောင်း ပေါက်ကွဲနေလိမ့်မည်။ သို့တစေ ကြမ်းတမ်းခက်ရော်မှုသည် နူးညံ့သိမ်မွေ့မှုဟု ပြောလို့ရသည်။ သူကလေးသည် နူးညံ့သိမ်မွေ့ခြင်းကို ခံစားနားလည်ပုံမရ။ ထို့ကြောင့် ကြမ်းတမ်းခြင်းကို တွေးပိုက်နေခြင်းဖြစ်မည်ဟု သိနေသည်။

သူ မသိသေးပါ။ သူ့ကို ကျွန်တော့်ရင်ထဲမှာ ပြောချင်တာတွေ ရှိနေပြီ။ အောင်ချိန်သည် အာဠာဝကဘီလူးကြီး မဟုတ်ပါ။

× × ×

မနက် (၅)နာရီ ဘုရားရှိခိုးရသည်။ ပြဿနာ မရှိ။ မေတ္တာပို့သံ၊ အမျှဝေသံ၊ ကြေးစည်သံတို့ ဝေစည်နေသည်။ ဘုရားဝတ်ပြုပြီး ခေတ္တနားရသည်။ တချို့ထိုင်လျက် အိပ်ကြသည်။ နံနက် (၆)နာရီတွင် အိပ်ဆောင်များကို အဆောင်မှူးက လိုက်ဖွင့်သည်။ လူစစ်သည်။ သို့တစေ အပြင်သို့မူ မထွက်ရသေး။

နံနက် (၇)နာရီတွင် တန်းစီသည်။ အလုပ်ခွဲသည်။ ကျွန်တော်က အခန်းစာရေးနှင့် ပုံစံပြအား အောင်ချိန်ကို ဘုရားသို့ ထည့်ရန် မှာသည်။ ကျွန်တော့်တွင် အစီအစဉ်ရှိ၏။ အောင်ချိန်နှင့်ကျွန်တော် စကားပြောရဦးမည်။ အောင်ချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



လှို့ဝှက်သော အကြောင်းတစ်ခုရှိမည်ဟု သိနေ၏။ ဒါကို ကျွန်တော် အဖြေရှာရဦးမည်။

နေရောင်ခြည်သည် ဝင်းလဲ့လျက် ...ဝါရွှေသော နေရောင်စက်တို့လည်း ဗောဓိပင်မှ ဗောဓိရွက်တို့ကြားမှ ဖြာလက်စီးကျနေသည်။ လေကဝေ့တိုက်နေ၏။ လေအဝေ့တွင် ဆည်းလည်းသံကို ကြားရ၏...

ကျွန်တော်သည် ဗားမဲ့ဆရာတော်၏ ဂါထာတစ်ပုဒ်ကို ခပ်တိုးတိုးရွတ်ရင်း ရင်ပြင်တွင် လမ်းလျှောက်နေ၏။ လူသည် ကုသိုလ်၊ အကုသိုလ် ပဋိပက္ခကြားတွင် သောကဝေရ၏။ ကံကြမ္မာသည် မြင်နိုင်စွမ်းမရှိ။ အကုသိုလ်ကို ကုသိုလ်နှင့် ငြိမ်းသတ်ရသည်။

"အဘ...ခေါ်လာပြီ။ ဘာလုပ်ခိုင်းမလဲ"

ကျွန်တော် တနင်္ဂနွေထောင့်တွင် ရပ်လိုက်သည်။ ထိုစဉ် ဘုရားအတွက် အခေါ်ခိုင်းသည့် လုပ်အားပေးများ ရောက်လာပြီဖြစ်ကြောင်း သတင်းပို့သည်။ ခင်ဇော်၊ ပုဒ်မ (၃၈[illegible])၊ ခိုးမှုနှင့် ထောင်ကျသူ။ ကျွန်တော်အားလုံးကို မျက်နှာချင်းဆိုင်လိုက်သည်။ ခေါ်လာသည့် လူ (၁၀)ယောက်တွင် အောင်ချိန်ပါလာသည်။ ကြမ်းပြင်တိုက်ရန်၊ တံတိုင်းတိုက်ရန်၊ ဘုရားပန်းအိုးလဲရန် လူခွဲသည်။

www.burmeseclassic.com



"မောင်အောင်ချိန်...မင်း အမှိုက်ကောက်"

"ဟုတ်ကဲ့...အဘ"

ထို့နောက် အောင်ချိန် အမှိုက်ကောက်သည်။ ကျွန်တော် ဘုရားပရိဝုဏ်အတွင်းဝယ် လမ်းလျှောက်ရင်း ဂုဏ်တော်ပုတီးစိပ်သည်။ ဒါက ကျွန်တော်၏ နိစ္စဓူဝအလုပ်။ ကျွန်တော် ပုတီးစိပ်ပြီးလျှင် အောင်ချိန်ကို ကြည့်သည်။ အောင်ချိန် အမှိုက်ကောက်နေဆဲ။ ဗောဓိညောင်ပင်အောက်သို့ ရောက်လျှင် ကျွန်တော် အောင်ချိန်ကို ကြည့်လိုက်သည်။

"မင်း ဆေးလိပ်သောက်လား"

"ရပါတယ် အဘ"

သူအားနာနေသည်ကို ကျွန်တော်သိနေသည်။ ထောင်ထဲမှာက ဆေးလိပ်က တန်ဖိုးရှိသည်။ ဆေးလိပ်က ပိုက်ဆံလည်းဖြစ်သည်။

"ရော့ပါ...သောက်တတ်ရင် သောက်ပါ"

ကျွန်တော် ကျွဲတစ်ကောင် ပေးလိုက်သည်။

"အဘ..မင်းကို စကားပြောချင်လို့ကွဲ"

သူက ကျွန်တော့်ကို ကြည့်သည်။

"ညက ကိစ္စလား အဘ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ကျွန်တော် အဘကိုတော့ မလိမ်ချင်ဘူး အဘရယ်။ ကျွန်တော် ရတနာသုံးပါးကို မရိုသေလို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော် ဒီတရားမဲ့သံတွေကို မကြားချင်ဘူး။ ဒီအသံတွေကို ဖန်တီးသူက ကျွန်တော့်ဘဝကို ဖျက်ဆီးလိုက်တယ်လေ"

"အင်း…မင်းအဖြစ်က စိတ်ဝင်စားစရာကိုး"

သူက သက်ပြင်းရှိုက်လိုက်သည်။ ရေညှိတို့နှင့် ထောင်နံရံကို ငေးကြည့်နေသည်။

× × ×

(၄)

အောင်ချိန်တွင် မိဘမရှိချေ။ အောင်ချိန့်မိခင်သည် အောင်ချိန် လူမှန်းမသိခင်ကတည်းက လောကကြီးကို စွန့်ခွာသွားသည်ဟု သိရသည်။ အဖေကိုမူ အောင်ချိန်လည်း မသိ၊ တွေ့လည်း မတွေ့ဘူး။ အောင်ချိန်သည် ဂေါ်လီဘောတံတား ကီလီဈေးတွင် လူလားမြောက်ခဲ့သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ချိန်သည် ဈေးသည်များစွာနှင့် ခင်မင်သည်။ အထူးသဖြင့် အောင်ချိန်သည် ဦးဒေဝနှင့် ပိုမိုခင်မင်သည်။ ဦးဒေဝက ညဘက်အရက်သောက်သည်။ မနက်ပိုင်း နေ့လည်ပိုင်းတွင်တော့ ဦးဒေဝသည် ရန်ကုန်မြို့ထဲရှိ အလှူခံမဏ္ဍပ်တွင် ဟောသည့် ပြောသည့်အလုပ်လုပ်သည်။ အလှူခံပုဂ္ဂိုလ်။

ပြောရလျှင် အောင်ချိန်လူသတ်မှုဖြစ်ရသည်မှာလည်း ဦးဒေဝကြောင့် ဖြစ်သည်။ ဦးဒေဝ၏ မရိုးဖြောင့်မှု၊ မတည်ကြည်မှုကြောင့် ဖြစ်သည်။ ကြည့်လေ၊ တစ်နေ့ ဦးဒေဝနှင့်အောင်ချိန် အလှူခံမဏ္ဍပ်တစ်ခုသို့ ရောက်သည်။ စင်စစ်မူ ဒီမဏ္ဍပ်သို့ ဦးဒေဝခေါ်သဖြင့် အောင်ချိန်ရောက်သည်မှာလည်း သုံးလေးခါလောက် ရှိပြီ။ ဒီကနေ့တော့ အောင်ချိန် မဏ္ဍပ်သို့ ရောက်ချိန်တွင် လူသိပ်မရှိ။ ထိုစဉ် ဦးဒေဝက အောင်ချိန့်ကို အထုပ်တစ်ထုပ်ပေးသည်။ အထုပ်က လေးသည်။

"ဘာတွေလဲ အဘ"

အောင်ချိန်က မေးသည်။

"ဘာမှမဟုတ်ပါဘူးကွာ။ ငါ့ပစ္စည်းတွေပါ။ ညနေကျ ငါပြန်ယူမယ်"

"ဒါဖြင့် ပြီးရောလေ"



www.burmeseclassic.com

www.burmeseclassic.com



သို့သော်မပြီး။ အောင်ချိန် အထုပ်ယူပြီး ကီလီသို့အပြန် ကားဂိတ်သို့အရောက် ပြဿနာဖြစ်သည်။ မဏ္ဍပ်မှလူများလိုက်လာသည်။ အောင်ချိန့်ပစ္စည်းကို တောင်းကြည့်သည်။ အထုပ်ထဲမှာ ငွေစက္ကူအချို့နှင့် ခေါင်းလောင်းကလေးတစ်လုံးပါသည်။ ပစ္စည်းကိုတွေ့တော့ တစ်ယောက်က အောင်ချိန့်ကို နားရင်းအုပ်သည်။

"ခင်ဗျားဘာလုပ်တာလဲ။ ဘာဖြစ်လို့ ကျွန်တော့်ကို ရိုက်တာလဲ"

"အံမယ်...သူခိုးက လူဟစ်ပြန်ပြီ"

"ဘာ..ခင်ဗျား စော်ကားလှချည်လား"

ပြဿနာက ဒီမှာစသည်။ ရန်းရင်းဆန်ခတ်ဖြစ်သည်။ လက်လွန်ခြေလွန်ဖြစ်ကုန်သည်။ သည်ရန်ပွဲမှာ အောင်ချိန်၏ လက်ချက်နှင့် မဏ္ဍပ်မှ ထွန်းအောင်ကျော် ပွဲချင်းပြီးသေသွားသည်။ အောင်ချိန် လူသတ်မှု၊ ခိုးမှုနှင့် တရားစွဲဆိုခံရသည်။ ပုဒ်မ - ၃၀၂/၃၈၀။

သူစကားရပ်လျှင် ကျွန်တော်က ..

"ဒီကိစ္စကို ဦးဒေဝက ရှင်းမပေးဘူးလား" ဟု မေးသည်။

"အလကားကောင်ကြီးပါ။ ပါးစပ်က ဘုရား ဘုရားဆိုပြီး လက်က ကားယားကားယား လုပ်တယ်။ ဝန်မခံရဲဘူး။

www.burmeseclassic.com

www.burmeseclassic.com


တရားရုံးမှာ သက်သေအဖြစ်လာတွက်တော့ ကျွန်တော့်ကိုအပြစ်ပုံချတယ်လေ''

အောင်ချိန့်မျက်နှာတွင် ဒေါသရိပ်ဝေနေ၏။ ကျွန်တော်သူ့ကို အကဲခတ်ကြည့်ရင်း သူ့ခံစားမှုကို နားလည်လာသည်။

''အင်းလေ… မင်းရဲ့ပေါက်ကွဲမှုဟာ ပေါက်ကွဲမယ်ဆိုလည်း ပေါက်ကွဲထိုက်ပါတယ်''ဟု ပြောမိသည်။

''တရားစမ္မသံဟာ ငြိမ်းအေးမှုလို့ လူတွေက ပြောကြပေမယ့် ကျွန်တော့်ဘဝ၊ ကျွန်တော့်ခံစားမှုနဲ့ ယှဉ်ကြည့်ပြန်တော့ဒီ အသံတွေဟာ ကျွန်တော့်ဘဝအေးငြိမ်းမှုကိုမပေးနိုင်ဘူး။ ဒီအသံဖန်တီးသူက ကျွန်တော့်ဘဝ မှောင်ကျအောင် လုပ်လိုက်တယ်။ကျွန်တော် ဘယ်လိုခံစားနားလည်ရမလဲ''

''အေး…မင်းပြောတာ မမှားဘူး။ မှန်တယ်။ လောကမှာကောင်းမှုနဲ့ မကောင်းမှု ဒွန်တွဲနေတယ်။ လူတွေမှာလည်း ကောင်းမှုပြုသူနှင့် မကောင်းမှုပြုသူဆိုတာ ရှိတယ်။ မင်းဟာ မကောင်းမှုပြုသူနဲ့ ပေါင်းမိတာကိုး''

သူက ထလိုက်သည်။ ညောင်ရွက်လှုပ်ခတ်သံကို ကြားရသည်။ သူသည် မီးသေနေသော ဆေးလိပ်ကို မီးညှိသေးပေ။ သူငေးကြည့်ရင်း …

www.burmeseclassic.com



သည်လိုနှင့် အောင်ချိန်နှင့်ကျွန်တော် ရင်းရင်းနှီးနှီး ရှိလာ၏။ သူက ရင်ထဲမှ ခံစားချက်ကို ပြောပြတတ်သည်။ ဒုက္ခ၊ အဆင်မပြေမှု၊ အကျပ်အတည်းများကို ရင်ဆိုင်ရလေတိုင်း သူ့ကို ဒုက္ခပေးခဲ့သည့် ဦးဒေဝကို မကျေမနပ် ဖြစ်တတ်သည်။

"အဘရယ်…ကျွန်တော်လေ ဖြစ်နိုင်ရင် ဦးဒေဝဆီ အရောက်သွားချင်တယ်။ ဦးဒေဝကို လက်စားချေလိုက်ချင်တယ်"

သူကပြောင်။ သူ့ကို ကျွန်တော်သနားလာသည်။ သူ့ခမျာ မျှော်လင့်သော စိတ်အတွေးနှင့်သောကကို ဖယ်ယူနေပါပေကော ဟု နားလည်ရသည်။ သူသည် ငယ်ရွယ်သူဖြစ်သဖြင့် ဆန္ဒကို ရှေ့တန်းတင်နေသည်။ စိတ်ကို မချုပ်တည်းနိုင်။ စိတ်ကို မချုပ်တည်းနိုင်သဖြင့် အပူဟပ်ခံနေရသည်။

"ဘာလို့ ဒုက္ခကို အရောင်ဆိုးနေတာလဲ …. မောင်အောင်ချိန်"

"ဗျာ"

သူ အံ့ဩသွားပုံရသည်။ "မင်းအံ့ဩသွားသလား" ဆိုတော့ သူ ခေါင်းညိတ်သည်။ ကျွန်တော်က ..

"မင်းမှာ စိတ်အင်အားတွေ သိပ်နည်းနေပြီလို့ ပြောရမယ် မောင်အောင်ချိန်။ စိတ်အင်အားနည်းတာကို စိတ်အင်အားပြန်



www.burmeseclassic.com

www.burmeseclassic.com


မသွင်းရင် စိတ်အင်အားနည်းနေရင် စိတ်အပူငွေ့လို့ခေါ်တဲ့ ကိလေသာရန်သူရဲ့ အနိုင်ကျင့်ခြင်း ခံရတာပဲ။ ဒီလို စိတ်အပူငွေ့ ရဲ့ အနိုင်ကျင့်ခြင်းကိုခံရရင် စိတ်စွမ်းအင်တွေကျပြီး စိတ်ညစ်တာ၊ စိတ်ပင်ပန်းတာ၊ စိတ်အလိုမကျတာတွေ ခံစားရတာပဲ။ အဆိုးဆုံး က သူတော်ကောင်းဂုဏ်ရည်တွေ ကျဆင်းသွားတာပဲ"

ဟု ပြောလိုက်လျှင် သူငြိမ်ပြီး နားထောင်နေရာမှ ဆတ်ခနဲ ကျွန်တော့်ကို ကြည့်သည်။

"သူတော်ကောင်းဂုဏ်ရည်တွေ ကျဆင်းသွားတယ် ဟုတ်လား"ဟု ပြန်မေးသည်။

"ဟုတ်တယ်...သူတော်ကောင်းဂုဏ်ရည်ကျဆင်းသွား ရင် စိတ်အစဉ်ဟာ ပေါက်ကွဲကုန်တော့တာပဲ။ စိတ်မှာ ပူလောင် မှုတွေ၊ မုန်းတီးမှုတွေ ဖြစ်လာမယ်။ ဒါတင်ဆို တော်သေးရဲ့။ ဒီ့ထက်ကဲပြီး ကိုယ်နှုတ်ကိုပါ ပူးကပ်လာမယ်ဆိုရင် အပြုမှား၊ အပြောမှားတွေ ဖြစ်လာမယ်။ ဒါဆို အမှားချင်းဆက်ပြီး ဒုက္ခဖြစ် ရမယ်။ အဘကတော့ မင်းကို ခင်မင်လာတော့ မင်းစိတ်ရဲ့ လွင့်ပါးမှုတွေကို မဖြစ်စေချင်ဘူး။ ကိုယ့်စိတ်ကို ကိုယ်ထိန်းစေချင် တယ်။ ဒါဆိုရင် သူတော်ကောင်းစိတ်အမြုတေဟာ အလိုလို ပူးကပ်လာမယ်။ သဒ္ဒါတရား အားကောင်းလာပြီး သူတော်ကောင်း

မိုးမြေစာပေ
www.burmeseclassic.com

www.burmeseclassic.com



(၅)

ကျွန်တော်လည်း စာရေးဆရာပီပီ သူနှင့်လက်ပွန်းတတီး နေပြီး သူ၏စိတ်ကို ပြုပြင်မိသည်။ သူက လူငယ်ဖြစ်သဖြင့် စူးစမ်းလိုစိတ်ရှိသည်။ သူ့စိတ်ငြိမ်းချမ်းမှု မသိမသာ ရှာလာသည်။ ဘုရားဝတ်ပြုချိန်များတွင် သူအာရုံစိုက်လာကြောင်း အကဲခတ်ရသည်။

"ဘာသာတရားဟာ စိတ်ကို ညွတ်နူးစေတယ် မောင်အောင်ချိန်။ မင်း ဘယ်လိုခံစားရလဲ"

သူက "အရင်လောက် အပူကပ်မခံရတော့ဘူးလို့ ပြောရမလား မသိဘူး"ဟု ပြောသည်။

"မင်းပုတီးစိပ်ကြည့်ပါလား"ဟု စည်းရုံးပြော ပြောရသည်။

"ကျွန်တော့်အတွက် ဘယ်လိုအကြောင်းထူးမှာလဲ"

"မင်း စိတ်ဟာညီငြိမ်မှုတော့ အများကြီးရလာမယ်လေ"

သူ့ကို ပုတီးတစ်ကုံးပေးလိုက်သည်။ ပုတီးစိပ်ပုံ ဂုဏ်တော်ကိုးပါးကို သင်ပေးသည်။ သူစမ်းလုပ်သည်။ ဘာပဲဖြစ်ဖြစ် သူအရင်နှင့် မတူတော့သည်ကတော့ အမှန်ပင်။ တည်ငြိမ်လာသည်။ သူ အားလပ်တိုင်း ပုတီးစိပ်နေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကျွန်တော်က ""မင်းရဲ့စိတ်အစဉ်ဟာ အရင်နဲ့အခု ဘာကွာခြားမှုရှိလဲ""ဟု မေးလျှင် ""အေးချမ်းလာသလိုပဲ။ အပူကိုလည်း မရှာချင်တော့ဘူးလေ""ဟု ပြောသည်။ ကျွန်တော်က အိန္ဒိယ အကျဉ်းထောင်တွင် ""ဆရာကြီး ဂိုအင်ကာ""ကမ္မဋ္ဌာန်းတရား ဝင်ကြသည့်အကြောင်း ပြောပြရသည်။

""ကျွန်တော်တို့ဆီမှာ ဒီလိုဖြစ်ရင်ကောင်းမယ်နော်""

ဟု သူပြောသည်။

""မဖြစ်ဘူးလို့တော့ မပြောနိုင်ဘူးလေ။ ထေရဝါဒ ဗုဒ္ဓသာသနာဟာ နေလို လလို လင်းနေပြီလေ။ ဗုဒ္ဓရဲ့ ဓမ္မတရားဟာ စိတ်ကိုညွတ်ပြောင်းစေတာ အားလုံးသိတာပဲ။ ကိလေသာ အညစ်အကြေးကို ဗုဒ္ဓရဲ့ ဓမ္မတရားနဲ့ပဲ ဖယ်ထုတ်နိုင်တယ်။ တကယ်တော့ အခန်းလူကြီးနဲ့ တို့တတွေ ဓမ္မတရားသံ ပျံ့လွင့်အောင်လုပ်နေတာ ကြေးစည်သံ ပေးနေတာ လူတွေစိတ်ကြမ်း အတွေးကြမ်းဘဝက အလွတ်ရုန်းနိုင်ဖို့ပဲလေ။ လောကမှာ အအေးမြဆုံးဟာ မေတ္တာပဲ မောင်အောင်ချိန်""

""ခုတော့ ကျွန်တော် နားလည်စပြုပါပြီ အဘ""

ကျွန်တော် ကြည်နူးပြုံးနှင့် သူ့ကို ကြည့်လိုက်သည်။

× × ×

စိတ်ဓာတ်ရေစာ

www.burmeseclassic.com



ထောင်ကျရုံးတာဝန်ကျ အကျဉ်းသားတင်ထွန်းနိုင်က ''ဘိုးတော်တို့ရေ…ဘိုးတော်တို့ရဲ့ မင်္ဂလာသတင်း ကျွန်တော်ကြားလာတယ်။ ဘိုးတော်တို့ အယူခံနိုင်တယ်''ဟု ပြောသည်။ ကျွန်တော်တို့ ဝမ်းသာရသည်။ အောင်ချိန် ငိုင်သွားသည်။ သို့သော် ချက်ချင်းပြုံးသည်။

''အဘတို့ မနက်ဖြန်လွတ်ပြီပေါ့''ဟု မေးသည်။

''မနက်ဖြန်တော့ လာခေါ်လိမ့်မယ်ထင်တယ်''

''ကောင်းပါတယ်လေ။ ဒါဟာ ဘာသာရေးအကျိုးပဲဖြစ်မှာပါ။ အဘတို့ရဲ့ စရဏအားက အဘတို့ကံတရားကို မြှင့်တင်ပေးလိုက်တာပါပဲ''

ကျွန်တော်သူ့ကိုကြည့်ပြီး ''မင်းကော တရားရလောက်ရောပေ့ါ။ မင်းစိတ်ကို နိုင်အောင်ထိန်း မောင်အောင်ချိန်။ စိတ်ကိုနိုင်မှ ကိလေသာရဲ့ နှိပ်စက်ကလူပြုမှုကို မခံစားရမှာ။ အဘတို့ ဒီထောင်ထဲက လွတ်သွားပေမယ့် ဝေနေယျသတ္တဝါတွေ နှလုံးသားမှာ ငြိမ်းအေးတဲ့ ဓမ္မတရားတွေ လွှမ်းမိုးစေဖို့အတွက် ကြေးစည်သံကလေးက ရှိနေ၍ပါ''ဟု ပြောလျှင် သူက ပြုံးသည်။

''ကြေးစည်သံနဲ့ ဓမ္မတရားဟာ ကျွန်တော့်ဘဝရဲ့ အလင်းရောင်ဆိုတာ ကျွန်တော်နားလည်ပါပြီအဘ။ အေးမြငြိမ်းချမ်းမှု

www.burmeseclassic.com



အရသာကို သိနေမှတော့ ပူလောင်မှုကိုလေသာကို ကျွန်တော် မဖက်တွယ်တော့ပါဘူး''

''ဒါဆို ဒီအခန်းလေးထဲမှာ ကြေးစည်သံလွင့်ပျံ့ဖို့ မင်း ဆက်ပြီး တာဝန်ယူပါဆိုရင် ငြင်းမလား''

''မငြင်းပါဘူး အဘ··ဒီတာဝန်ကို ကျွန်တော် ကျေပွန် အောင် ထမ်းဆောင်မယ်။ ဒီအခန်းထဲမှာ ဓမ္မတေးသံတွေ ပျံ့လွင့် နေရမယ်။ ခက်ရော်ကြမ်းတမ်းနေတဲ့စိတ်တွေ ညွတ်ပြောင်း သွားအောင် မေတ္တာ၊ ဘာဝနာပွားများပြီး ကြေးစည်သံကလေး ပေးနေပါ့မယ်အဘ''

''အဘဝမ်းသာလိုက်တာ အောင်ချိန်ရယ်''

ကျွန်တော်သူ့ကို ကြည့်လိုက်သည်။ အောင်ချိန်၏ မျက်နှာ သည် အပြုံးနှင့် ကြည်လင်နေသည်။ ကျွန်တော် အောင်ချိန့်လက် ကလေးကို ဆုပ်ကိုင်လိုက်၏။ နွေးနေသည်။

မနက်ကျရင် သူနှင့်အတူ ဘုရားဝတ်ပြုရဦးမည်။ ကျောင်း ဗိုလ်၊ အမျှဝေ ရဦးမည်။ အခါတိုင်း ကျွန်တော်ကိုယ်တိုင် ကြေး စည်ကလေးကိုင်ပြီး ငြိမ်းချမ်းအေးစေသည်။ ကြေးစည်သံပေးနေ သော်လည်း မနက်ကျလျှင် အောင်ချိန့်လက်ထဲသို့ လွှဲအပ်ရမည်။

www.burmeseclassic.com



ငြိမ်းအေးသည့် ကြေးစည်သံကို မနက်ဖြန်မနက်မှစ၍ သူပေးနိုင်ပါစေတော့။ သူ့နှလုံးသားမှ ပဲ့တင်သံညံပါစေတော့။

ပြီးတော့...

တစ်ခန်းလုံး၊ တစ်ဆောင်လုံး၊ ထောင်ကြီးတစ်ခုလုံး၊ တစ်လော၊ကလုံးသို့ လွှင့်ပျံ့စေတော့၊ ငြိမ်းအေးစေတော့။ ဒေါသ၊ မောဟ အပူမီးတွေ ငြိမ်းအေးပါစေတော့။

မှူခင်းရောင်စုံ
၁၉၉၈-ခုနှစ်၊ ဖေဖော်ဝါရီ

* * *

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



# မိုး

(၁)

မိုးတွင်းမှာ မိုးရွာသည်မှာ မဆန်း။ လယ်သမား ချောင်းသမားများအဖို့ မိုးရွာလျှင် ပျော်မည်မှာမုချ။ မိုးဦးရာသီနှင့်အတူ မိုး ရွာလျှင် ကျေနပ်ပျော်ရွှင်ကြသည်။ ဒါ သဘာဝပဲ။ အပြစ် မဟုတ်။ သို့သော် ထောင်မှာက မိုးရွာလျှင် စိတ်ညစ်ရသည်။ မိုးရွာလျှင် ရုံးထွက်များ၊ ကျသစ်များ၊ အချုပ်သစ်များအတွက် ပြဿနာပင်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် အချုပ်သစ်များ၊ ကျသစ်များ။ သူတို့က အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ထောင်သို့ ရောက်လာသူများ ဖြစ်သည်။ မိုးရွာလျှင် အစို၊ နေပူလျှင် အခြောက် ဆိုသည့်ကိန်း။ အထူးသဖြင့် မိုးရွာလျှင် ဒုက္ခ။ ထောင်မှာက ညနေ (၆)နာရီဆို အဆောင်ပိတ်သည်။

ထို့ကြောင့် ထောင်သို့ အချိန်စောရောက်လျှင်မှ အကြောင်းမဟုတ်။ ညနေ (၅း၀၀)နာရီ ကျော်ရောက်လျှင်မူ မိုးကို ဂရုမပြုနိုင်။ အချိန်ကို လုရသည်။ ပြီးတော့ ထောင်မှာက ဗဟိုတံခါးမှ လွတ်လိုက်သည်နှင့်မပြီး၊ စစ်ဆေးရေးတွေရှိသည်။

အဓိကသည် မိန်းဂျေး။

ရုံးပြန်များ၊ အချုပ်သစ်များ၊ ကျသစ်များကို မိန်းဂျေးမှာ နောက်ဆုံးစစ်ဆေးသည်။ မိုးရွာလည်း စစ်သည်။ နေပူလည်း စစ်သည်။ အဓိကသည် ကန့်သတ်ပစ္စည်းများ၊ တားမြစ်ပစ္စည်းများ အဆောင်တွင်းသို့ ပါမလာရန် ဖြစ်သည်။ မိန်းဂျေးမှ သက်ဆိုင်ရာ အဆောင်များသို့ သွားရသည်။ အချုပ်ဆောင်၊ ထောင်ကျဆောင်ကွေ့ကလည်း မိန်းဂျေးအနားမှာ ဝိုင်းပတ်ချာလည်လို့။

× × ×

www.burmeseclassic.com

မိတ်ဆွေစာပေ

www.burmeseclassic.com



(၂)

ဒီကနေ့ ဘယ်လိုဖြစ်သည်မသိ။ ညနေ ထမင်းစားချိန်က မဆင်ဘဲ ရွာလိုက်သည့်မိုးက မစဲတော့။ မြင်ပြင်းကပ်ရလောက်အောင် အီလေးဆွဲရွာနေသည်။ မိုးတွေ ထစ်ချုန်းလိုက်၊ လျှပ်တွေ ပြိုးပြက်လိုက်နှင့်။ သည်မိုးက တိတ်ပုံမရှိ။

"ဒီမိုးက တိတ်ပုံ မရှိဘူးအဘ"

ပုံစံပြ စန်းခိုင်က ပြောသည်။ သူက အနှစ် နှစ်ဆယ် ကျထားသူ။ ရုပ်ရည်က ကြမ်းတမ်းသယောင်ရှိသော်လည်း စာနာစိတ်ရှိသည်။ ခြောက်တတ်၊ လှန့်တတ်သော်လည်း အကျဉ်းသားချင်း စာနာသည်၊ ညှာသည်။

"ဟုတ်ပကွာ···ဒီနေ့ ကျသစ်ဝင်မယ့်နေ့မှ မိုးက ဖွဲနေတယ်"

မောင်ဦးက ပြောသည်။

"မိုး မတိတ်ရင်တော့ ကျသစ်တွေ သနားစရာပဲ"

ထောင်မှာက စာနာတရားထားသော်လည်း စိတ်သွားတိုင်း ကိုယ်ပါသည် မဟုတ်။ လူတိုင်း ကိုယ့်အတိုင်းအတာနှင့် ကိုယ်။ ကူညီချင်ပေမယ့် မကူညီနိုင်။ ထောင်မှာက ပြည့်စုံသူ နည်းမှ နည်းသည်။



www.burmeseclassic.com

www.burmeseclassic.com



(၆:၀၀) နာရီ ထိုးပြီးပြီ။ အခြားအခန်းတွေ ပိတ်ပြီ။ မောင်ဦးတို့အခန်းက ပုံစံခန်းဖြစ်သောကြောင့် မပိတ်သေး။ ဒီကနေ့ ကျသစ်ဝင်မည့်နေ့ဖြစ်သောကြောင့် ကျသစ်ကို စောင့်ရသည်။ မိုးက မတိတ်သေးသည့်အပြင် သည်းတောင် သည်းလာသည်။ အမယ်‥ လေတောင် ထန်လာသေး၊ ဒုက္ခ ‥‥။

မိန်းဂျေးဘက်မှ အသံတွေ ကြားရသည်။ ရုံးပြန်တွေ တစ်သုတ်ပြီး တစ်သုတ် ဝင်လာကြပြီ။ မကြာခင် ကျသစ်တွေ ရောက်လာမည်မှာ မုချ။ သည်မိုး သည်လေနှင့်ဆို ကျသစ်တွေ ကြွက်စုတ်ဖြစ်နေလောက်ပြီ။

မောင်ဦးသည် ကျသစ်တွေ ပုံသဏ္ဌာန်ကို မှန်းကြည့်ရင်း စိတ်မကောင်းဖြစ်မိ၏။ ကျသစ်များသည် အဝတ်အစား အပိုမပါ သူများသဖြင့် ရေစိုနှင့်သည်အတိုင်း အိပ်ရမည်။ ကျန်းမာရေး ကောင်းသည့်လူငယ်ဆို အကြောင်းမဟုတ်။ ကျန်းမာရေးမကောင်း သူ၊ သက်ကြီးရွယ်အိုများအဖို့ ဒုက္ခ။ လူသစ်တစ်ဦးကို ချက်ချင်း ထောင်ဝတ်စုံ မပေးနိုင်။

''ကျသစ် ဝင်လာပြီ''

စောစောက အဆောင်မှူးရုံးခန်းဘက်သို့သွားသည့် ပုံစံပြ စန်းခိုင်ပြန်လာပြီ။ သူက ကျသစ်များ လာပြီဟု ကြိုပြော၏။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး မိုးကို ဖြတ်လာရသဖြင့် စိုနေလိမ့်မည်။ မောင်ဦး အခန်းဝမှ ကြည့်လိုက်သည်။ ကျွဲသစ်တွေ နှစ်ယောက်တစ်တွဲ တွဲလာသည်ကို တွေ့ရ၏။

လူ မနည်းလှ။ သုံးဆယ် ကျော်မည်။

"ကျွဲသစ် ဘယ်နှစ်ယောက်လဲ စန်းခိုင်"

မောင်ဦးက မေးလိုက်သည်။

"သုံးဆယ့် သုံးယောက်"

ကျွဲသစ်တို့ အခန်းဝသို့ ရောက်လာပြီ။ စန်းခိုင်က ..

"ဒီမှာ ငါးယောက်တစ်တွဲ တန်းစီမယ်။ အဝတ်တွေ ရေညှစ်မယ်။ အခန်းထဲကို ရေစက်လက်နဲ့ မဝင်ရဘူး။ ဖိနပ်ချွတ်ပြီး မိလ္လာနားမှာ စီထားမယ်" ဟု ပြောသည်။

အားလုံး စန်းခိုင်ပြောသလို လုပ်နေသည်ကို တွေ့ရ၏။ တချို့က အင်္ကျီအစိုကို ရေညှစ်သည်။ ပြန်ဝတ်သည်။ တချို့ကမူ မဝတ်ကြ။ အတန်ကြာလျှင် ..

"နှစ်ယောက် တန်းစီပြီး အခန်းထဲ ဝင်မယ်။ အခန်းနောက် ဘက် စည်းကမ်းချက်ဆိုင်းဘုတ်ကို မျက်နှာမူပြီး ငါးယောက် တစ်တွဲ တန်းစီမယ်"

ဟု စန်းခိုင်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တစ်တွဲ ဝင်လာပြီး ငါးယောက်တန်း တန်းစီသည်။ ထိုင်ကြသည်။ ထိုစဉ် အခန်းစာရေးမောင်ဝင်းက ကျသစ်စာရင်းကောက်သည်။ ပြစ်မှု၊ ပြစ်ဒဏ်၊ တရားရုံး တစ်ဦးချင်းပြောရသည်။

မောင်ဦးက ကျသစ်များကို လိုက်ကြည့်သည်။ ထိုစဉ် လူကြီးတစ်ဦးကို စိတ်ဝင်စားသွားသည်။ အသားညိုညို၊ ပိန်ပိန်၊ အသက် (၇၀)ခန့်။

မောင်ဦး အနားကပ်သွားသည်။ သူ မိုးစိုထားသဖြင့် ချမ်းနေပုံရသည်။ တုန်နေသည်။ သူ့အသက်အရွယ်နှင့် ဒဏ်မခံနိုင်တော့။

"ဒီမှာအဘ…အဘနာမည် ဘယ်သူလဲ၊ ဘာအမှုလဲ၊ အသက်ဘယ်လောက်ရှိပြီလဲ"

မောင်ဦးကို မော့ကြည့်သည်။

"အဘ…ပြောလေ"

"နာမည် ထွန်းစန်း၊ အသက် (၇၅)နှစ်၊ အိမ်ကျော်နင်းမှု၊ ဓားခုတ်မှု၊ မီးရှို့မှု"

သူ့အသက်အရွယ်နှင့် ကျူးလွန်သည့်ပြစ်မှုများကို ကြားရတော့ မောင်ဦး စိတ်ဝင်စားသွားသည်။

"အဘက မိုက်လှချည်လား"

www.burmeseclassic.com


"မိုက်လို့ မဟုတ်ဘူး၊ မခံချင်လို့။"

"ဘယ်လောက် ထောင်ကျလဲ"

"ခြောက်နှစ်"

မောင်ဦး ခေါင်းညိတ်လိုက်သည်။ စိတ်လည်း ဝင်စားသွားသည်။ အကြောင်းရှိမည်ဟု သိလိုက်သည်။ စပ်စုရမည်ဟု စဉ်းစားမိသလို ကူညီရမည်ဟု နားလည်လိုက်သည်။ ထို့ကြောင့် အခန်းလူကြီးနှင့် ပုံစံပြကို တီးတိုးအကူအညီ တောင်းရ၏။ အိုကေ …။

"အဘိုးကြီး .. ဒီအဘနဲ့ လိုက်သွား"

"ဟုတ်ကဲ့ .. ဆရာ"

"ကျုပ် ဆရာ မဟုတ်ဘူး။ ခင်ဗျားလို အကျဉ်းသားပဲ"

အဘိုးကြီး ဘာမျှ မပြောတော့။ ခေါင်းကလေးငုံ့ပြီး မောင်ဦးဆီ လျှောက်လာသည်။ မောင်ဦးက ..

"အဘ ချမ်းနေလား"

ဆိုတော့ သူ ခေါင်းညိတ်သည်။

"ဒါဆို ဒါလဲထားလိုက်"

"ကျေးဇူးပါပဲ"

"ဒါဆို ညကျ ကျွန်တော့်ကို အမှုဖြစ်ပုံ ပြောပြ"

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်…ဟုတ်ကဲ့"

× × ×

BURMESE CLASSIC .com

(၃)

ဦးထွန်းစန်းတို့လင်မယားက သက်ကြီးရွယ်ကြီးတွေ။ ပင်စင်စားတွေ။ ဦးထွန်းစန်းဇနီးက မျက်စိမကောင်း။ တစ်ဦးကို တစ်ဦး အားကိုးနေကြရသည်။ တစ်ယောက်လဲ တစ်ယောက်ထူ စနစ် ကျင့်သုံးရသည်။

သူတို့ဘဝက တကယ့်စလယ်ဝင်အိုးဘဝ။ သားတွေ သမီးတွေ ရှိသော်လည်း တစ်ဦးမှအနီးတွင် မရှိ။ ဟို အဝေးကြီးမှာ။ ကိုယ့်အိမ်ထောင်နှင့်ကိုယ် ဖြစ်နေကြသည်မို့ မိဘတွေကို ကိုယ်ဖိရင်ဖိ မပြုစုနိုင်။ မကူညီနိုင်ကြ။ ထောက်ပံ့ကြေးသာ ပေးနေကြရသည်။

ဦးထွန်းစန်းတို့လင်မယားကလည်း ဘယ်သူ့ကိုမှ အားမကိုးချင်။ ကိုယ့်ကိုကိုယ်ပဲ အားကိုးကြသည်။ သားသမီးတွေကို ပညာအမွေပေးလိုက်နိုင်သဖြင့် ကျေနပ်နေကြသည်။

ရင်းနှီးသူတွေက

"ခင်ဗျားတို့ အသက်ကြီးပြီ။ အနီးကပ်ပြုစုသူတော့ လိုတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။

"ကျုပ်တို့က ဘယ်သူ့မှ ဒုက္ခမပေးချင်ဘူး။ သူတို့ထောက်ပံ့တာတောင် သူတို့စိတ်မကောင်းမှာစိုးလို့ ယူရတာ။ မယူချင်ဘူး"

"တကယ့်အရေးကျတော့ လိုတယ်နော်"

ဦးထွန်းစန်းက ခေါင်းခါသည်။ သူတို့လင်မယားက ညီလည်း ညီသည်။ ဦးထွန်းစန်းဈေးသွားလျှင် ဇနီးက ထမင်းချက်။ မျက်စိမကောင်းပေမယ့် အိမ်မှာက အသားကျနေပြီ။ တကယ့်မောင်တစ်ထမ်း မယ်တစ်ရွက်။

ခက်သည်က ကံကြမ္မာ ‥ ။

တစ်နေ့ နံနက်ပိုင်း၊ ဦးထွန်းစန်းတို့လင်မယားထံသို့ 'မတင်ရီ' ဆိုသည့် အမျိုးသမီးတစ်ဦး ရောက်လာသည်။ အသားညိုညိုတုတ်တုတ်။

"မင်းဘယ်သူလဲ"

"ကျွန်မ မတင်ရီလေ အဘရဲ့။ အဘ မမှတ်မိဘူးလား။ အဘနဲ့ ကုန်သွယ်ရေးမှာ အတူလုပ်ခဲ့တာ။ ကျွန်မ အခု (၂၆)လမ်းဈေးမှာ ဈေးရောင်းတယ်။ အခု ဟောဟိုဘက်ရပ်ကွက်ကို ပြောင်းလာပြီး အဘရှိမှန်းသိလို့ လာကန်တော့တာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းစန်း စဉ်းစားသည်။ ခက်သည်က စဉ်းစားမရ။ ဦးထွန်းစန်း ကုန်သွယ်ရေးမှာ နှစ်အကြာကြီး လုပ်ခဲ့သည်။ သိသူတွေလည်း များ၏။ အသက်ကြီးလာတော့ အကုန်မမှတ်မိတော့။ ဘာပဲဖြစ်ဖြစ် ပြောပုံဆိုပုံအရ ရင်းနှီးသူဖြစ်မည်ဟု တွေးလိုက်သည်။

ထိုစဉ် မတင်ရီက ငွေနှစ်ရာ ကန်တော့သည်။

"နင်တို့ကော အဆင်ပြေရဲ့လား"

ဦးထွန်းစန်းက မေးသည်။

"ကျွန်မတို့က ဈေးသည်ဆိုတော့ မရှိပေမယ့် မရှားဘူး အဘ"

စကား ခေတ္တရပ်သည်။ ပြီးမှ ..

"အဘ ဒီနားမှာ ဆေးလိပ်ဆိုင် ရှိလား"

ဟု မေးသည်။ ဦးထွန်းစန်းက ..

"နင် ဆေးလိပ် သောက်လား။ ဒါဆို နေ ... ငါ သွားဝယ်ပေးမယ်"

ဟု ပြောသည်။

"အို .. အဘကလည်း မဟုတ်ဘူး"

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာ မဟုတ်ရမှာလဲဟ။ အိမ်ရှင်က ဇည့်သည်ကို ည့်ဝတ်ပြုရမှာပေါ့။ ခဏ နင့်အကြီးနဲ့ စကားမပြောဦး။ ငါ သွား ယ်လိုက်မယ်

"အဘကလေ အရင်ပုံစံမပြောင်းဘူး"

ဦးထွန်းစန်း ပြုံးပြီး ထွက်ခဲ့သည်။ ဆေးလိပ်ဝယ်ရုံ နှင့်ဆို မကြာ။ ဧည့်သည်ကို လက်ဖက်ရည်ပါ တိုက်ချင်သဖြင့် သမ်းထိပ်အထိ သွားသည်။ ဒါကပင် ဒုက္ခပင်လယ်ဝေဖို့ နိဒါန်းသမ်း လိုက်သလား မပြောတတ်။ ပြန်လာတော့ မတင်ရီ မရှိတော့။

"ဟဲ့…ကလေးမ မတင်ရီကော"

"နောက်ဖေး ခဏသွားတယ်"

ဦးထွန်းစန်း ထိုင်လိုက်သည်။ ထိုင်ရင်း မျက်စိက ဗီရိုဆီ သို့ ရောက်သွားသည်။ ဟိုက် .. ဗီရိုပေါ်က စားပွဲတင်နာရီ ရှိတော့။ ထို့ကြောင့် ထပြီးကြည့်လိုက်တော့ ဗီရိုဘေးတွင် ထားသည့် လက်ဆွဲအိတ်လည်း မရှိတော့။ လက်ဆွဲအိတ်ထဲတွင် အဖိုးတန်အဝတ်အစားနှင့်ငွေသား လေးထောင်ခန့် ရှိသည်။ ရေးထင်းရေးဆို လွယ်လွယ်ယူနိုင်ရန်ထားသည့် လက်ဆွဲအိတ်။ ခု ဘယ်ရောက်သွားသနည်း။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက သင်္ကာမကင်းရှိလာသည်။ နောက်ဖေးသွား ကြည့်သည်။

မရှိ။ မတင်ရီ မရှိတော့။

ဦးထွန်းစန်း နားလည်လိုက်သည်။ ခံလိုက်ရပြီ။

× × ×

မိတ်ဆွေတွေက ..

"အဘ အမှုဖွင့်လေ၊ ရဲစခန်းတိုင်ထားပေါ့"

"မဖွင့်ဘူးကွာ။ ဒါက တမင်ကြံစည်လုပ်တာ။ ဒ တစ်ယောက်တည်းလုပ်တာ မဟုတ်နိုင်ဘူး။ ကိုယ်တိုင်ရှာမယ်"

"ဟာ...ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ။ ရဲစခန်းသွားပါ အမှုဖွင့်ပါ"

နောက်ဆို မိတ်ဆွေတွေက ပြောလွန်းမက ပြောသဖြ ဦးထွန်းစန်း ရဲစခန်းသို့ သွားသည်။ အမှုဖွင့်သည်။

"အဘလည်း တွေ့ရင် နီးစပ်ရာကို သတင်းပို့ပါ ကျွန်တော်တို့လည်း စုံစမ်းပါ့မယ်"

ရဲတပ်ဖွဲ့ဝင်တွေက ပြောသည်။

မိတ်ဆွေစာပေ

www.burmeseclassic.com



ဦးထွန်းစန်း ဘာမျှမပြော။ စိတ်ထဲ မကျေနပ်မှုသာ ပိုကဲနေသည်။ အမြဲတမ်း မျက်စိဖွင့်ပြီး စုံစမ်းခဲ့သည်။ ခြေရာပျောက်ကိုရှာခဲ့သည်။

"အဘ...တွေ့လား"

မောင်ဦးက မေးလိုက်သည်။

"တွေ့တာပေါ့။ သုံးလလောက်အကြာမှာ ကျုပ်ကိစ္စတစ်ခုနဲ့ အမှတ် (၅)ရပ်ကွက်ကိုသွားရင်း ဒီကောင်မ မတင်ရီကိုတွေ့တာပေါ့"

"အဘ ရဲကို အကြောင်းမကြားဘူးလား"

သူ ခေါင်းခါသည်၊

× × ×

(၄)

ဦးထွန်းစန်း ပျော်သွားသည်။ ဦးထွန်းစန်းသည် မတင်ရီကို တွေ့သည်။ ဆိုဆုံးမဖို့ ဆုံးဖြတ်လိုက်သည်။ မတင်ရီတို့အိမ်က ရပ်ကွက်အစွန်မှာ။ မတင်ရီက သမီးတစ်ဦးသာ ရှိရှာသည်။ ကလေးမက (၁၀)နှစ်ခန့်။

ညပိုင်း အိမ်မှာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ည ..ဦးထွန်းစိန်း စားရှည်ကို ထီးထဲ ထည့်လိုက်သည်။ ပြီး ထလိုက်သည်။ ဆန္ဒကြောင့်လား မသိ။ သန့်မာနေသည်။

"မယ်လှ ငါအပြင် သွားဦးမယ်"

ဇနီးက ..

"ကိုထွန်းစိန်း၊ ရှင်က အချိန်မရှိမှ ဘယ်လဲ"

ဟု မေး၏။

"တင်ရီတို့ အိမ်ကိုလေ။ ကြွေးသွားတောင်းမလို့"

"ကိုထွန်းစိန်း ရှင်ဘာလုပ်နေတာလဲ။ ရဲကို အကြောင်းကြားလေ"

"ငါကိုယ်တိုင် ဆုံးမပြီးမှ ရဲလက်အပ်မယ်"

"ရှင်လုပ်တာ မဟုတ်ပါဘူး"

"တော်...မယ်မြ။ ဘာမှ မပြောနဲ့။ ငါ သွားမယ်"

ဦးထွန်းစိန်း အိမ်မှ ထွက်ခဲ့သည်။ တစ်လမ်းလုံး သွက်လက်နေ၏။ မတင်ရီအိမ်သို့ ရောက်တော့ အခန့်သင့် ဖခင်ရှိ ရှိနေသည်။

ဦးထွန်းစိန်း အိမ်ပေါ်သို့ တက်လိုက်သည်။

ဦးထွန်းစိန်းကို မြင်သည်နှင့် မတင်ရီ၏ ကြက်သေသေ သွားသည်။

www.burmeseclassic.com



"ဟင်"

"ဘာလဲ မတင်ရီ၊ နင် မှတ်မိသေးလား။ ငါ့ကို နှစ်ရာကန်တော့တယ်ဆိုပြီး ငါ့အိမ်က ပစ္စည်းတွေ မ,သွားတာလေ"

"ရှင်ဘာတွေ ပြောနေတာလဲ။ ခုထွက်သွား"

"သွားမယ်။ နင့်ကို ဆုံးမပြီးမှ သွားမယ်။ ခွေးမ .. ခွေးလို မိုက်တဲ့ ကောင်မ"

ဦးထွန်းစန်းက ပြောပြောဆိုဆို ဓားကို ထုတ်လိုက်သည်။

"အဲ .. အမေ့ကို သတ်နေပြီ။ လုပ်ပါဦး..ကယ်ပါဦးရှင်"

ကလေးမက ငိုပြီး အိမ်ပေါ်မှ အော်ဆင်းပြေးသည်။ ဦးထွန်းစန်းက ဓားကို ဆုပ်ကိုင်လျက် .. ။

"ငါတို့ လင်မယား အိုကြီးအိုမကို ဒုက္ခလာပေးတဲ့ ခွေးမ"

ဟု ပြောရင်း မီးခွက်ကို ဆွဲယူပြီး ထရံကို ပစ်ပေါက်လိုက်သည်။ မီးတောက်က ဟုတ်ခနဲ တောက်ချိန် ဦးထွန်းစန်း မိုက်ခနဲ ဖြစ်သွားသည်။

"အိမ်မီးလောင်သွားလား"

"မလောင်ဘူး။ အရပ်က ဝိုင်းငြိမ်းလိုက်သယ်လေ။ ကျုပ်ကိုလည်း အရပ်က ဝိုင်းဖမ်းကြတယ်"

"မတင်ရီဆိုတဲ့ မိန်းမကော"



www.burmeseclassic.com

www.burmeseclassic.com



"သူဂ-ည်း မသေပါဘူး။ လက်မောင်း ခုတ်မိတာ"

"တရားရုံးကျတော့ အပြိုင်လား"

"အင်း…ကျုပ်စွဲတဲ့အမှုအတွက်လည်း သူရင်ဆိုင်နေတယ်။ ခက်တာက သက်သေ မရှိဘူး။ ကျုပ်အမှုကတော့ သက်သေ အခိုင်အမာနဲ့ဆိုတော့ ကျုပ် အရင်ခံရတာပေါ့"

မောင်ဦး သက်ပြင်းချလိုက်ပြီး ..

"ဒါ အဘမှားတာပဲ။ အဘကလည်းဗျာ .. တရားမရှိသလိုဘဲ။ ကျွန်တော်တို့နိုင်ငံက ဥပဒေမဲ့နိုင်ငံမဟုတ်ဘူးလေ။ တရားနည်းလမ်းကျ ဖြေရှင်းရမှာပေါ့။ ခု အဘဖြေရှင်းပုံက ကမ္ဘာဦးအစက ဖြေရှင်းပုံပဲ။ ဒီတော့ အမှန်က အမှားဖြစ်တာပဲ"

"မတတ်နိုင်ဘူး မောင်ရင်။ ဖြစ်သမျှအကြောင်း အကောင်းပဲပေါ့။ ကျုပ်က ကိုယ်မွေးတဲ့မီး ကိုယ်မသတ်နိုင်ဘူးလေ။ ခုဟာ့ တရားမဲ့ ဖြေရှင်းခြင်းဟာ ကိုယ့်ကိုကိုယ် မီးလောင်တိုက်သွင်းတာနဲ့ တူတယ်ဆိုတာ ကျုပ်သိပြီ"

"ဒါပဲအဘရေ..လူတွေက ကိုယ့်မီးကို ကိုယ်ငြိမ်းနိုင်ကြဘူး။ မီးတကာ့ မီးထဲမှာ ဒေါသမီး၊ မောဟမီး၊ လောဘမီး၊ အတ္တ၊ မာန်မာနမီးဟာ အကြီးဆုံးပဲ။ ဒီမီးကို ငြိမ်းနိုင်မှ ငြိမ်းချမ်းမှုရမှာ။ လောကမှာ အကောင်းဆုံး ငြိမ်းချမ်းစွာ ဖြေရှင်းခြင်း

စာအုပ်ဆွေတာပေ

www.burmeseclassic.com

www.burmeseclassic.com



ပဲ။ မကောင်းမှုကို ကောင်းမှုနဲ့ ရှင်းရမယ်။ မမှန်ကန်မှုကို မှန်ကန်မှုနဲ့ ရှင်းရမယ်။ တရားမမျှတမှုကို တရားမျှတမှုနဲ့ ရှင်းရမယ်။ ဒါဟာ အကောင်းဆုံးပဲ။ လောကမှာ ဆယ့်တစ်မီး မငြိမ်းသမျှ လောကဆိုတာ ငြိမ်းမှာ မဟုတ်ဘူး”

မောင်ဦး ပြောစရာစကားကုန်သွားသလို ရပ်လိုက်သည်။

ဦးထွန်းစန်းကလည်း ဘာမျှမပြော။ အဝေးကိုငေးကြည့်နေသည်။ မောင်ဦးက မူလဦးထွန်းစန်း၏ အသက်အရွယ်နှင့် ဖြတ်သန်းရမည့် အကျဉ်းသားဘဝကြမ်းကို တွေးရင်း ရင်မောနေမိပြန်ပြီ။

ပြစ်ရုပ်မှန်မဂ္ဂဇင်း

၁၉၉၈-ခုနှစ်၊ ဩဂုတ်လ

* * *

www.burmeseclassic.com

www.burmeseclassic.com


# အိုဘာယ် ရွှေနှင့် လမ်းမှားလိုက်မိသူ

(၁)

ထောင်မှာ အစဉ်အလာတစ်ခုလို ဖြစ်နေသည်။ ဒါက အခြား အစဉ်အလာတော့မဟုတ်။ အကျဉ်းသားအချင်းချင်း နားလည်မှု အစဉ်အလာပင်။ အကျဉ်းသားအချင်းချင်း ဖေးမ ကူညီခြင်းဆိုလည်း မမှား။ ထောင်ကျ အကျဉ်းသားတစ်ဦးနှင့် ပတ်သက်သူ တစ်ဦး၊ ကျသစ်အဖြစ်ရောက်လာလျှင် ထိုသူအား ကြည့်ပေးရန် အကူအညီတောင်းခံ လာလျှင် ကြည့်ပေးကြသည့် အစဉ်အလာပင်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့…။ ကျွန်တော် တာဝန်ကျရာ ဘုရားခန်းတွင် နေ့စဉ် ပြုမြဲဝတ်အတိုင်း ဘုရားပန်းလဲ၊ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီး ဝေနေယျ သတ္တဝါတို့အား မေတ္တာပို့၊ အမျှဝေနေစဉ် အခန်း (၆)မှ မောင်စိန်သောင်း ရောက်လာသည်။

မောင်စိန်သောင်းက ကျွန်တော်နှင့်လည်း အတော်ကလေး ခင်သည်။ သူက လူသတ်မှုနှင့် ထောင်ကျသူဖြစ်၏။ သို့သော် သူက ရက်စက်ကြမ်းကြုတ်ခြင်း မရှိ။ ယဉ်ကျေးသည်။ အေးဆေး သည်။ ပွင့်လင်းသည်။

သူက ကျွန်တော်နှင့်ပတ်သက်သည့် အဝတ်လျှော်၊ သောက် ရေခပ်အလုပ်များကို ကျွန်တော် မခိုင်းရဘဲ သူအစဉ်အမြဲ ကူညီ သည်။ စားစရာရှိလျှင်လည်း စားအိုးကွဲတစ်ဦးနှင့် အတူစားသည်။

သူက ထောင်မှာ အနေကြာသူဖြစ်သဖြင့် လူအတော်များများ နှင့် ခင်မင်သည်။ ဖိုကြီး အလုပ်ကြီး တောင်ယာစသည့် နေရာများ နှင့်လည်း ခင်သူ ဖြစ်၏။ ထို့ကြောင့် သူက နေ့စဉ် ကျွန်တော်ကို ဟင်းစီစဉ်ပေးသူလည်း ဖြစ်၏။

သူက ကာလီမန်မယ်တော်ရုပ်ထုဘေးတွင် ရပ်လျက် ကျွန်တော်က ဝေယျာဝစ္စကိစ္စပြီးလျှင် သူ၏ အခန်းသို့ လျှောက် သွားပြီး ..

www.burmeseclassic.com



''ဘယ့်နှယ့် မင်းဘာလုပ်နေတာလဲ။ ဘုရားဝတ်ပြုမလို့ မဟုတ်လား''

ဟု မေးလိုက်၏။ သူက သက်ပြင်းရှိုက်ပြီး…

''ဘုရားဝတ် မပြုနိုင်ပါဘူး။ အဘရယ်''

''ဘာဖြစ်လို့လဲကွ''

သူက အဝေးကို ငေးမျှော်ကြည့်လျက်…

''ကျွန်တော့် ညီလေးအတွက် စိတ်လေးလို့ပါ''

ဟု ပြောသည်။

''မင်း ညီလေး ဘာဖြစ်လို့လဲ''

''သူ လုယက်မှု၊ လိမ်လည်မှု ဖြစ်လို့လေ''

သူ့ကိုကြည့်ရင်း ကရုဏာ သက်သွားသည်။ သူ မည်သို့ ခံစားရမည်ကို ကျွန်တော် ခန့်မှန်းမိသည်။ ကျွန်တော့် ဘဝက နှစ်သိမ့်ရုံ၊ စိတ်မောရုံမှလွဲလို့ ဘာမျှမတတ်နိုင်။ ကျွန်တော် သူ့ ပခုံးကို ဆုပ်ကိုင်လိုက်ပြီး ..

''ဒီအတွက် ဘာဖြစ်လို့ စိုးနှောင့်နေတာလဲ မောင်စိန် သောင်း။ ငါတို့ဘဝက ကိုယ့်ကိုကိုယ်တောင် မစိုးပိုင်တဲ့ဘဝလေ။ ဒါကြောင့် ဒီအကြောင်းကို တွေးတိုင်း စိတ်နှလုံးညှိုးချုံးရုံက လွဲလို့ ဘာအကျိုးထူးမှာလဲ။ ထောင်မှာ စည်ကမ်းတစ်ခုရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



လေ။ အထဲကကိစ္စ အပြင်မယူရဘူး။ အပြင်ကကိစ္စ အထဲကို မယူရဘူးဆိုတာ မင်းမေ့နေပြီလား''

သူက သက်ပြင်းရှိုက်သည်။ ပြီးမှ ..

''မတွေးလို့မရဘူး အဘ။ ဒီကောင့်ကို အင်္ဂါနေ့ အမိန့်ချတော့မှာ၊ ကျုမှာပဲ''ဟု ပြောသည်။

''အင်္ဂါနေ့အမိန့်ချမှာ အမှန်ပဲလား''

''ထောင်ဝင်စာနေ့က ငြိမ်းပြောသွားတာပဲ''

ကျွန်တော်က ဒုတိယအကြိမ် လက်ကိုဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီး ..

''ဒါဆို မင်းမပူနဲ့ကွ။ အင်္ဂါနေ့အမိန့်ချပြီး ထောင်ရောက်ရင် အဲဒီနေ့က တို့အဆောင် ကျသစ်ဝင်မယ့်နေ့ကွ''

''ဟုတ်လား..အဘ''

ဟု မေးလျှင် ကျွန်တော်က တွက်ပြလိုက်ရ၏။ သူက ဝမ်းသာအားရဖြင့် ''ဒါဆို တော်သေးတာပေါ့။ ဒါဆို အဘကိုပဲ အားကိုးရတော့မှာပဲ''ဟု ပြောသည်။

''ဒီအတွက် မင်းမပူပါနဲ့ကွာ။ ငါကူညီပါ့မယ်''

''ဝမ်းသာလိုက်တာ အဘရယ်''

သူ့မျက်နှာ သိသိသာသာ ရွှင်လန်းသွားသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



(၂)

အင်္ဂါနေ့တွင် မိုးကတော်တော်ရွာသည်။ တနင်္လာနေ့ ကလည်း သူက ထပ်ကာအကူအညီတောင်းသဖြင့် နှစ်သိမ့်ရသည်။ တနင်္လာနေ့ညတွင် ထောင်ကျရုံးတာဝန်ကျ တင်ထွန်းနိုင်အား ကျသစ်များတွင် ရုံးမှ "မောင်စိန်မောင်"ပါလျှင် အကူ အညီပေးဖို့အကြောင်းနှင့် သူသည် "မောင်စိန်သောင်း" ၏ ညီ ဖြစ်ကြောင်း မှာရသည်။

ညနေ ကျသစ်တွေ ရောက်လာတော့ မောင်စိန်မောင် ပါလာသည်။

"အဘ ·· အဘပြောတဲ့ ရုံးက ကျသစ် မောင်စိန်မောင်"

တင်ထွန်းနိုင်က ပြောသည်။

"မင်းနာမည် မောင်စိန်မောင်နော်"

"ဟုတ်ပါတယ် အဘ"

"အမှုက"

"လုယက်မှု၊ လိမ်လည်မှု"

"မင်းမှာ အစ်ကိုရှိလား"

"ရှိပါတယ်။ နာမည်က မောင်စိန်သောင်းပါ။ ဒီအဆောင် မှာလို့ မရီးက ပြောပါတယ်။ အဘ သိလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူ့အား အခန်းလူကြီးထံ ခေါ်သွားကာ အကျိုးအကြောင်း ပြောပြရသည်။ အခန်းလူကြီးက ...

"ဒါဆို အဘနားမှာ ထားလိုက်လေ"

ဟု ပြောသည်။

ထိုညက သူ့ကို ကျွေးမွေးပြုစုပြီး စကားအမြည် ပြောရသည်။ ပြောရသည်ဆိုသော်လည်း စကားက အခြားမဟုတ်။ အမှုအကြောင်း။ အမှုဖြစ်စဉ်ပဲဖြစ်သည်။ သူကလည်း ပြောပြသည်။ အဖြစ်က တကယ်ပါပဲ။ အဖြစ်က မနှစ်ကနဲ့ မတူလို့ ပြောရမယ်။

အဘယ့်ကြောင့်ဆိုသော် ...

× × ×

မောင်စိန်မောင့်ဇနီးက 'လှလှ'ဖြစ်သည်။ လှလှက ဈေးရောင်းသည်။ ကုန်စိမ်းသည်လေ၊ ရာသီကုန်ရောင်းတော့ အဆင်ပြေသည်။

သည် လင်မယားက တက်ညီလက်ညီလည်း ရှိသည်။ မောင်စိန်မောင်က ကုန်ကြိုပေးပြီး လှလှက ရောင်းသည်။ ပြီးတော့ ဝင်ငွေကလေးက ဖြောင့်တော့ မဲစုသည်။ ကံကောင်းသည်ဟု ပြောရမည်လားမသိ။ ရွှေကလေး ငွေကလေးနှင့် ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မဲစုလိုက်လျှင်လည်း သူတို့က နံပါတ်သေးပဲ ပေါက်တာများသည်။ ထို့ကြောင့် ဂါလီလေးတစ်စီး ဝယ်လိုက်နိုင်သည်။

တစ်နှစ်အတွင်းမှာ အတော်တိုးတက်သည်။

ပြဿနာက ဖိုးလုံးကိုမွေးပြီးချိန်တွင် စသည်။

"ပြဿနာက ဘယ်လိုဖြစ်တာလဲ"

ကျွန်တော်က မေးလိုက်သည်။

"လှလှ မီးတွင်းထဲမှာ တုပ်ကွေးမိပြီး ချိသွားတာလေ။ ပြီးတော့ ဖိုးလုံးကလည်း နို့မျက်သွားတယ်"

"ဟ..ဒါဆို ဘယ်လွယ်မလဲ"

"အစစ်ပေါ့ အဘရယ်။ အဲ့ဒီတုန်းက ကျွန်တော်ဆို သေချင်စော်နံသွားတယ်။ မိန်းမဆေးဖိုး၊ ဖိုးလုံး နို့မှုန့်ဖိုးနဲ့ ရှိတာလေး ပြောင်သွားတယ်"

"ကြွေးမတင်တာ တော်သေးတာပေါ့"

"မတော်ဘူးအဘရေ။ ကြွေးကလည်း တင်သွားသေးတယ်။ အဆိုးဆုံးက နေ့ပြန်တိုးနဲ့ မဲဖိုးပဲ။ လှလှ မလှုပ်နိုင်တော့ ကျွန်တော် တစ်ယောက်တည်း ရုန်းရတာ။ နှစ်ယောက်ထမ်းနေတဲ့ ဝန်ကို တစ်ယောက်တည်း ထမ်းရတော့ ဘယ်လွယ်မလဲ"

ထိုစဉ် ကျွန်တော်က ..

www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် မင်းအမှုဖြစ်ပုံကလေး ပြောပါဦး"

ဟု ဖြတ်မေးလိုက်သည်။

သူက သက်ပြင်းရှိုက်ပြီး

"ပြောရရင် ရင်နာစရာပါပဲ"

ဟု ပြောပြီး ဖြစ်စဉ်ကို စသည်။ သူ့ဘဝဇာတ်ကြောင်းက ခရောင်းလမ်းကြီးနှင့် တူသည်။

× × ×

(၃)

စိန်မောင် ကုန်စိမ်းရောင်းသောအမြတ်ငွေက နေ့ပြန်တိုး၊ မဲဖိုးနှင့် ပြုတ်ပြုတ်ပြုန်းသွားသည်။ ဖဲ့စားရင်း အရင်းလည်း ပါနေပြီ။ ထို့ကြောင့် စိန်မောင်စဉ်းစားရသည်။ ဒီအတိုင်းဆို မလွယ်။

စိန်မောင် ဘေးကျပ် နံကျပ် ဖြစ်နေစဉ် စိန်မောင့် ငယ်သူငယ်ချင်း တင်ငွေက အကြံတစ်ခုပေးသည်။ ည (၆)နာရီမှကဲ ပိုင်း သူ့ဆိုက်ကားနင်းရန် ဖြစ်သည်။ စိန်မောင် သဘောတူလိုက်သည်။ ညပိုင်း ဆိုက်ကားနင်းသည်။ ဆိုက်ကားနင်းရင်း အရင်းရှာရမည်။

"နင်းကောင်းရဲ့လား"

ကိုယ်တော်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မေးလိုက်သည်။

"မတောင်းပါဘူး အဘရယ်။ မကောင်းလို့လဲ အရင်းအနှီးကလေးရဖို့ ကျွန်တော် ကြံမိကြံရာ ကြံလိုက်မိတာပေါ့"

ဟု ပြောသည်။

"ဘယ်လိုကြံလိုက်မိတာလဲ"

အမေးကို သူက ဖြေသည်။

"အဲဒီညက ဆွဲမကောင်းလို့ ကျွန်တော် ည (၁၂)နာရီလောက်အထိ ဆိုက်ကားမသိမ်းဘူး။ ဂိတ်တဲရှေ့မှာငိုက်ပြီး ပါစယ်ဂျယ် စောင့်နေရင်း သူ ရောက်လာတယ်။ မူးလည်း မူးနေတယ်"

"ပြဿနာက သူက စတာလား"

"ဟုတ်တယ် အဘ။ သူက မြို့သစ်ဈေးဘက် ငှားတယ်။ ဒီလမ်းက လူပြတ်တယ်"

သူက စကားဖြတ်ပြီး အဝေးကို ကြည့်လိုက်သည်။ ပြီးမှ တစ်လုံးချင်း ပြောသည်။ ကျွန်တော် သူ့စကားထဲ နစ်မျောသွားသည်။

× × ×

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ ဆိုက်ကားငှားကတည်းက စိန်မောင် သူ့ကိုယ်ပေါ်က ပစ္စည်းတစ်ခုကို စိတ်ဝင်စားသွားသည်။ တခြားမဟုတ်။ သူ့လက်က နာရီနှင့် ဆွဲကြိုး။

ထို့နောက် သူ့ကို လိုက်ပို့ရင် သူလည်း မူးနေသည်မို့ သူ့ဆွဲကြိုးနှင့် နာရီကို အပိုင်ယူဖို့ ဆုံးဖြတ်လိုက်သည်။ ထို ဆုံးဖြတ်ချက်ကြောင့် ရိုးချောင်းတံတားနားသို့ ရောက်လျှင် ဆိုက်ကားကို ရပ်လိုက်သည်။ အမူးသမားက "ဘာဖြစ်တာလဲ"ဟု မေးရင်း ကိုယ်ကို မတ်လိုက်သည်။

စိန်မောင် မစဉ်းစားတော့။ သူ့မျက်နှာကို ဖြတ်ရိုက်လိုက်သည်။

"ဖျန်း"

"အား"

သူ တစ်ချက်သာ အော်နိုင်ပြီး ပက်လက်လန်သွားသည်။ ပတ်ဝန်းကျင်မှာလည်း ဘာမျှမရှိ။ စိန်မောင် စိတ်ရှိလက်ရှိ ထိုးလိုက်သည်။ ပြီး ပစ္စည်းတွေကို ယူသည်။

"သူ့ကို မင်းဘယ်လို ထားခဲ့လဲ"

သူက သက်ပြင်းရှိုက်ပြီး

"တံတားအောက်ကို ကန်ချခဲ့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဖြေသည်။

"ဒါဆို လိမ်လည်မှုကကော"

"လိမ်လည်မှုက ဆွဲကြိုးနဲ့ ပတ်သက်တယ်လေ။ နောက်တစ်နေ့ ဆွဲကြိုးကို ဈေးထဲမှာ ကျွန်တော် သွားရောင်းတယ်။ ကျွန်တော်က ရွှေအကြောင်း မသိတော့ အစစ်လား၊ အတုလား မခွဲနိုင်ဘူး။ ဆိုင်ရောက်မှ အတုကြီးမှန်း သိတာ။ ဆိုင်ရှင်က ကျွန်တော့်ကို လိမ်ရောင်းတယ်လို့ စွပ်စွဲတယ်။ ကျွန်တော်က ငြင်းတယ်၊ ငြင်းရင်း ပြဿနာဖြစ်ကြတယ်။ ဒီအချိန်မှာ နယ်ထိန်းရောက်လာပြီး ကျွန်တော့်ကို ဆွဲတာ"

"ဆွဲရတဲ့ အကြောင်းက"

"စခန်းမှာ ညက နာရီနဲ့ ဆွဲကြိုး လုယက်သွားကြောင်း တိုင်ချက်ရှိသတဲ့။ ဆွဲကြိုးကလည်း ဘတ်ကြိုးဆိုတော့ မသင်္ကာလို့ စစ်ဖို့ စခန်းခေါ်သွားတာ"

"စခန်းမှာစစ်လို့ ပေါ်တာလား"

သူက ခေါင်းခါပြီး နာကြည်းစွာ ပြောသည်။

"စစ်စရာတောင် မလိုဘူးလေ။ ကျွန်တော် စခန်းရောက်ပြီး မကြာခင် ညက ငနဲရောက်လာတယ်။ ညက သူ့ကို ရိုက်ပြီး ပစ္စည်းလုတာ ကျွန်တော်ပါလို့ ပြောတယ်။ ကျွန်တော့်အတွက်

မိတ်ဆွေစာပေ
www.burmeseclassic.com

www.burmeseclassic.com



ချောက်ပဲ။ ကျွန်တော် ဘာပြောရမှန်းမသိတော့ဘူး။ ငြင်းလို့လည်း မရဘူး အဘ။ ဆွဲကြိုးကလည်း သက်သေခံနေပြီ။ ပြီးတော့ ကျွန်တော့်ရဲ့ လက်ထဲမှာ သူ့နာရီကလည်း ရှိနေတယ်လေ။ ခိုးထုတ်ခိုးထည့်နဲ့မိဆိုတာ ကျွန်တော်မှ အစစ်ပဲ အဘ"

ကျွန်တော်က လေပူမှုတ်ထုတ်လိုက်ပြီး

"မင်းအဖြစ်က ဆိုးလှချည်လား"

ဟု ပြောလိုက်လျှင် သူက

"အဖြစ်ဆိုးရတာ ကျွန်တော်က ဆိုးအောင် လုပ်ခဲ့တာလေ။ ကောင်းတာလုပ်လို့ မကောင်းတာ ဖြစ်တာဘဲ။ ကိုယ်ပြုသမျှဒဏ် ကိုယ်ပဲခံရတာ မဟုတ်လား"

ဟု ပြောသည်။

"မင်း ဒါလည်း သိသားပဲ"

"သိတာပေါ့ အဘရယ်။ ကျွန်တော်က သိရက်နဲ့ မိုက်မိ တာကိုး။ ဒါဟာ ဒုက္ခနဲ့ လောဘကြောင့်ပဲ အဘ။ လောကဓံရဲ့ ဒဏ်ကို မခံနိုင်လို့ ဒီလိုဖြစ်ရတာ။ ကိုယ့်အပြစ်ကို ကိုယ်သိတဲ့ အပြစ်ကြွေးကို ချွေးနဲ့ဆပ်ဖို့ ကျွန်တော်ဆုံးဖြတ်ပြီးပြီ။ ဒီနောက်ပိုင်း တော့ ကျွန်တော့်ဘဝ ဒီလိုမဖြစ်စေရဘူး။ အကောင်းဆုံးအတွက် အကောင်းဆုံးဖြစ်အောင် ကျွန်တော် ကြိုးစားတော့မယ် အဘ"



www.burmeseclassic.com

www.burmeseclassic.com



"သာဓု…သာဓု…သာဓု"

ကရုဏာသက်စွာ "သာဓု" သုံးကြိမ် ခေါ်လိုက်သည်။

သူ့ဘဝ၊ သူ့ဆန္ဒနှင့် ပြည့်စုံပါစေ။

မှူခင်းရောင်စုံမဂ္ဂဇင်း

၁၉၉၉-ခုနှစ်၊ နိုဝင်ဘာလ

* * *

ငြိမ်းဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



# ချောက်ကမ်းပါးစွန်းရောက် လူတစ်ယောက်အကြောင်း

"မင်္ဂလာပါ ဆရာမြတ်၊ ကျွန်တော် ဆရာမြတ်ကို တွေ့ချင်နေတာ"

နေခြည်စက်များ ဖိတ်လက်စအချိန်တွင် သူနှင့်တွေ့ခြင်းဖြစ်၏။ နေရောင်ခြည်သည် ပူနွေးစမရှိသေး။ မြို့ဦး ကျောင်းဘက်မှ ကိုရင်များ ဆွမ်းခံထွက်လာသည်ကို မြင်သည်။ (၁၂)သမဒိုင် 'တစ်' ကားတစ်စီး ဆိုက်လာသည်။ တက်မည်ပြုစဉ် သူနှင့် ဆုံရခြင်းဖြစ်၏။

သူက နယ်ထိန်းတပ်ကြပ်တစ်ဦး။ သူ့အမည်က ထိန်ဝင်း။ အသားညိုပြီး အရပ်ကမြင့်သည်။ လူအများနှင့် ကူညီတတ်သလို



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျေသူ။ သူက အရေးတယူ တွေ့ချင်သည်ဆိုသဖြင့် အကြောင်းတစ်ခုရှိပြီဟု သိသည်။ ထူးခြားသည့်အမှုတစ်မှု အကြောင်းပြောမည်ဟု တွေးမိသည်။ ဇာတ်လမ်းရှိသော အမှုကလေးများကို ပြောပြတတ်သူ။

သူ့ကို ပြုံးကြည့်လိုက်ပြီး စိတ်ဝင်စားစရာ အမှုအခင်းတစ်ခု ကြုံရပြီလားဟု မေးလိုက်သည်။

"အမှန်ပေါ့ဆရာ။ ဇာတ်လမ်းက လှည့်ကွက်ကလေးနဲ့ စိတ်ဝင်စားစရာ ကောင်းသလို ရဲပညာချက်လည်း ပါတယ်လေ"

"ဘာမှုလဲ ဆရာမောင်ထိန်ဝင်းရဲ့"

"ခါးပိုက်နှိုက်မှုလေ..."

"ခါးပိုက်နှိုက်မှု ဟုတ်လား"

"ဟုတ်တယ်ဆရာ"

သူက ခါးပိုက်နှိုက်အမှုအကြောင်းကို ပြောပြသည်။ ကျွန်တော်က သူပြောပြသည့်အကြောင်းကို နားထောင်ရင်း 'ကိုကို' ပြောပြသည့် ခါးပိုက်နှိုက်ပုံပြင် ပူပူနွေးနွေးကို သတိရမိသဖြင့် ပြုံးမိသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



(၁၂)နာရီထိုးပြီ။ ဒီကနေ့ ထုတ်ဝေသူနှင့် ချိန်းထားသည့်နေ့။ ထုတ်ဝေသူနှင့် မတွေ့လို့မဖြစ်။ မနေ့ကတည်းက ဒီဇိုင်းတွေပေးထားပြီးပြီ။ ဒီကနေ့ ငွေရမည့်နေ့။ ထို့ကြောင့် ကိုကိုသည် ကားဂိတ်ရောက်သည်နှင့် ကားကြပ်သည်။ ချောင်သည်ကို မကြည့်။

ကားရပ်လိုက်လျှင် ကားပေါ်သို့ ပြေးတက်သည်။ အားပါး… လူကလည်း များပါ့။ ငါးပိသိပ်၊ ငါးချဉ်သိပ်လို့ ပြောရမလို မည်သို့ဆိုစေ…ကိုကိုသည် ကားပေါ်သို့ ရောက်သည်နှင့် ကားရှေ့ဆီသို့ တိုးဝင်လိုက်သည်။ အထဲသို့ ရောက်စောလည်း ဒီလောက်မဟုတ်။ ဩော်….လူတွေ…လူတွေ အပေါက်ဝမှ ကြိုက်တဲ့လူတွေ။

ကားက ခပ်မှန်မှန်မောင်းသည်။ မီးခွက်ဈေး၊ တံတားဖြူရောက်သည်အထိ ဆင်းသူမရှိ။ တက်သူချည်း။ နေကပူ ရှေ့သို့ ကားက တဖြည်းဖြည်း ပိုကြပ်လာသည်။ ကိုကိုမျက်စိကို မှိတ်ကာ လိုက်ပါလာသည်။

"ရုံးရှေ့ပါလား"

တံတားဖြူကျော်လျှင် စပယ်ယာက နောက်ပိတ်ဂိတ်အမည်နှင့် မေးသည်။ ဖြေသံ မကြားရ။

"ဆွဲ…ဆရာရေ…လိုက်ရင်တင်မယ်" ဟု ပြောသံကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းက ကြမ်းသည်။ ကားက အရှိန်ပြင်းပြင်း မောင်းသဖြင့် ကားစီးရသည်နှင့်မတူ။ ပခက်စီးရသလို ဖြစ်နေသည်။ ယိမ်းထိုးနေသည်။

ထိုစဉ်…

"ဟာ…ကျွန်တော့်ပိုက်ဆံအိတ် မရှိတော့ဘူး"

ကိုကိုနှင့် တစ်ယောက်ကျော်အမျိုးသားက ပြောလိုက်သည်။ ထိုစကားကြောင့် ကိုကို့ မျက်လုံးကျယ်သွားသည်။ ရင်လည်း ဒိန်းခနဲ ခုန်သွားသည်။ ဒုက္ခ…ဘာပြဿနာ ဖြစ်ဦးမည်မသိ။

ထိုစဉ် အမျိုးသားဘေးမှ အမျိုးသမီးက ..

"အဆင်းမရှိသေးဘူး။ ခါးပိုက်နှိုက် ကားပေါ်မှာပဲ ရှိမယ်။ ရဲစခန်းကို မောင်းပါ"ဟု ပြောသဖြင့် ကိုကိုပို၍ စိတ်ဓာတ်ကျသွားသည်။ ရဲစခန်းဝင်လည်း ရဲက တာဝန်အရစစ်မည်။ အချိန်ကုန်ဦးမည်။ ခက်သည်က အချိန်လွန်၍ ထုတ်ဝေသူမရှိ၍ ဒု[illegible]။

"ဟင်း"

ကိုကို သက်ပြင်းချလိုက်သည်။

ကားကလည်း ရဲစခန်းရှေ့သို့ ချိုးကွေ့[illegible]ကသည်။

ကားရပ်လိုက်လျှင် စခန်းတွင်းမှ တာဝန်ကျရဲများ ထွက်လာသည်။ ကားပေါ်မှာ ခါး[illegible]နှိုက်ခံရသူနှင့် အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ ဆင်းသည်။ ရဲတပ်သားတစ်ဦးက ကားပေါ်က တစ်ယောက်ချင်း ဆင်းခဲ့ကြပြော ပြောသည်။

ကားပေါ်မှ ခရီးသည်များ တစ်ယောက်စီဆင်းပြီး ရပ်နေရသည်။ ထိုစဉ် ကားပေါ်မှ လူတစ်ဦးက "ပိုက်ဆံအိတ်... ပိုက်ဆံအိတ် ဟိုထိုင်ခုံအောက်မှာ ..."

ဟု ပြောသံကြားသည်။ ရဲတပ်သားတစ်ဦးက ပိုက်ဆံအိတ်ကို သွားကောက်သည်။

"ခင်ဗျားအိတ်ထဲမှာ ဘာတွေပါလဲ"

"ငွေနှစ်ထောင်နဲ့ မှတ်ပုံတင်ပါတယ်။ ပိုက်ဆံက ငါးရာတန်တွေ"

ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံမရှိတော့ဘူး။ မှတ်ပုံတင်တော့ ရှိသေး၏။

"ခင်ဗျားဘေးနဲ့ ခင်ဗျားရှေ့မှာ ဘယ်သူတွေရှိလဲ"

အမျိုးသားက ကြည့်ပြီး လူနှစ်ယောက်နှင့် ကိုကိုကို လက်ညှိုးထိုးပြီး ..

"ဟိုနှစ်ယောက်က ကျွန်တော့်ရှေ့မှာ၊ ဒီလူကတော့ ဘေးမှာ"

"အဲဒီ သုံးယောက် ရှေ့ထွက်ခဲ့"

ဗိုတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုတို့ ထွက်သွားသည်။ ရဲတွေက ကိုကိုတို့ သုံးယောက်ကို အကဲခတ်ကြည့်သည်။ တစ်ယောက်က ကန္တ့ာလျ၊ တစ်ယောက်က မည်းမည်းတုတ်တုတ်။ မည်းမည်းတုတ်တုတ်က အင်္ကျီလက်တို ဝတ်ထားပြီး လက်မှာ အရုပ်တွေထိုးထားသည်။

ကိုကိုကမူ စိတ်လှုပ်ရှားနေ၏။

"မင်းတို့ ဘယ်သွားမလို့လဲ"

"သမိုင်းကို.."

သူ့အဖြေမဆုံးမီ အိတ်ကို နှိုက်ကြည့်သည်။ အိတ်ထဲမှာ ငွေစက္ကူတွေ ရှိသည်။ ငါးရာတန်နှစ်ရွက်၊ နှစ်ဆယ်တန် သုံးရွက်နှင့် ကျပ်တန်များ။ ထူးခြားချက်က ငါးရာတန် နှစ်ရွက်က တွန့်လိမ်နေသည်။ ထိုးထည့်ထားသည့်ပုံ။

"မင်းမှာ ငွေဘယ်လောက်ပါလဲ"

"ဟင်"

"မင်းမှာ ပိုက်ဆံဘယ်လောက်ပါလဲလို့ မေးနေတယ်"

"ဟို....ဟို..."

စစ်ဆေးနေသည့် တပ်ကြပ်ကြီးက ပြုံးလိုက်သည်။

"ဒီနှစ်ကောင် အထဲခေါ်သွားစမ်း"

ဟု ပြောလျှင် သူတို့တုန်လှုပ်သွားသည်။ ထိုအခိုက်



www.burmeseclassic.com

www.burmeseclassic.com



ရဲတပ်ဖွဲ့ဝင်တစ်ဦးက ကိုကို့အနီးသို့ ကပ်လာသည်။ အိတ်ထဲသို့ နှိုက်လိုက်ပြီး ...

"မင်းက ဘယ်သွားမလို့လဲ"

"မြို့ထဲကို"

"ဘာသွားလုပ်မလို့လဲ။ မင်းဘာလုပ်လဲ"

"စာအုပ်တိုက်သွားမလို့။ ကျွန်တော်က ပန်းချီဆရာ"

"ဘာပန်းချီဆရာလဲ"

ယင်းသို့မေးနေစဉ် ရဲတပ်ကြပ်အဆင့်ရှိ တပ်ဖွဲ့ဝင်တစ်ဦး ဝင်လာသည်။ သူကပြုံးပြီး သူက ..

"စာနယ်ဇင်း ပန်းချီဆရာလေဗျာ။ မြို့နယ်မဂ္ဂဇင်းထုတ် တုန်းက အဖုံး သူရေးတာပေါ့"

ဟု ဝင်ပြော၏။ သည်တော့မှ မေးမြန်းမှု ရပ်သွားသည်။

"စိတ်မရှိနဲ့နော်။ ကျွန်တော်တို့က တာဝန်အရ မေးရ တာ"

"ကိစ္စမရှိပါဘူး"

စိတ်ထဲမှာတော့ နင့်နေသည်။ ပြန်ပေးသည့် ပိုက်ဆံများ အား အိတ်ကပ်ထဲ ပြန်ထည့်ရင်း စာနယ်ဇင်းလောကကလေးတော့ လုပ်ဦးမှပဲ တွေးမိသည်။ တပ်ကြပ် ကိုတိုးဝင်းက ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းချီဆရာ စိတ်အနှောင့်အယှက် ဖြစ်သွားလား"

"ဒီလိုပေါ့ကွာ"

ဒါပဲ ပြောလိုက်သည်။

× × ×

ကားက မထွက်ရသေး။ ခရီးသည်တွေ ဟိုတစ်ခု၊ သည်တစ်စု။ ကိုကို မလေးရှားပိတောက်ပင်အောက်မှာ ရပ်ရင်း ခံတွင်းချဉ်လာသဖြင့် လွယ်အိတ်တွင်းမှ ညှပ်ထားသော ဆေးလိပ်တို နှိုက်လိုက်စဉ် ခေါင်းနားပန်းကြီးသွားရင်း အိတ်ထဲမှာ မာမာအရွက်တွေ။ တန်တော့ .. ပြဿနာတွေပဲ ဖြစ်မည်။

ကိုကို ရဲတပ်ဖွဲ့ဝင်တစ်ဦးအနီးအနားသို့ ခပ်သွက်သွက်လှမ်းသွားပြီး ...

"ကျွန်တော် တပ်ကြပ်ဆရာထိန်ဝင်းနဲ့ တွေ့ချင်လို့" ဟု ပြောလိုက်၏။

"စခန်းထဲ ဝင်သွားလေ"

ကိုကိုအခန်းထဲသို့ ဝင်လိုက်သည်။ သူ့ဘက် ခေါင်းရင်းခန်းမှာ တပ်ကြပ် ထိန်ဝင်း တစ်ဦးတည်း။

"ဆရာ ထိန်ဝင်း"

မိုးတိမ်ခွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူက မော့ကြည့်သည်။

"ဘာအကူအညီလိုလို့လဲ ပန်းချီဆရာ"

ကိုကို ပတ်ဝန်းကျင်ကို ငဲ့ကြည့်ပြီး ကိုယ်ကိုရှေ့သို့ ညွတ်၍...

"ကျွန်တော့်အိတ်ထဲ ပိုက်ဆံတွေ ရောက်နေတယ်ထင်တယ် ဆရာထိန်ဝင်း"

အသံကို နှိမ်ပြောလိုက်သည်။ တပ်ကြပ်ထိန်ဝင်း ပြုံးလိုက်ပြီး...

"ဘာမှမစိုးရိမ်ပါနဲ့ ပန်းချီဆရာ။ ရဲရဲထုတ်လိုက်ပါ"

ကိုကို ထုတ်လိုက်သည်။ ဟုတ်သည်။ ငါးရာတန် နှစ်ရွက်။

"ကျွန်တော့်ကို ယုံပါ ဆရာထိန်ဝင်း"

"မစိုးရိမ်ပါနဲ့ဗျာ။ ကျွန်တော် သဘောပေါက်ပါတယ်။ ကဲ..စိတ်အေးလက်အေးသာ အပြင်မှာ သွားစောင့်နေ"

"ကျေးဇူးပဲ....ဆရာ ထိန်ဝင်း"

× × ×

တပ်ကြပ်ထိန်ဝင်းက ..

"ဆရာ အဲဒီပန်းချီဆရာကို သိတယ်မဟုတ်လား"ဟု မေးသည်။ ကျွန်တော် ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဘာကြောင့် ပြန်လွှတ်လိုက်တယ်ဆိုတာရော သိလား”

“ရိုးသားတဲ့ စာနယ်ဇင်းသမားမှန်းသိလို့ မဟုတ်လား”

“ဟုတ်တယ်ဆရာ..ရိုးသားသူနဲ့ မရိုးသားသူ ဥပဒေ စည်းကို ဖောက်ဖျက်သူနဲ့ ဥပဒေကို လေးစားသူ။ အဲဒီလူတွေရဲ့ စရိုက်ဉာဏ်ကို ကျွန်တော်တို့ ရဲက သိနေတယ်။ ဒါ ရဲပညာလေ၊ ပန်းချီဆရာ မရိုးသားရင် ဘယ်လာပြောမလဲ။ တကယ်တော့ ဒုစရိုက်သမားတွေဟာ ဒီလိုခုတုံးလုပ်တဲ့ ဉာဉ်ရှိတာကို ကျွန်တော်တို့ သိနေတယ်လေ။ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေဟာ ဥပဒေ စည်းချိုးဖောက်သူတွေကို အချိန်မရွေး၊ အခါမရွေး ဖော်ထုတ်သလို ရိုးသားတဲ့ပြည်သူတွေကိုလည်း အစဉ်အမြဲ ကူညီနေပါတယ် ဆရာ”

“ဒါပေါ့ကွာ...ရဲတပ်ဖွဲ့ကို ပြည်သူက ကိုးစားယုံကြည် ခြင်းနဲ့ ပြည်သူတွေကို ရဲကူညီခြင်းဟာ ဒုစရိုက်မှု ချုပ်ငြိမ်းခြင်း ရဲ့ အမှတ်လက္ခဏာ မဟုတ်လား”

“ဟုတ်တယ်ဆရာရေ .. ဟုတ်တယ် .. ဟုတ်တယ်”

သူက လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။ သူ့ကို ကျွန်တော် လှိုက်လှဲသောအပြုံးနှင့် ပြုံးကြည့်လိုက်ကြသည်။

ထို့နောက် သူ့ကို တစ်ချက်ကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com


"ဒါထက် မင်းတို့ အဲဒီနေ့က ခါးပိုက်နှိုက် မိလိုက်တယ်နော်၊ ခါးပိုက်နှိုက်က ဟိုနှစ်ယောက်ပဲလား"

တပ်ကြပ်ထိန်ဝင်းက ပြုံးပြီး ခေါင်းညိတ်သည်။

"အစစ်ပေါ့ဆရာ။ ခါးပိုက်နှိုက်က အဲဒီနှစ်ယောက်ပေါ့။ တစ်ယောက်က ခါးပိုက်နှိုက်လက်သင်၊ ပန်းချီဆရာအိတ်ထဲ ပိုက်ဆံထည့်လိုက်သူက လက်သင် ဝင်းဆွေ မဟုတ်ဘူး ကျော်ဖဲ။ ဝင်းဆွေက လက်သင်ဆိုတော့ အထာမကျွမ်းဘူးလေ။ ဒါကြောင့် ပိုက်ဆံအိတ်နဲ့ ပတ်သက်လို့ အနီးကပ်မပြောနိုင်တာ။ ကျော်ဖဲကတော့ ဝါရင့်ပီပီ သဲလွန်စဖျောက်လိုက်တာပေါ့။ ဘာပဲဖြစ်ဖြစ်ပေါ့လေ နောက်ဆုံးတော့ ဒုစရိုက်သမားတွေ ဦးညွတ်ရတာပါပဲ"

"ဒါပေါ့ .. ဒါပေါ့ မောင်ထိန်ဝင်းရယ်။ ဒါပေမယ့် တစ်ခါတစ်ရံ ဒုစရိုက်သမားတွေရဲ့ မသမာမှုကြောင့် ပြည်သူတွေ ခံစားရတာတော့ ရင်နာတယ်"

"ဒါကြောင့် ကျွန်တော်ကတော့ ပြည်သူတွေကို နှိုးဆော်ချင်တယ်။ ဒုစရိုက်သမားတွေဟာ ပြည်သူတွေကြားမှာ ရောနှော ရှိနေတတ်တာမို့ ပြည်သူတွေ သတိရှိကြပါလို့လေ"

"ဟာ....ဒါသိပ်ကောင်းတဲ့အကြံပေါ့။ ငါတို့ စာပေသမားတွေကလည်း နှိုးဆော်ပေးပါ့မယ်"

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပေါ့ ဆရာရယ်"

သူနှင့်ကျွန်တော် ပြုံးကြည့်ကြသည်။ ကျွန်တော်ကို့ အပြုံးက ရဲနှင့်ပြည်သူ ကြည်ဖြူသော အပြုံးရယ်လား ....

ဖြစ်ရပ်မှန်မဂ္ဂဇင်း
၁၉၉၈-ခုနှစ်၊ နိုဝင်ဘာလ

* * *

မိုးသဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



# နှစ်ပိုင်းတစ်ပိုင်း တိုင်းကျော်

(၁)

အေးချမ်းသောနံနက်ခင်း ပူစပ်ပူလောင်ဖြစ်သွားသည်။ လမ်းပေါ်ရောက်လူအများ မတိုင်ပင်ဘဲ ဆိုင်ပျက်ကလေးနားသို့ ရောက်ကုန်သည်။ သေးသေးကုတ်ကုတ်ဆိုင်ကလေးမှာ ဝိုင်းအုံနေသော လူများအောက်တွင် ပျောက်သွားသည်။

"တိုင်းကျော်တို့ကတော့ကွာ…အံ့ရော။ သတ္တိကတော့ တကယ်ကောင်းပါ့"

တစ်ယောက်တစ်ပေါက် ပြောကြသည်။ အလုအယက် ကြည့်ကြသည်။ ဆိုင်ကလေး၏ထောင့်တွင် တိုင်းကျော်က ကလေးကို ကိုယ်တိုင်မွေးနေတယ်လေ။ ကလေးက ဝမ်းကကျွတ်ပြီးပြီ။ တိုင်းကျော်ကိုယ်တိုင် ချက်ကြိုးဖြတ်လိုက်ပုံရ၏။ ကလေး၏ ငိုသံ မကြားရ။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းကျော်မျက်နှာလည်း ဖြူဖပ်ဖြူရော်နှင့်။

"သူ့ကို ဒီလုံချည်ကလေးပေးလိုက်ပါ"

အထည်ဟောင်းရောင်းသော မထွေးက လုံချည်ဟောင်း တစ်ထည်လာပေးသည်။ အမျိုးသမီးတစ်ဦးက လုံချည်ယူပြီး တိုင်းကျော်ကို လှမ်းပေးသည်။ တိုင်းကျော်က နွမ်းနွမ်းနယ်နယ် အမူအယာဖြင့် လုံချည်ကို လှမ်းယူသည်။ သူ့ပုံကလည်း လှုပ်ရှားချင်ပုံမရ။

"သူ့မိဘတွေကို သွားမပြောဖူးလား"

ကြည့်နေသူထဲက တစ်ဦးက ပြောသည်။

"သွားပြောတယ်လေ။ ပြောတဲ့လူကို လာမပြောနဲ့လို့ ပြောလွှတ်လိုက်တယ်"

"ဟုတ်လား…ဒါဆို တိုင်းကျော်မိဘက ဘယ်လိုမိဘလည်း မပြောလိုက်ချင်ဘူး"

"ကဲပါ…ဒါတွေပြောမနေပါနဲ့။ ဒီတိုင်းကြည့်နေဖို့ မဖြစ်ဘူးလေ။ ဆေးရုံပို့မှ ဖြစ်မှာပေါ့။ ကလေးကလည်း ဘယ်လိုနေတယ်မသိဘူး။ ပြီးတော့ သွေးထွက်ကလည်း လွန်သွားရင် မကောင်းဘူး"

"ဒါဆို ဆေးရုံပို့မယ်"

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com


"ကားငှားရမယ်ပေါ့။ ဒါဆို ..."

စကားရပ်သွားသည်။ ကားငှားလျှင် ငွေလိုမည်။ ဘယ်သူ စိုက်ထုတ်မလဲ။ ထိုစဉ် တစ်ဦးက အနီးရှိ လူများကို သဒ္ဓါကျေး ကောက်သည်။ ဗမာတွေက သဒ္ဓါမနည်းကြ။ ငွေနှစ်ရာကျော် လောက်ရသည်။ ကားငှားသည်။ ဆေးရုံပို့သည်။

ဆေးရုံရောက်တော့ ဆရာဝန်၊ ဆရာမတွေက အသက်လု ကုသကြဖို့ ပြင်ဆင်ကြသည်။ ကလေးကမူ အသက်မရှိတော့။ တိုင်းကျော်အခြေအနေကလည်း အား.ရစရာမရှိ။ ဖြူဖပ်ဖြူရော် နွမ်းနွမ်းနယ်နယ်၊ သွေးသွင်းဖို့ လုပ်ကြသည်။

သို့သော် တိုင်းကျော်ကံမကောင်းပါ။

တိုင်းကျော် တက်ကျိုး၊ မျက်လုံးမှိတ်သွားပြီ။ တိုင်းကျော် သေသွားတော့။ မိဘများကလည်း အသိအမှတ်မပြုသဖြင့် ပိုင် ရှင်မဲ့အလောင်းအဖြစ် မြေချလိုက်ရသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## (၂)

## (နောက်ဆက်တွဲ-၁)

"တိုင်းကျော်ကို မေမေတို့ သတ်တာ"

လေးမြင့်က အော်ပြောသည်။ လေးမြင့်အသံက အတော်ကျယ်သွားသည်။ ထို့ကြောင့် ဒေါ်ခင်မြင့် ဆတ်ခနဲ ထလိုက်သည်။

"လေးမြင့်...နင့်ပါးစပ်ပိတ်ထားစမ်း။ နင်မဆိုင်တာတွေ မပြောနဲ့"

"ဘာမဆိုင်တာလဲ အမေ။ ကျွန်တော် အမှန်ပြောနေတာ။ ညီမလေး ဒီလိုခွေးသေ၊ ဝက်သေ သေရတာ မေမေတို့ကြောင့် မဟုတ်လို့ ဘယ်သူ့ကြောင့်လဲ ပြောစမ်းပါ"

"ဟဲ့...သူက မိဘစကားနားထောင်လို့လား။ ကိုယ်က မိန်းကလေးဖြစ်ရက်နဲ့ ယောက်ျားကလေးလို နေချင်တာ။ မိန်းမက မိန်းမဆိုတာ သူမသိဘူးလား"

"တော်အမေ... ဒီလိုပြောစတမ်းဆို အမေကို အရင်ပြောရမှာ။ အရင်တုန်းကအမေကိုယ်တိုင် မိန်းကလေးက ယောက်ျားစိတ်ပေါက်တာမြတ်တယ်ဆို။ အမေမကန့်ကွက်ခဲ့ဘူးလေ။ အမေကိုယ်တိုင် မီးလောင်ရာလေပင့်လုပ်ခဲ့တာ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...အချိန်တန်တော့ ငါဆုံးမတယ်လေ။ သူ ပြုပြင်သလား"

"အမေဆုံးမချိန်က လွန်နေပြီလေ။ အို...ညီမလေး မကောင်းဘူးဘဲ ထားပါတော့။ အမေပြန်မထိန်းသိမ်းသင့်ဘူးလား။ မိဘဆိုတာ သားသမီးကို မပစ်ကောင်းဘူး။ တောင်းဆိုး ပလုံးဆိုး မဟုတ်ဘူး"

"တော်...လေးမြင့်။ ငါ့ကို မိချောင်းမင်း ရေခင်းမပြနဲ့။ သူ့ကြောင့် ငါတို့ဂုဏ်သိက္ခာအကျမခံနိုင်ဘူး"

လေးမြင့် ဟားတိုက်ရယ်လိုက်သည်။

"သိပ်ရယ်ဖို့ကောင်းတာပဲ။ ခုကော သိက္ခာမကျဘူးလား။ ရပ်ကွက်ထဲက ပြောကုန်ပြီ။ ညီမလေးကို ပိုင်ရှင်မဲ့အလောင်းအဖြစ် မြေချလိုက်တော့၊ သိက္ခာမကျဘူးလား။ လူတိုင်းက တိုင်းကျော်ဟာ ကျွန်တော်တို့ညီမလေးမှန်း သိကြတယ်။ ကျွန်တော်တို့ဟာ လူမဟုတ်တော့ဘူး။ လူမဟုတ်တော့ဘူး"

လေးမြင့် ပြောရင်းငိုသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



(နောက်ဆက်တွဲ - ၂)

ရဲဒင် အရက်သောက်နေသည့်စားပွဲသို့ မျိုးဝင်း တစ်လှမ်းချင်း တိုးကပ်လာသည်။ ပထမ ရဲဒင် အရက်ကို အတွေးနှင့်သောက်နေသည်မို့မသိ။ မျိုးဝင်း အနားရောက်မှ သိသည်။ မျိုးဝင်းကို တွေ့လျှင် ရဲဒင် မျက်မှောင်ကြုံ့လိုက်သည်။

"မင်းဘာအလုပ်လုပ်တာလဲ မျိုးဝင်း"

"မင်းနဲ့ တွေ့ချင်လို့လေ"

"မင်းနဲ့ငါတွေ့စရာ အကြောင်းမရှိဘူး"

"ငါကတော့ ရှိတယ်။ ဒီမှာ ရဲဒင်...မင်း ငါနဲ့ တွေ့လို့ဆွေးနွေးဖို့ အကျိုးမယုတ်ပါဘူး။ အေး...ဒါပေမယ့်..."

ရဲဒင် ဒေါသထွက်သွားသည်။ သို့သော် ချက်ချင်းထိန်းလိုက်သည်။ အချိုသတ်မှ တော်မည်ဟု ဆုံးဖြတ်လိုက်သည်။ "မင်းဘာပြောချင်လဲ"ဟု မေးလိုက်သည်။

"တို့ အေးအေးဆေးဆေး ဆွေးနွေးမယ်လေ"

"ဘယ်မှာ ဆွေးနွေးမလဲ"

"တုံးစံအတိုင်းပေါ့"

ရဲဒင် သိလိုက်ပြီ။ မြသီတာ သွားသည် ချောင်ကျသည် မှောင်ရိပ်ကျသည်။ အရင်ကလည်း ကျနေရာ။ ငွေရှင်းပြီး ထွက်ခဲ့သည်။

မိုတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြသီတာ တံတား။

အချိန်က ည (၁၁)နာရီကျော်စ။

မြသီတာ တံတားဖူးထိပ်တွင် ရပ်ကြသည်။ မျိုးဝင်းက

"မင်း တိုင်းကျော်သတင်းကြားပြီးရောပေါ့"

"နှစ်ပိုင်းတစ်ပိုင်း နှစ်ဖက်ချွန်ကိစ္စကို စိတ်မဝင်စားဘူး"

"ဒီလို မလုပ်နဲ့လေ။ ငါ ဒီအကြောင်းကို မမေ့ဘူး။ တကယ်တော့ ငါလည်း ဒီအကြောင်းကို မပြောချင်ပါဘူး"

"အခုပြောနေတာက"

မျိုးဝင်းမခိုးမခန့် ရယ်လိုက်ကြောင်း သိသည်။ ဒါက သူ့မူ…

"အကြောင်းရှိလို့ပေါ့"

"ဘာအကြောင်းလဲ"

"မင်းပညာပေးလိုက်တဲ့ဒဏ်နဲ့ သူသေရတဲ့အကြောင်း လေ"

"မဆိုင်တာတွေ ပြောမနေနဲ့ မျိုးဝင်း။ တိုင်းကျော်ဟာ နှစ်ဖက်ချွန်၊ ယောက်ျားလျှာဖြစ်သလို ဘာလုပ်တယ်ဆိုတာ မင်းသိပါတယ်"

"ဒါကို မင်းသိနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတင်ဘယ်ကမလဲ။ ငါပြောပြီးပြီပဲ။ မမေ့ဘူးလို့လေ။ မင်းသူ့အချစ်တော်ဖြစ်ခဲ့တဲ့ သူကြိုက်တဲ့ စန်းစန်းကို မင်းယူလိုက်တယ်။ မင်းကို သတ်မယ်ဖြတ်မယ်လုပ်တော့ မင်းအကူအညီတောင်းတဲ့အတိုင်း ငါသူ့ကိုလုံမွှော်ရည်ထဲ အိပ်ဆေးထည့်တိုက်တယ်။ ပြီးတော့ ဒီညက အဖြစ်ကို မင်းလည်း သတိရဦးမှာပါ"

"တော်...မျိုးဝင်း။ ငါမကြားချင်ဘူး"

"ငါလဲ မပြောချင်ပါဘူး"

"ဒါဆိုဘာလို့ ပြောနေလဲ"

"လိုအပ်ချက်ရှိလို့ပါ"

"ဒါတွေမပြောနဲ့မျိုးမင်း။ မင်းဘာလိုချင်လို့လဲ"

"ကြည့်..မင်းက ဒါတော့ တော်သွားပြန်ပြီ။ ငါလိုတာ မင်းသိပါတယ်ကွာ"

မျိုးဝင်းက လက်ဝိုင်းပြသည်။

"မင်း ဘယ်လောက်လိုချင်လဲ။ အရေးကြီးတာက မင်း ပါးစပ်ပိတ်ထားဖို့"

"မင်းဆုံးဖြတ်ပါကွာ"

"ကောင်းပြီလေ။ ငါကြိုးစားမယ်။ မနက်ဖြန် ဒီအချိန် ဒီမှာဆုံမယ်"

"အိုကေ"

× × ×

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



(နောက်ဆက်တွဲ -၃)

မြသီတာတံတား။

ည (၁၁)နာရီ။

နှစ်ဦးသား ဆုံကြပြီ။

"ဘယ်လိုလဲ ရဲဒင်"

"အဆင်ပြေပါတယ်။ သုံးထောင်ရှာရတယ်"

"မင်းစေတနာပေါ့ကွာ။ နည်းတယ် မပြောပါဘူး"

"ရော့"

သတင်းစာစက္ကူနှင့် ပတ်သက်သောအထုပ်တစ်ထုပ်ကို ရဲဒင်က ကမ်းပေးလိုက်သည်။ မျိုးဝင်းက ရှေ့တိုးပြီး လှမ်းယူလိုက်သည်။ ထိုစဉ် ရဲဒင်က အသင့်ပါလာသောဓားနှင့် မျိုးဝင်းကို ထိုးလိုက်သည်။

"အား...မင်း....မင်း...."

ရဲဒင်က ပြုံးလိုက်သည်။

"အေး....ငါပဲ ရဲဒင်လေ"

မျိုးဝင်း ဒူးထောက်ကျသွားပြီး ထိုစဉ် ရဲဒင်က ဒုတိယ တစ်ချက် ထိုးလိုက်ပြန်သည်။ ပြီးတော့ တတိယအချက်၊ မျိုးဝင်း မှောက်သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရဲခင်က သွေးကို မျိုးဝင်းအင်္ကျီနှင့် ပွတ်သုတ်လိုက်သည်။

"ပြောလေ မျိုးဝင်း၊ မင်းဘာပြောချင်သေးလဲ"

မျိုးဝင်းက ခေါင်းထောင်ကြည့်သည်။

"မင်း...မင်းဟာ တိုင်းကျော်ကို ဖျက်ဆီးလိုက်တဲ့ကောင်။ မင်းကြောင့်တိုင်းကျော်သေရတာ"

"ပြော...မင်းဝအောင်ပြော။ မဝရင် တမလွန်ကျထပ်ပြော။ အေး...မင်းက တိုင်းကျော်ကို ငါဖျက်ဆီးတာ။ ငါ့ကြောင့် တိုင်းကျော်သေရတာလို့ ဝအောင်ပြော"

"မင်း....မင်း....."

မျိုးဝင်း ဇက်ကျိုးကျသွားပြီ။ မျိုးဝင်းသေပြီ။ ထိုအခါ ရဲခင် ကျေကျေနပ်နပ်ပြုံးပြီး ဓားကိုရေထဲပစ်ချရန် လက်ကိုမြှောက်လိုက်စဉ် သူ့လက်ကျဉ်ခနဲ ခံစားလိုက်ရရင်း ဓားကမြေပေါ် ဖုတ်ခနဲ ပြုတ်ကျသွား၏။ ရဲခင် လှည့်လိုက်စဉ် သူ့မျက်နှာကို ဖြက်ခနဲရိုက်ခံလိုက်ရ၏။ ပူခနဲ ဖြစ်သွားပြီး ဖင်ထိုင်ရက်ကျသွားသည်။ ထဖို့ ပြင်လိုက်စဉ် သူ့လက်ကို လက်ထိပ်ခတ်ပြီးပြီ။

သူ့ရှေ့မှာ လူနှစ်ယောက်။

နယ်ထိန်း တပ်ကြပ်လှမင်းနှင့် နယ်ထိန်းသက်ခိုင်။



www.burmeseclassic.com

www.burmeseclassic.com



''ငါတို့ မြင်သင့်သလောက် မြင်ပြီးသလို ကြားသင့်သလောက်ကြားပြီးပြီ။ မင်း တိုင်းကျော်ကို သေစေတဲ့အဆင့်ရောက်အောင် ဖျက်ဆီးလိုက်တာကို မင်းလိမ်လို့ရရင်ရမယ်။ မျိုးမင်းကို သတ်လိုက်တာတော့ ငြင်းမရတော့ဘူးနော်။ မင်းဟာ လူသတ်သမား လူသတ်တရားခံ''

နယ်ထိန်းတပ်ကြပ်လှမင်း စကား။ ရဲဒင် ဒူးထောက်ထိုင်နေရာမှ ဇက်ကျိုးကျသွားသည်။ သူ သိလိုက်ပြီ။

သူ့အတွက် လွတ်လမ်းမရှိတော့။

မကောင်းမှုဟူသည်က ဆိတ်ကွယ်ရာမရှိ။

တစ်ခုနှင့်မထိလျှင် တစ်ခုနှင့်ငြိစမြဲပါကလား။

မှုခင်းစုံမဂ္ဂဇင်း

၁၉၉၈-ခုနှစ်၊ နိုဝင်ဘာလ

* * *

စိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ခါးပိုက်နှိုက် ဘသိန်းဇံ၏ အတွေ့အကြုံ

ဘသိန်းဇံက ဖင်ပေါ့သည်။ ခိုခိုကပ်ကပ်မဟုတ်။ လူသစ်အဖြစ် ရောက်လာပြီး တစ်ရက်၊ နှစ်ရက်မှာပင် ခင်မင်သူများလာ၏။ အခန်းလူကြီး ပုံစံပြများကပါ ခင်မင်ကြသည်။ သူက ကူညီလည်း ကူညီတတ်သည်။ အခန်းလူကြီး ဦးပေါ်စိန်ကဆို 'ကိုဦး လူကဲခပ်မဆိုးဘူး' ဟု ပြော၏။

အချို့က ဘသိန်းဇံကို ထောင်အတွေ့အကြုံရှိသလားဟု ထင်သည်။ မောင်ဦးကိုယ်တိုင် ထိုသို့ ထင်ခဲ့၏။

"မင်း...ထောင်ကို ရောက်ဖူးလား"

ဟု မေးခဲ့ဖူးသည်။ ဘသိန်းဇံက ခေါင်းခါပြီး ပွင့်ပွင့်လင်းလင်း ပြော၏။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ထောင်ကို မရောက်ဖူးပါဘူး ကိုဦး။ ပြောရရင် စခန်းအချုပ်တောင် မရောက်ဖူးဘူး။ ကျွန်တော် အထာသိနေတာက ကျွန်တော် စာဖတ်တယ်လေ။ ပြစ်မှုတို့၊ မှုခင်းစုံတို့၊ ဖြစ်ရပ်မှန်တို့မှာ ထောင်အကြောင်းတွေ ပါတယ်လေ။ ပြီးတော့… ဆရာကျော်မြသန်းစာအုပ်တွေဆို မလွှတ်စတမ်းဖတ်တယ်။ ဒီတော့… ထောင်အကြောင်း တီးမိ၊ ခေါက်မိနေတယ်။ အစ်ကို သိပါတယ်လေ။ ထောင်အကြောင်းဆိုတာက သံတူကြောင်းကွဲတွေပဲဟာ"

မောင်ဦး တွေးကြည့်မိသည်။ ဟုတ်တော့ ဟုတ်သည်။ ထောင်မှာက ခေတ်ကာလအရ ထောင်တွင်းကျင့်သုံးမှု ကွာချင်ကွာမည်။ သေသေချာချာကြည့်ရင် အတူတူပဲ။ ဘသိန်းဖဲ၏ လေ့လာမှုကို ကျွန်တော်မချီးကျူးဘဲ မနေနိုင်။ ဒါက ဖြစ်သင့်သည့်ကိစ္စပင်။ လူဆိုသည်က ကံကြမ္မာလမ်းကြောင်းပေါ်မှာ ရှိသည်။ ကံကြမ္မဖန်လာသလို ဖြစ်ရသည်။ အရာရာ သိထားလျှင်တော့ အကျိုးမယုတ်။

ယခုပဲကြည့်…ဘသိန်းဖဲက ထောင်အကြောင်း၊ ထောင်အထာကို တီးမိခေါက်မိထားသဖြင့် ဘာပဲပြောပြော အနေချောင်သည်ဟု ပြောရမည်။ ဘသိန်းဖဲသည် ထောင်ကိုရောက်လာတော့

www.burmeseclassic.com



မောင်ဦးနှင့် ရင်းနှီးရသည်။ မောင်ဦးက ''ဘာယာ ဘုတ်ကိုင်''။ အခန်းမှာ အရာဝင်သည်။ အခန်းလူကြီးကိုယ်တိုင် လေးစားသူ။ ဘသိန်းဇံက မောင်ဦး၏ လက်ကတုံးတောင်ဝှေးလို ပြုစုသည်။ ထမင်းယူ၊ အဝတ်လျှော် လိုလေသေးမရှိစေရ။

ပြီးတော့ ညရောက်လို့ ညခုနစ်နာရီ ဘုရားရှိခိုးပြီး နားချိန် ရောက်လျှင်

''ကိုဦး…အနှိပ်ခံမလား''ဟု မေးတတ်သည်။ မောင်ဦး ခေါင်းခါသည်။ အနှိပ်မခံတတ်။ အနှိပ်ခံသည်ကလည်း ဘိန်းစွဲ သလိုပင် စွဲသည်။

ထောင်မှာက အနှိပ်ခံရခြင်းကို ဘိန်းလိုစွဲနေသူတွေ အများ ကြီး။

ဒီအထဲမှာ အခန်းလူကြီး ဦးပေါစိန်လည်း ပါသည်။ လူသစ် ရောက်လာလျှင် အခန်းလူကြီးက ''နှိပ်တတ်သူ ပါသလား''ဟု မေးနေကျ။

''ဘပေါ…အနှိပ်သည် အော်ရယ်ဂျင်နယ် ပဂ်ကင်ပိတ် ရှိတယ်။ ဘယ်လိုလဲ''

မောင်ဦးက မေးလိုက်သည်။

''အေး…ဒါဆို လုပ်စမ်းပါဦး''



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ဘသိန်းဇံ အခန်းလူကြီး လက်စွဲတော် ဖြစ်သွားသည်။ နေ့တိုင်း နှိပ်ပေး၊ နင်းပေးသည်။ ထောင်မှာက ည (၇)နာရီ ဘုရားရှိခိုးပြီးချိန်၊ အိပ်ရာချပြီးသည်နှင့် စိတ်လွတ် ကိုယ်လွတ် နားချိန်။ စကားပြောနိုင်၏။ လွတ်လွတ်လပ်လပ်နေ။

ည (၉)နာရီ အိပ်ချိန်မရောက်မချင်း လွတ်လပ်စွာ နေနိုင်သည်။ အချို့စကားပြောသည်။ အချို့က အမှုအကြောင်း ဆွေးနွေးသည်။

ဘသိန်းဇံကတော့ ဒီအချိန် ဝင်ငွေလမ်းဖြောင့်သည့်အချိန်ဟု ပြောရမည်။ ဘသိန်းဇံသည် အခန်းလူကြီး ပုံစံပြတို့ကို ပြုစုပြီး၊ ကျန်အချိန်များတွင် အနှိပ်ခံချင်၊ အနင်းခံချင်သူတွေကို လိုက်ပြီး နင်းနှိပ်ပေးသည်။

ထောင်မှာက ဒီပညာတတ်လျှင် စိုသည်။ ဆေးလိပ်ဆိုလျှင် ဆေးလိပ်ရသည်။ သို့မဟုတ် ငါးပိကြော်။

ဘသိန်းဇံက ဒီပညာနှင့် ထောင်ဝင်စာမလို။

× × ×



www.burmeseclassic.com

www.burmeseclassic.com



(၂)

ပြောရလျှင် ဘသိန်းဇံက အာဝဇ္ဇန်းလည်း ရွှင်သည်။ စကားလည်း ပြော၏။ သူက အနှိပ်အနင်းမရှိသည့်နေ့များတွင် မောင်ဦးနှင့် စကားပြောတတ်သည်။ သူ့ဘဝ အတွေ့အကြုံများကို ပြောပြတတ်၏။

"မင်းအဖေ အမေက ဘယ်သူလဲ"

သူက ...

"အရင်းကို ပြောတာလား"ဟု မေးတတ်သည်။

"မိဘတစ်ဝမ်းကွဲ ရှိသေးလို့လား"

"မဟုတ်ဘူးလေ။ အခု ကျွန်တော့်ကို ကျွေးမွေးထားတဲ့ ဦးမြတ်ဇံက မွေးစားအဖေ။ အဖေအရင်း၊ အမေအရင်းကို သူလည်း မသိဘူးလေ။ အဖေ ဦးမြတ်ဇံ ပြောတာတော့ ကျွန်တော့်ကို ကောက်ရလို့ မွေးထားတာတဲ့"

"မင်းမွေးစားအဖေ ဦးမြတ်ဇံက ဘာလုပ်လဲ"

"ခါး...အိုး .. ဆားဗစ်ကြီးလေ"

မောင်ဦး နည်းနည်းစိတ်မကောင်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့လေ…ဒီပုတ်ထဲ ရောက်တော့လည်း ဒီပဲ ပေါ့"ဟု ပြောမိလေသည်။ ဘသိန်းဇံ မျက်နှာညှိုးသွားသည်။

"ကျွန်တော်လည်း ဒီလောကကို မပျော်ပါဘူး။ ငက်တာ က ရှန်းရခက်နေတယ်။ လောကကြီးကို မကျေနပ်ဘူး အစ်ကို ရယ်။ ဘာလို့များ လူတစ်ယောက်ကို တရားသေပုံသေနည်းနဲ့ ဆုံးဖြတ်နေကြသလဲ မသိဘူး။ လူဆိုးတစ်ယောက်ဟာ လူကောင်း မဖြစ်နိုင်တော့ဘူးလား။ ပြုပြင်ခြင်းရှိတယ်ဆိုတာ လူတွေ သိပ် သိစေချင်တယ် အစ်ကိုရယ် …"

မောင်ဦးက "မင်းဘယ်လို ခါးပိုက်နှိုက်ဖြစ်တာလဲ"ဟု မေးလိုက်သည်။ သူက …

"ဒီလို အစ်ကိုရဲ့"ဟု စကားစ၏။

× × ×

(၃)

လူသားတွေမှာ အကြင်နာတရားနှင့် သံယောဇဉ် ရှိသည်။ ငင်စစ်တော့ ဦးမြတ်ဇံနှင့် ဘသိန်းဇံက မမျှော်လင့်ဘဲ ပေါ်သက် ခဲ့သူများသာ ဖြစ်၏။ သို့သော် အနေနီးလာတော့ အကြင်နာထား သာသည်။ သံယောဇဉ် ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘသိန်းဇံကို သားအရင်းလို ချစ်၏။ တကယ်တော့ ဆန်း
တော့ မဆန်းချေ။ ဘသိန်းဇံ ဦးမြတ်ဇံ လက်ထဲရောက်တော့ လူ
မမယ်ကလေးဖြစ်သည်။ ယခု လူပျိုကြီးဖြစ်နေပြီ။ ဒီအတော
အတွင်း လက်ပွန်းတတီးနေခဲ့သည့် ရက်တွေက နည်းသည်
မဟုတ်။ သည်ရက်များက သံယောဇဉ်ရက်များပင်။

သည်သံယောဇဉ်၊ သည်စေတနာ၊ သည်အကြင်နာကြောင့်ပင်
ဦးမြတ်ဇံသည် ဘသိန်းဇံကို 'ခါး'လောက၊ အလစ်သမားလောက
တွင်းသို့ ရောက်မှာစိုးလေ၏။ ထို့ကြောင့် ဦးမြတ်ဇံသည် သူ
ကိုယ်တိုင် ခါးလောကတွင် ကျင်လည်ပြီး ဘသိန်းဇံကိုတော့
ဒီလောကနှင့် ဝေးရန် စီစဉ်သည်။

သို့သော် ခက်သည်က ကံကြမ္မာ။ ဦးမြတ်ဇံ အစာအိမ်
ရောဂါဖြစ်၏။ ဆေးရုံ တက်ရသည်။ ခွဲရသည့်အခြေအနေရောက်
လာသည်။ ဒါကို ဦးမြတ်ဇံက ဘသိန်းဇံကို အသိမပေးခဲ့
ဖြစ်ချင်တော့..တစ်ည။ အပြင်မှပြန်လာပြီး ဦးမြတ်ဇံ အောင်
သည်ဆိုကာ "အမယ်လေး...အဘလေး" အော်ရသည့် အဖြစ်
သို့ ရောက်ခဲ့သည်။

ထို့ကြောင့် ဆေးခန်းပြရ၏။ ဆရာဝန် မျက်လုံးပြူးရပြီ



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူးဗျာ။ ဆေးရုံတင်မှ ခွဲမှဖြစ်မယ်။ နို့မို့ဆို အသက်အန္တရာယ် စိုးရိမ်ရတယ်။ ယခု ဆေးထိုးပေးလည်း ခဏလေးပဲ သက်သာမှာ။ အကောင်းဆုံးက ဆေးရုံတင်ဖို့ပဲ"

ဘွားခန် ပေါ်ပြီ။ ဦးမြတ်ဇံကမူ..."ရပါတယ်"ဟု ပြောသည်။

"ဆေးရုံတက်ပါ အဖေရယ်....အဖေဘာစိုးရိမ်နေလဲ"

ဘသိန်းဇံက မေးသည်။ ဦးမြတ်ဇံ တော်တော်နှင့် မဖြေ။ အတန်ကြာမှ ...

"ငါ မင်းအတွက် စိတ်မချဘူး"

ဟု ပြောသည်။ ဘသိန်းဇံ ပြုံးလိုက်သည်။

"ကျွန်တော့်အတွက် မပူပါနဲ့။ အဖေဆေးရုံတက်ရင် ကျွန်တော်တာဝန်ယူရမှာပေါ့။ ကျွန်တော် ကလေးမဟုတ်တော့ဘူးလေ"

"မင်း..."

ဦးမြတ်ဇံ မပြောချင်သလို ပြောမထွက်သလို ရပ်လိုက်သည်။ ဘသိန်းဇံ သဘောပေါက်သည်။

"စိတ်ချပါ အဖေရယ်"လို့ ပြောလိုက်သည်။

× × ×

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၄)

ဦးမြတ်ဖဲ ဆေးရုံတက်တော့ အခက်အခဲများစွာကို ဘသိန်းဖဲ ရင်ဆိုင်ရသည်။ ဦးမြတ်ဖဲတို့ ခါးဘဝကလည်း တံငါသည် ဘဝ လိုပဲ။ တံငါသည်က လှေဦးစိုမှ ဝမ်းစိုသည်။ ဦးမြတ်ဖဲတို့ ခါး ဘဝကလည်း အလုပ် လုပ်နိုင်မှ။ အခု ဦးမြတ်ဖဲ ဆေးရုံတက် ရတော့ ငွေပြတ်ပြီ။

ငွေရှာဖို့တာဝန်က ဘသိန်းဖဲ ပခုံးပေါ်သို့ ကျလာ၏။ ခက်သည်က ဘသိန်းဖဲ အလုပ်မရှိ။ အလုပ်တစ်နေရာ ရဖို့ကလည်း မလွယ်။ ဒီတော့လည်း ဘသိန်းဖဲသည် ဦးမြတ်ဖဲကို ကတိပေး ထားပေမယ့် စည်းမစောင့်နိုင်။

သည်ဒလောကထဲ တိုးဝင်ရသည်။ ဘသိန်းဖဲက ဒီလောက သားတွေနှင့် ရင်းနှီးကျွမ်းဝင်တော့ ဒီလောက အလုပ်သဘော ဒီလောက အလုပ်အထာကို သိနေသည်။ လုပ်ရင် ဖြစ်သည်ကို သိသည်။ ကတိပေးထားသဖြင့် မလုပ်ဘူးဆိုလျှင် ဆေးရုံပေါ်မှ ဦးမြတ်ဖဲခမျာ ပြဿနာ။

"အဖေရယ်....ခွင့်လွှတ်ပါ"

ဒီလိုနှင့် ဘသိန်းဖဲ လမ်းရိုးကြီးအတိုင်း လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါ့ . . . . ဘသိန်း၏ အလုပ်စလုပ်သည့်နေ့မှာပင် အဖြစ်ဆန်းကို ကြုံလိုက်ရသည်။ ပြောမပြောချင်တော့ . . . ဆူးလေအဆင်းမှ ဘသိန်း၏ မိန်းမကြီးတစ်ဦး၏ အိတ်ကို ခွဲလိုက်သည်။ ပိုက်ဆံအိတ်တစ်အိတ်ကို နှိုက်ယူလိုက်သည်။

ဘသိန်း၏ ဆိုင်တစ်ဆိုင်ထဲဝင်ပြီး အအေးတစ်ပုလင်းမှာသောက်သည်။ ရင်ခုန်ဆဲ . . . အိတ်ကိုဖွင့်လိုက်တော့ . . . ပိုပြီး ရင်ခုန်သွားသည်။ ငွေက သုံးထောင်ကျော်ပါသည်။ ငါးရာတန်နှင့်၊ နှစ်ရာတန်ချည်း။ ချွေးတွေလည်း ပျံနေပြီ။

အပေါင်လက်မှတ်တစ်ခုနှင့် စာတစ်စောင်ကို တွေ့လိုက်ရတော့ ရင်ပိုခုန်ရင်း အပေါင်လက်မှတ်ထဲမှ ပေါင်လာသည့်ငွေနှင့် နှိုက်ရသည့်ငွေက အတူတူ။ စာက . . .

*အမေ . .*

*အဖေ့အခြေအနေ စိုးရိမ်ရတယ်။ ကားမှောက်တဲ့ဒဏ်ကြောင့် အဖေ ခြေတစ်ဖက်ဖြတ်လိုက်ရတယ်။ အမေ စာရလျှင်ရခြင်း လိုက်ခဲ့ပါ။*

*သား မောင်သော်*

ဘသိန်း၏ ရင်ထဲမှူးနောက်ရီဝေသွားသည်။ ရင်တွေ တုန်နေ၏။ စာကိုင်ထားသည့်လက်တွေပင် တုန်နေသည်လား မသိ။

www.burmeseclassic.com



ဘသိန်း၏ ချက်ချင်း ပိုက်ဆံအိတ်ထဲမှ ပစ္စည်းများကို နှိုက်လိုက်သည်။ မှတ်ပုံတင်ကတ်တစ်ခု ထွက်လာသည်။ ပြီးတော့ စာအိတ်ဟောင်းတစ်ခု ...။

ဘသိန်း၏ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

× × ×

"မင်းဘာလုပ်သလဲ ဘသိန်း၏"

မောင်ဦးက မေးလိုက်သည်။

"အစ်ကို ယုံချင်မှယုံ။ ကျွန်တော် လိပ်စာအတိုင်း လိုက်သွားတယ်။ အဘွားကြီးကို သွားတွေ့တယ်။ ကျွန်တော်ရောက်တော့ အဘွားကြီး ငိုထားပုံပဲ။ ကျွန်တော် မလိမ်ချင်ဘူး အစ်ကိုရယ်။ အမှန်အတိုင်း ဝန်ခံလိုက်တယ်"

"အဘွားကြီးက ဘာပြောလဲ"

"မှန်ထဲ ကြည့်သလိုပေါ့ အစ်ကို။ ကျွန်တော်စေတနာနဲ့ သဘောထားကို သဘောပေါက်သွားတယ်။ ကျွန်တော့်လက်ကို ဆုပ်ကိုင်ပြီး သားရယ်...မင်းဟာ အမှိုက်ထဲက ရွှေပါ၊ နွံထဲက ကြာပါ...လို့ ပြောတယ်။ ပြီးတော့ ကျွန်တော့်ကို ငွေတစ်ထောင် အတင်းပေးတယ်။ ကျွန်တော် မယူဘူးဆိုတော့ ယူပါသားရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်း အဖေလည်း ဆေးရုံမှာ မဟုတ်လား၊ မင်းလည်း လိုမှာပေါ့…တဲ့"

"ဘသိန်းဇံ မင်းအတွေ့အကြုံက ခပ်ဆန်းဆန်းပဲကိုး။ ဒါထက် မင်းအဖေရော ကျန်းမာရေးကောင်းပြီလား"

"ဆုံးသွားပါပြီ အစ်ကို၊ ဆေးရုံက ဆင်းပြီး သုံးလလောက် အကြာမှာ ဆိုပါတော့…."

"ဩော်….ဒါထက် ဒီအကြောင်းကို မင်းအဖေသိအောင် ပြောလိုက်သေးလား"

ဘသိန်းဇံ ခေါင်းခါသည်။

"မပြောဘူး အစ်ကို။ အဖေက ဒီအလုပ်လုပ်တာ မကြိုက်ဘူးလေ။ အဖေသေတဲ့အထိ ကျွန်တော် ဒီလောကထဲကို ရောက်တာ သိမသွားပါဘူး"

× × ×

(၅)

လှုပ်ရှားမှုတွေ၊ အသံဗလံတွေ ငြိမ်ကျသွားသည်။ 'အိပ်ချိန်' ဟု အော်သံကြောင့် ဖြစ်သည်။ မောင်ဦးရော၊ ဘသိန်းဇံပါ အိပ်ရာပေါ် ကျောခင်းလိုက်သည်။ အခန်းလူကြီးက 'အသံမထွက်နဲ့ အိပ်ချိန်' ဟု ထပ်ဆင့်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သွားတော့ အိပ်ဆောင်အပြင်မှ ဝန်ထမ်းတစ်ဦး၏ ဖိနပ်သံကို ကြားရသည်။

(၁၅)မိနစ်ကြာလျှင် မိန်းဂျေးမှ သံချောင်းသံ တစ်ချက်ကြားရသည်။

အဆောင်တွင်းမှ အခန်းအလိုက် သတင်းပို့သံ ကြားရသည်။ ဗာရာလှမြင့် သံတိုင်နားရပ်၍ ကျယ်လောင်စွာ သတင်းပို့လိုက်သည်။

"အိပ်ဆောင် (၄)၊ အခန်း (၃) အကျဉ်းသား (၇၆)ယောက် အားလုံးကောင်းပါသည်ခင်ဗျား····"

ကောင်းမှု အကြောင်းပြု

တောင်းဆုပြည့်ပါစေ။

မြစ်ရပ်မှန်မှ [illegible]

၁၉၉၉-ခုနှစ်၊ ဒီဇင်ဘာလ

❊ ❊ ❊

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



# ဒေါ်သနှင့် သောက ဝယ်သူများ

(ဒေါ်သအမှတ်-၃၀၂)

"စူးစမ်းလေ့လာခြင်း"သည် သုတေသီတို့အလုပ် ဖြစ်သည်။ ရသလိုင်းမှ သုတလိုင်းသို့ ကူးပြောင်းလာသောအခါ ကိစ္စတိုင်းကို ပေါ့ပေါ့မတွေးတော့ဘဲ "အကြောင်းမဲ့ အကျိုးသည် မရှိ"ဆိုသော မြတ်ဗုဒ္ဓ၏ ဩဝါဒသည် ကျွန်တော့်နှလုံးသားတွင် သံမှိုစွဲသကဲ့သို့ ခိုင်မာလာ၏။ ဖြစ်မှု၊ ပျက်မှုတိုင်းသည် အခြေခံအကြောင်းနှင့်တည်းဟု နားလည်လာသည်။

လူသားတို့သည် ဖြစ်မှု၊ ပျက်မှု၊ ရေစီးကြောင်းထဲတွင် စီးမျောနေသည်ဟု ခံစားမိသည်။ အကြောင်းမဲ့ ဖြစ်တည်ခြင်းသည် မရှိ။ အကြောင်းမဲ့ပျက်စီးခြင်းသည်လည်း မရှိ၊ ဖြစ်တည်

www.burmeseclassic.com



မှုတွင် ဖြစ်တည်မှု အကြောင်းတရားရှိပြီး၊ ပျက်စီးမှုတွင် ပျက်စီးမှု အကြောင်းတရား ရှိသည်။

ထို့ကြောင့်...ကျွန်တော်သည် ဖြစ်မှုအခြေခံအကြောင်းကို ရှာခဲ့သလို ပျက်မှုအခြေခံ အကြောင်းတရားကိုလည်း ရှာခဲ့သည်။

ထိုအခါ 'တဒင်္ဂမချုပ်တည်းနိုင်မှု'' ဟူသော အခြေခံ အကြောင်းတရားတစ်ခုကို ကျွန်တော် တွေ့ရှိလိုက်သည်။

ဤကား ပေါက်ကွဲမှု ဒေါသစိတ်ပင်တည်း။

× × ×

ဩဂုတ်လတွင်းက ကျွန်တော် မမျှော်လင့်ဘဲ လူငယ်တစ်ဦးနှင့် ဆုံစည်းရင်းနှီးရသည်။ သူ့အမည်က 'စောမောင်' ဖြစ်သည်။ မုံရွာဇာတိ၊ အသားညိုပြီး အရုပ်အမောင်းကောင်းသည်။ အေးဆေးသော အသွင်အလျာနှင့် စကားပြော အေးဆေးသည်။

သူနှင့်ကျွန်တော် ဆုံစ ည်းရသည်က နံ့သာကုန်းရှိ မဟာဆေးဝက်ပါကျောင်းတိုက်အတွင်းရှိ အာလိန်ငါးဆင့်ဘုံအမြင့် အနီးတွင် ဖြစ်သည်။ စောစောက မိုးရွာထားသဖြင့် စိုစွတ်ထိုင်းမှိုင်းနေသည်။ မှတ်သုန်လေသည် အေးစက်စက် စိုထိုင်းထိုင်း။

www.burmeseclassic.com



လှေကားရင်းတွင် စီးကရက်တစ်လိပ်ထုတ်ပြီး မီးညှိနေစဉ် "အစ်ကို ဖြစ်နိုင်ရင် ကျွန်တော့်ကို စီးကရက်တစ်လိပ်တိုက်ပါလား" ဟု ပြောလိုက်သည်ကို ကြားသဖြင့် လှည့်ကြည့်လိုက်ရာ ခပ်ရိုးရိုးအမူအယာနှင့် လူငယ်တစ်ဦးကို တွေ့လိုက်ရ၏။ အင်္ကျီအဖြူခပ်နွမ်းနွမ်းနှင့် ကိုးသုံးလုံးလုံချည် အဝါနုအစင်းကို ဝတ်ထားသည်။

"ဟာ ရပါတယ်ကွာ။ ရော့...သောက်"

ရေတွက်သူကို ရေတစ်ခွက်တိုက်သင့်သည်ပဲ။ စီးကရက်ဘူးနှင့်အတူ မီးခြစ်ပါပေးလိုက်၏။ ထို့အတူ သူတေသီတစ်ဦးပီပီ စူးစမ်းသလို ကြည့်လိုက်သည်။

သူက စီးကရက်တစ်လိပ်ယူကာ မီးညှိပြီး စီးကရက်ဘူး မီးခြစ်ပြန်ပေးရင်း ..

"အစ်ကို...ကျွန်တော့်ကို စိတ်ဝင်စားနေလား" ဟု မေးသည်။

"အေးကွ..မင်းကိုကြည့်ရတာ တစ်မျိုးပဲ။ ဒါထက်..မင်း အင်းစိန်ကပဲလား"

သူက ခေါင်းခါသည်။ "မုံရွာကပါ" ဟု ဖြေသည်။

"လာလည်ရင်း ဘုရားဝင်ဖူးတာလား"

www.burmeseclassic.com



"မဟုတ်ဘူးအစ်ကို၊ အသိတစ်ယောက် အဝေးပြေးမှာ ရှိတယ်ဆိုလို့ လာကြည့်ရင်း မတွေ့လို့ ဘုရားဝင်ဖူးတာ"

"မုံရွာကို ပြန်မှာလား"

"ပြန်ရမှာပေါ့ အစ်ကို…ရန်ကုန်မှာ အသိအကျွမ်းမှ မရှိဘဲ"

"ရန်ကုန်ရောက်တာက"

သူက စီးကရက်ကို ခပ်ပြင်းပြင်း တစ်ချက်ဖွာလိုက်ပြီး…

"မရောက်ချင်ဘဲ ရောက်ရတာပါ။ ကျွန်တော် ဒီကနေ့ပဲ ထောင်ကလွတ်တာ"

"ဟင်…."

"ဟုတ်တယ်အစ်ကို…ကျွန်တော် လူသတ်မှုနဲ့ ထောင်ကျပြီး ဒီကနေ့မှ လွတ်တာ"

သူ စီးကရက်ပြာကို တောက်ချွေလိုက်သည်။ ကျွန်တော်က မူ သူ့စကားကို နားထောင်ရင်း အံ့သြနေသည်။

"မင်းပြောလို့သာ ကြားရတာ။ ငါဖြင့် ထင်တောင်မထင်ဘူး။ မင်းပုံပန်းသဏ္ဌာန်နဲ့က လူသတ်ခဲ့တယ်ဆိုတော့ ဟင်း… ဟင်း…ဘယ်လိုပြောရမှန်းတောင် မသိဘူး" ဟု ပြောလိုက်သည်။

သူက ခပ်မှိန်မှိန်ပြုံးကာ…

မိုးတိမ်ခွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကလည်း လူသတ်ရဲလို့ သတ်လိုက်တာ မဟုတ်ပါဘူး" ဟု ပြောသည်။

"ဘယ်လို"

"ကျွန်တော်တော့ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး" ဟု ပြောကာ သူ၏ ဘဝပုံရိပ်ကို လှစ်ပြလိုက်ပါသည်။

× × ×

စောမောင်နှင့် အောင်ဘော်က တစ်ရွာတည်းသားများ ဖြစ်ကြသည်။ ငယ်စဉ်ကတည်းက ခင်မင်သူများ ဖြစ်သလို "သွားအတူ လာအတူ" တစ်ခုတော့ ရှိသည်။ အောင်ဘော်က စောမောင်ကို အနိုင်ကျင့်တတ်သည်။

တစ်နေ့ စောမောင်၏ တစ်ပတ်လုပ်ခငွေများကို အောင်ဘော်က ယူသုံးပစ်လိုက်သည်။ ပထမအောင်ဘော် ယူသုံးမှန်းမသိ။ တစ်ယောက်ယောက်ဘဲ ခိုးယူသွားသလား။ အထားပဲမှားသလားနှင့် စောမောင် ဗျာများနေသည်။ ဒီငွေက အမေ့ဆီ ပို့ရန်ငွေ၊ အမေကလည်း ကျန်းမာရေးမကောင်း၊ အမေ့ကို ဆရာဝန်ပြရန် ငွေလှမ်းမှာသည်။ စောမောင်ကလည်း ပို့ချင်လို့ တစ်ပတ်လုံး ခြိုးခြံချွေတာသုံးခဲ့သည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ယခု ငွေက ပျောက်နေပြီ။ ဒုက္ခ။

စောမောင် မျောက်မီးခဲကိုင်သလိုဖြစ်နေတုန်း အောင်ဘော် ပြန်ရောက်လာတော့ စောမောင်က ...

"အောင်ဘော်...မင်း ငါ့ရဲ့ ခေါင်းအုံးအောက်က ငွေများ တွေ့မိသေးလား" ဟု မေးသည်။

"ငွေသုံးရာလား"

"ဟုတ်တယ်...မင်းတွေ့လို့လား။ ဒါဆို ပြန်ပေးပါကွာ။ ငါ အမေ့ဆီငွေပို့ချင်လို့"

"ငွေက မရှိတော့ဘူး"

"ဟင်"

"မဟင်နဲ့ ငါ အရက်သောက်ချင်လို့ သွားသောက်ပြီး ပိုတဲ့ပိုက်ဆံ လုံချည်ဝယ်လာလို့ ကုန်ပြီ"

"ဟာ...ဒီလိုမလုပ်ပါနဲ့ကွာ။ ငါအမေ့ဆီ ငွေပို့ချင်လို့ပါ"

"ဒါက မင်းကိစ္စလေ။ ငွေက မရှိတော့ဘူး"

"ဟာ ဒီလိုမနောက်ပါနဲ့ကွာ။ ဒီငွေက အမေ့ဆေးဖိုး အတွက် ထားတဲ့ငွေပါ။ ပြန်ပေးပါ"

"ဒါဆို အသားလှီးယူ"

"ဟာ..မင်းက မဟုတ်တာ။ ငါ့ငွေပြန်ပေးပါကွာ...နော်"

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ အောင်ဘော်က ဆတ်ခနဲ ကြည့်လိုက်သည်။

"ဟာ မင်းက ထူလှချည်လား။ မင်းအမေကိစ္စက မင်းကိစ္စ၊ ငါကတော့ သုံးလိုက်တာ ကုန်ပြီ။ ကဲ ... မင်း ဘာလုပ်ချင်လဲ"

"အောင်ဘော်ရယ် .. မင်းဘာတွေပြောနေတာလဲ။ မင်းကို ငါ ဘာလုပ်ရမလဲ။ ငါပြောနေတာ အမေ့အတွက်မို့ပါ"

"ဒါ မင်းကိစ္စလို့ ငါပြောပြီးပြီပဲ။ ငါ ပြောနိုင်တာ ငွေမရှိတော့ဘူး၊ ကုန်ပြီ။ မင်း မကျေနပ်ရင် လဲသေ"

သူ အောင်ဘော် ချာခနဲ လှည့်လိုက်သည်။ စောမောင်က ကပျာကယာ လှမ်းဆွဲသည်။ "အောင်ဘော်ရယ် ဒီလိုတော့ မလုပ်ပါနဲ့။ ပြန်ပေးပါကွာ"

"မင်းသုံးလိုက်ပြီဆို ကျန်သလောက်ပဲ ပြန်ပေး" ဟု ပြောသည်။ မျက်နှာချို့သွေးသည်။ အောင်ဘော်ကမူ ခပ်တည်တည်။

"ဟေ့ကောင် . . .မင်းမြန်မာစကားနားမလည်ဘူးလား။ တစ်ပြားမှ မကျန်တော့ဘူး။ ကုန်ပြီ"

"ဟာ ... မင်းက မဟုတ်တော့ဘူး"

အောင်ဘော် ဆတ်ခနဲ ကြည့်လိုက်သည်။

"ဘာလဲ မင်းမကျေနပ်ဘူးလား။ မင်း ဘာလုပ်ချင်လို့ လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလူမိုက်စကား မပြောနဲ့ကွာ။ ငါကလည်း အမေ့အတွက်နဲ့မို့ပါ။ အမေက နေမကောင်းဘူးကွ"

"သေသွားရော ဘာဖြစ်လဲ"

"ဟော့…ဟော့ကောင် မင်း…မင်း လူပါးဝလှချည်လား"

"ဝတော့ ဘာဖြစ်လဲ…မင်း..မင်းပါးစပ်ပိတ်" ပြောပြီး ချာခနဲ လှည့်ထွက်သွားသည်။

စောမောင်ရင်ထဲ ခံစားလိုက်ရသည်။ ဒေါသလည်း ဖြစ်ရပြီ။ အံကို စေ့လိုက်သည်။ စောမောင် အောင်ဘော်ကျောပြင်ကို ကြည့်ရင်း ဒေါသကြောင့် အသားတွေ တုန်လာသည်။

"သေသွားရော ဘာဖြစ်လဲ"

"မင်းပါးစပ်ပိတ်" "စကားသံတွေ ကြားရ၏။

စောမောင်အံကြိတ်လိုက်သည်။ ဒေါသကြောင့် ဘာမှ မမြင်တော့။ ဘေးမှ ရဲတင်းကို ဆွဲယူလိုက်သည်။ ရဲတင်းကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

"ခွေးကောင်…လူပါးဝတဲ့ကောင် သေပေတော့"

စောမောင်ပြေးပြီး ရဲတင်းနှင့် ခုတ်လိုက်သည်။ ဒေါသကြောင့် ဘာမှမမြင်တော့။ ဘယ်နှစ်ချက် ခုတ်မိသည်မသိ။ အော်ညည်းသံနှင့်အတူ ပတ်ဝန်းကျင်အနှံ့ အနီးရောင်သွေးစက်များ ပျံ့လွင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


"မင်းအဖြစ်က စိတ်မကောင်းစရာပဲ" ဟု ပြောလိုက်သည်။ သူက "ဟုတ်တယ်အစ်ကို..ကျွန်တော်လည်း စိတ်မကောင်းဘူး။ အသိဝင်လာပြီး ကြည့်လိုက်တော့ ကျွန်တော် အရမ်းစိတ်မကောင်း ဖြစ်ရတယ်။ အောင်ဘော်ဟာ ဒီလိုပြောနေကျ၊ ကျွန်တော့်ကို အနိုင်ကျင့်နေကျ၊ ခွင့်လွှတ်နေကျပါ။ ခုမှ ကျွန်တော် ဘယ်လိုဖြစ်တယ် မသိဘူး" ဟု ပြောသည်။

စီးကရက်တိုကို နင်းခြေလိုက်သည်။

ကျွန်တော်က "ဒါဟာ ဒေါသကြောင့်ပဲ မောင်စောမောင်" ဟု ပြောလိုက်သည်။ "ဒေါသ...ဒေါသ" ဟု သူ ညည်းသည်။

ကျွန်တော်က သူ့ကို ကရုဏာသက်နေမိသည်။ လောကတွင် သူ့လို ဒေါသကြောင့် အမှောင်တိုက်တွင်းသို့ ရောက်ခဲ့သူ၊ သောကဝေခဲ့သူ ဘယ်လောက်ရှိနေမည်လဲ မပြောတတ်၊ သူက ကျွန်တော် သိသူတစ်ယောက်။

"ကျွန်တော်က ဒေါသကို သိပ်ကြောက်နေပြီ"

"ဟုတ်တယ်...မောင်စောမောင်....လောကမှာ ကြောက်စရာ အကောင်းဆုံးအရာဟာ ဒေါသပဲ။ ဒါကြောင့် ဒေါသကို သတ်ဖို့လိုတယ်။ ဘာကြောင့်လဲဆိုရင် ဒေါသဟာ 'တဒင်္ဂ


www.burmeseclassic.com

www.burmeseclassic.com


အမှောင်ပဲ။ ကာမအမှောင်သာ ဆိုးတာမဟုတ်ဘူး။ ဒေါသ အမှောင်ဟာလည်း ဆိုးတာပဲ။ တဒင်္ဂဖြစ်ပေါ်မှု ဒေါသဟာ တစ်ဘဝလုံးကို သောကဖြစ်စေတယ်"

"မှန်တယ် အစ်ကို…ဒီတုန်းကသာ ဒေါသကို ရှေ့မထား ခဲ့ရင် ဒီလိုဘဝရောက်မှာမဟုတ်ဘူး။ ခုဆို ကျွန်တော့်ဘဝမှာ အမည်းစက်ဖြစ်သွားပြီ။ ခုတော့ ကျွန်တော် နောင်တရပါပြီ။ ဒါပေ မယ့် နှောင်းသွားပြီလေ"

"အို…ဒီလို မတွေးရဘူး။ အရေးကြီးတာ အမှားကိုသိ အောင် ရှာတတ်ဖို့ပဲ။ အမှားသိရင် အမှန်ပြင်၊ ဘဝဆိုတာ အမြဲ တမ်းသစ်နေတာ။ အကုသိုလ်စိတ်ကို ကုသိုလ်နဲ့သတ်၊ ဒေါသကို မေတ္တာစိတ် ခွင့်လွှတ်ခြင်းနဲ့ နှိမ်လို့ရတယ်။ မိုက်မဲမှုကို လိမ္မာ ခြင်းနဲ့ ငြိမ်းသတ်လိုက်ရင် မနက်ဖြန်ဟာ လှပသွားမှာပါ…"

ဒေါသခပ်သိမ်း ကင်းငြိမ်းပါစေ……။

၁၉၉၆-ခုနှစ်၊ မတ်လ

✻ ✻✻

www.burmeseclassic.com

www.burmeseclassic.com



# မြဝင်းနုနှင့်

# ထမင်းတစ်နပ်

(၁)

အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ ပွဲရတတ်သည်ဟု စကားရှိသည်။ လူကြီးသူမတို့၏စကားက ပြေးကြည့်တာ ထက်မှန်သည်ဟု ဆိုရမည်။ ကျွန်တော်သည် အသက် (၄၀)၏ သည်မှာဘက်တွင် ဗုဒ္ဓ ,ဓမ္မ၏ အဆုံးအမတို့ကို ကောင်းမှုနှင့် မကောင်းမှုကို ခွဲခြားနားလည်သည်။ မကောင်းမှုကို ရှောင်ကျဉ်သည်။ ကောင်းမှုကို မြတ်နိုးကိုးကွယ်သည်။ သုစရိုက်ကို ဖက်တွယ်သည်။ ဒုစရိုက်ကို ရှောင်ရှားသည်။

ပိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အများနှင့်ဆိုင်သည့် အဖွဲ့အစည်းတစ်ခုတွင် ဦးဆောင်သူအဖြစ် တာဝန်ယူရင်း မတိကျသည့် အဖွဲ့ဝင်ကြောင့် ကျွန်တော် အမှုပတ်ခံရသည်။ အချုပ်ခန်းသို့ ရောက်ခဲ့သည်။ ထောင်သို့ ရောက်ခဲ့သည်။

ဤကာလက ကျွန်တော့်အတွက် ကြမ္မာဆိုးဝင်သည့် ကာလ။ ခက်ထန်ကြမ်းတမ်းသည့် ဘဝမောကာလဟု ဆိုရမည်။ ကျွန်တော်ကမူ အဆိုးကိုအကောင်းနှင့် ဖြေသိမ့်သည်။ အပူကို အအေးနှင့် ငြိမ်းသတ်သည်။ အတွေ့အကြုံသစ်တစ်ခုဟု ကျွန်တော် ခံယူသည်။

မှန်သည်။

သို့နှင့်ပင် ကျွန်တော် မြဝင်းနှအကြောင်း စာပေဥဒ္ဒေ ရေး ဖြစ်ခဲ့ပြီ မဟုတ်လား။

× × ×

(၂)

မြဝင်းနှအကြောင်းပြောလျှင် ပထမဆုံး ကျော်စိုးအကြောင်းကို ပြောရမည်။ မြဝင်းနှအကြောင်း သိရသည်မှာ ကျော်စိုးကြောင့် ဖြစ်သလို ကျော်စိုးကြောင့် မြဝင်းနှကို သိရ၊ စကားပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com


ကျော်စိုးသည် မြဝင်းနှအမှုတွဲ။ ပြီးတော့ ကျော်စိုးက ကျွန်တော်နှင့် တစ်နေ့တည်း ထောင်ပို့ခံရသူ။ အဆောင် (၂)တွင် အတူနေရသည်။ အခန်း (၃)ကို ပြောင်းရတော့လည်း အတူတူ။

သို့သော် အစက ကျွန်တော်, ကျော်စိုးကို သဘောမကျ။ ကျော်စိုးက 'ခေါင်း'လေ။ ကျွန်တော်က ဒါမျိုးမကြိုက်။ သို့စဉ်လျက် လူအကြောင်းက ပေါင်းကြည့်မှာသိသည်။ ကျော်စိုးက ပေါင်းကြည့်တော့ မဆိုး။ သဘောပြည့်သည်ဟု ဆိုရမည်လားမသိ။

"ကျွန်တော် ဒီအလုပ်ကို လုပ်နေရပေမယ့် ဒီအလုပ်ကို မနှစ်သက်ပါဘူးအစ်ကို။ ကျွန်တော့်ဆီ ရောက်လာသူတွေကို ဒီဘဝက လွတ်အောင်ရုန်းဖို့ အမြဲတိုက်တွန်းတယ်"ဟု သူက ပြောသည်။

"ဒါဆို မင်း စားပေါက်ပိတ်သွားမှာပေါ့"

"ဒါကို ကျွန်တော်မကြောက်ဘူးအစ်ကို။ ကျွန်တော့်ဆီမှာ အသစ်မရှိရင် ဖောက်သည်မရှိဘူး။ ဖောက်သည်မရှိရင် ကျွန်တော် ဝင်ငွေမရှိဘူး။ ဝင်ငွေမရှိရင် ကျွန်တော် ဒီအလုပ်ဘဝ စွန့်လွှတ်မယ်"

"မင်း..အခုလူသတ်မှု ဖြစ်တာက"

www.burmeseclassic.com



'မြဝင်းနုအတွက် မခံချင်လို့လေ"

သည်မှာ ..ကျွန်တော် မြဝင်းနုအမည်ကို ပထမဆုံး သိရသည်။ ပြီးတော့ စိတ်ဝင်တစား ဖြစ်ရသည်။ "အစ်ကိုစိတ်ဝင်စားလား" မေးသည်။ ကျွန်တော်ခေါင်းညိတ်လိုက်သည်။

"မြဝင်းနုဆိုတာက..."

"ကျွန်တော့်အမှုတွဲလေ။ ခက်တာက ကျွန်တော်က မြဝင်းနုကို ကယ်ထုတ်ချင်တယ်။ မြဝင်းနုက လက်မခံဘူး။ သူက 'ဇင်မော်'ကို သူသတ်တာပါလို့ ပြောတယ်"

"တကယ်ကကော သူသတ်တာလား မင်းသတ်တာလား"

ကျော်စိုးက သက်ပြင်းချပြီး...

"အမှန်ကို ပြောရရင် ဇင်မော်ကို မြဝင်းနုသတ်တာပါ"

"ဒါများ မင်းက ဘာလို့တရားခံဝင်လုပ်နေတာလဲ"

"မြဝင်းနုကို သနားလို့ပါ"

"မြဝင်းနုကို သနားလို့ ဟုတ်လား"

"ဟုတ်တယ်...မြဝင်းနုရဲ့ဘဝက သနားစရာလည်းကောင်းတယ်။ ဆရာလည်း မြဝင်းနုအကြောင်းသိရင် သနားမှာအမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ"

"ကျွန်တော် ပြောပြမယ်လေ"

သို့နှင့် ကျွန်တော် မြဝင်းနုအကြောင်းသိရသည်။

× × ×

(၃)

မြဝင်းနု လူတွေကို မကျေပ်နပ်။ မကောင်းဘူး ဟု ပြောရလျှင် လူတွေကို မကောင်းဘူးဟု ပြောမည်။ လောကကြီးကိုတော့ မကောင်းဘူးမပြောချင်။ လောကကြီးက သက်မဲ့လေ။ လူတွေက လောကကြီးကို အရုပ်ဆိုးအောင် လုပ်နေတာ။ မြဝင်းနုဘဝကို အရုပ်ဆိုးအောင် လုပ်တာက စိန်လင်း။ စိန်လင်းက အမေ့ဒုတိယလင်။ မြဝင်းနု ပထွေး စိန်လင်းက အရက်သောက်သည်။ ကြမ်းသည်။ ယုတ်မာသည်။

မြဝင်းနုအပျိုဖြစ်စ၊ ဆူဖြိုးစအရွယ်တွင် အမေသေသည်။ အမေ မရှိတော့ မြဝင်းနုမှာ မှီခိုအားထားစရာ မရှိ။ ကော်ပက်ကျိုးလမ်းမှာ မျက်စိသူငယ်နှင့်နေရသူ။ ဒီအချိန်မှာ စိန်လင်းက မြဝင်းနုကို ဘဝပျက်အောင် အကွက်ဆင်လိုက်သည်။ မြဝင်းနုကို ပြည့်တန်ဆာဘဝရောက်အောင် စီစဉ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြဝင်းနု ဘယ်လိုပြောရမည်မသိ။ တစ်ခုပဲ သိသည်။ မြဝင်းနု ဘဝပျက်ပြီ။

ဘာလုပ်ရမည်မသိ။

မြဝင်းနု 'ခေါင်း'များစွာနှင့် တွဲခဲ့သည်။ အသစ်ဘဝ ခဏခဏ ရောက်ရသည်။ ရှိတော့ ရှိစရာ အကောင်းသား။ လူတွေကလည်း လူတွေ။ သည်စဉ် မြဝင်းနုနှင့် ကျော်စိုး ဆုံရသည်။ သည်အချိန်မှာတော့ မြဝင်းနုက ရင့်နေပြီး။ အထာလုပ်တတ်ပြီ။

"မင်းက အသစ်နော်"

"ဟုတ်တယ်လေ. . .မြဝင်းနု ဒီနေ့မှ ကိုကျော်ဆီ ရောက်တာပဲ"

သူက နှုတ်ခမ်းတွန့်ရုံ ပြုံးသည်။

"မင်း. .ဒီအလုပ်လုပ်တာ ဘာဖြစ်လို့လဲ။ အကြောင်းကြောင်းကြောင့်လား။ ငွေလွယ်လွယ်ရလို့လား"

"အငတာဖျူးလုပ်နေတာတော့ မဟုတ်ပါဘူးနော်"

"မင်း ထင်ချင်သလို ထင်လေ။ ငါ ခုလိုမေးတာက အကြောင်းမဲ့မဟုတ်ဘူးဆိုတာ မင်းသိထားဖို့လိုတယ်။ ငါက 'ခေါင်း'ဆိုပေမယ့် တခြားခေါင်းတွေနဲ့ မတူတဲ့ 'ခေါင်း'ဆိုတာတော့ ယုံတား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာ လူတစ်မျိုးပဲ"

"ဟုတ်တယ်…ငါက ဒီအလုပ်နဲ့ ငွေလွယ်လွယ်ရှာချင်သူကို ခိုင်းစားတယ်။ လွတ်လမ်းရှာသူကို ကူညီတယ်"

"ကျေးဇူးပါပဲ"

"မလိုပါဘူးကွာ။ ငါမေးတာ ဖြေစမ်းပါ"

"အမှန်ကို ပြောရမလား"

သူခေါင်းညိတ်သည်။

"မြဝင်းနု ဒီအလုပ်ကို ရွံတယ်။ ရုန်းထွက်ချင်တယ်"

"ဒါဆို ငါဘယ်လိုကူညီရမလဲ"

"ပြောသင့်တဲ့အချိန် ပြောပါ့မယ်"

"ကောင်းပြီလေ"

ထို့နောက် မြဝင်းနုနှင့် ကျော်စိုး ရင်းနှီးသွားသည်။ မြဝင်းနု ဘဝကို သိရသည်။ ဘဝလွတ်မြောက်ရေးကို စဉ်းစားကြသည်။ ထိုစဉ် မြဝင်းနု အဖမ်းခံရသည်။ ပြည့်တန်ဆာပုဒ်မနှင့် အဖမ်းခံရသည်။ ထောင်ကျသည်။

× × ×

မိုက်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၄)

"ဩော်...မြဝင်းနုက ထောင်ကျဖူးသကိုး"

"ဟုတ်တယ်အစ်ကို...ဒီတုန်းက ကျွန်တော် အရမ်းစိတ်မကောင်းဖြစ်ရတယ်။ ဒါကြောင့် ထောင်ကထွက်တော့ ကျွန်တော်သွားကြိုတယ်။ သူရုန်းထွက်နိုင်ဖို့ ကူညီတယ်"

သူက ထက်သန်လွန်းသည်။ "သူကောရုန်းထွက်ရဲ့လား" ဟု ကျွန်တော်က မေးသည်။ "သူရုန်းထွက်တယ်"ဟု ပြောသည်။

"ဒါဆို အခုဖြစ်တာက..."

"ပြောရရင် တကယ့်ကို ရင်နာစရာပဲအစ်ကို။ သူ ထောင်ကလွတ်တော့ ဖြူစင်တဲ့ဘဝရအောင် သူကြိုးစားတယ်။ သူ ဈေးရောင်းတယ်။ နောက်ဆုံး မဆလာသယ်၊ အုတ်သယ်နဲ့ ဘဝကိုဖြူစင်စွာ ရုန်းကန်တယ်။ ဒါပေမယ့်..သူ့ဘဝက ရင်နာစရာပဲအစ်ကိုရယ်။ သူ့ဘဝ တည်ငြိမ်စမှာ စိန်လင်းညီ 'ဇင်မော်' နဲ့တွေ့တယ်လေ။ ဇင်မော်က သူ့ရဲ့ တည်ငြိမ်တဲ့ဘဝကို ချေဖျက်လိုက်တယ်"

"စိတ်မကောင်းစရာပဲနော်"

"ဟုတ်တယ်အစ်ကို။ ကျွန်တော်လည်း စိတ်မကောင်းဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်တော့်ဆီ ရောက်လာတော့ ယုံတောင် မယုံဘူး။ တွေ့တွေ့ချင်း စိတ်တောင် ဆိုးတယ်။ အကြောင်းသိတော့ စိတ်မကောင်း ဖြစ်ရပြန်ကော"

သူစကားမဆုံးမီ ကျွန်တော်က "ဒါထက် နေပါဦးကွ။ မြဝင်းနု၊ ဇင်မော်ကို သတ်လိုက်တာက အငြိုးကြောင့်လား"ဟု မေးလိုက်၏။ ကျော်စိုးက "ဟုတ်တယ် အစ်ကို"ဟု ပြောသည်။

"ဖြစ်ပုံ ပြောပါဦး"

"တစ်ည…မြဝင်းနု၊ ဇင်မော်ကို ခေါ်လာတယ်။ ဇင်မော်ဟာ မူးနေတယ်။ ကျွန်တော့်ကို အပြင်သွားခိုင်းတယ်။ သူ့အမူအရာက သိပ်သွက်နေတယ်။ အရင်နဲ့ မတူဘူး။ ဒါကြောင့် မသင်္ကာဖြစ်နေတယ်။ ဒါကြောင့်လည်း ကျွန်တော် မကြာခင် ပြန်လာခဲ့တယ်။ ပြန်လာတော့ သူ၊ ဇင်မော်ကို သတ်ပြီးနေပြီ။ ကျွန်တော် စိုးထိတ်သွားတယ်။ သူက အေးအေးဆေးဆေးပဲ။ ကျွန်တော်ကို အပြင်ပြန်သွားဖို့ပဲ ပြောနေတယ်။ ပြီးတော့ ဇင်မော်ကို သတ်ရတဲ့ အကြောင်းနဲ့ ဇင်မော်ဟာ သူ့ဘဝကို ဒုတိယဖျက်သူ၊ ပထမ သူ့ဘဝဖျက်သူ စိန်လင်းရဲ့ညီဖြစ်ကြောင်း ပြောပြတယ်။ ဒီတော့ ကျွန်တော် သူ့ကို လေးစားသွားတယ်။ သူ့ကို ရှောင်ခိုင်းမိတယ်။

www.burmeseclassic.com



သူက လက်မခံဘူး။ ဒီအချိန်မှာ ရပ်ကွက်လူကြီးတွေ ရောက်လာပြီး ဖမ်းတယ်။ ဒီည ရဲစခန်းရောက်တော့ ဖင်မော့ကိုသတ်တာ သူပါလို့ မြဝင်းနုက ဖြောင့်ချက်ပေးတယ်။ ကျွန်တော်ကလည်း ကျွန်တော်သတ်တာပါလို့ ပြောတယ်။ ကျွန်တော် သူ့ဘဝကလေး လန်းဆန်းစေချင်တယ်လေ။ ထောင်ရဲ့ ခါးသီးမှုကို သူ မခံစားစေချင်ဘူး။ ဒါ...ကျွန်တော့်စေတနာလေ''

သူပြောရင်း အဝေးကို ကြည့်သည်။ ဟင်းလင်းပြင် ကောင်းကင်ကြီးက အပြာရောင်သန်းနေသည်။ ငှက်တွေ ပရမ်းပတာ ပျံသန်းနေသည်။ ထူးခြားသည်ကား သူ့မျက်ဝန်းသည် ရီဝေဝေ။

× × ×

(၅)

မြဝင်းနုကို ကျွန်တော်နောက်ဆုံးရုံးထွက်ရသည့်နေ့တွင် ဆုံရ၏။ မြဝင်းနုအသွင်က အေးဆေးသည်။ မျက်နှာသွယ်သည်။ မျက်လုံးမျက်ဖန် ကောင်းသည်။ အသားဖြူသည်။ သူ့အသွင်က စိုးရွံ့ခြင်းမရှိ။ သံဇကာကြားတွင် ပီပြင်စွာ မြင်ရသည်။

ကျော်စိုးက လမ်းကြောင်းရဲတပ်သားကို ခွင့်တောင်းပြီး မြဝင်းနုနှင့် မိတ်ဆက်ပေးသည်။ ပြီးနောက် ''အစ်ကို ပြောဖြစ်အောင်ပြောနော်''ဟု ပြောသည်။ ကျွန်တော် ခေါင်းညိတ်ပြီး...

www.burmeseclassic.com



"မြဝင်းနုကို ဦး တစ်ခုပြောချင်တယ်"

"ပြောပါဦး"

"မြဝင်းနုဟာ ထောင်ရဲ့ခါးသီးမှုဖြစ်စဉ်ကို သိတယ်။ ဘာကြောင့် မြဝင်းနု ထောင်ထဲပြန်ဝင်ဖို့ စဉ်းစားနေလဲ။ ဇင်မော်ကို သတ်တာ သူပါလို့ ကျော်စိုးကလည်း ဖြောင့်ချက်ပေးနေပြီ။ ဘာကြောင့် မြဝင်းနုက မင်းသတ်တာပါလို့ ပြောနေတာလဲ"

မြဝင်းနုက နွမ်းနွမ်းကလေး ပြုံးသည်။

"ထောင်ရဲ့ ဖြစ်စဉ်ဟာ ခါးသီးပေမယ့် မြဝင်းနုဘဝ မှာတော့ ပန်းခင်းလမ်းပဲ"

"ဘယ်လို မြဝင်းနု"

"ဒီလိုပါဦး၊ မြဝင်းနုဟာ လူပင်ပန်းပေမယ့် ဘဝလန်းတာ မြတ်နိုးတယ်။ ဒါကြောင့် မြဝင်းနုလည်း မဆလာသယ်၊ အုတ်သယ် အလုပ် လုပ်ခဲ့တယ်။ ဈေးလည်း ရောင်းခဲ့တယ်။ လူပင်ပန်းပေမယ့် စိတ်ချမ်းသာတယ်။ ချွေးစက်တွေကို ကြည့်နေရပေမယ့် ရှင်သန်း ငြိမ်းချမ်းတယ်။ ဒီလို လုပ်ပြီးစာရတဲ့ ထမင်းတစ်နပ်ဟာ ဖြူစင် တယ်။ အာဟာရပြည့်တယ်။ ဒါပေမယ့် ဒီလိုဘဝကို မြဝင်းနု မပိုင်ဆိုင်နိုင်ခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ မြဝင်းနုဆန္ဒတွေ ပြည့်မှာပါ"

ကျွန်တော် ပြောလိုက်သည်။ သူက ခေါင်းခါသည်။

"မရနိုင်တော့ဘူးဦး။ ဘဝမှာ အမည်းစက်စွန်းခဲ့ရင် ဖျက်လို့မရဘူး။ မြဝင်းနုဘဝဟာ အမည်းစက်စွန်းဘဝ ဖြစ်နေပြီ။ မြဝင်းနုဟာ ပြည့်တန်ဆာလေ။ ဒီလိုမြင်နေတဲ့လူတွေကြားမှာ မြဝင်းနုဟာ ဘယ်လိုထမင်းတစ်နပ်ကို အေးအေးဆေးဆေး ရှာစားနိုင်မလဲ"

"မြဝင်းနု အေးဆေးတဲ့ထမင်းတစ်နပ်နဲ့ အာဟာရပြည့်ချင်တယ်။ အသက်ရှည်ချင်တယ်။ ဒါပေမယ့်...အရာရာကို တရားသေတွက်နေတဲ့ လူတွေကြားမှာ မြဝင်းနု ထမင်း ဘယ်လိုရှာစားမလဲ။ မြဝင်းနုအတွက် အေးဆေးတဲ့ ထမင်း တစ်နပ်ဟာ ထောင်ထဲမှာပဲဦး။ ဒါကြောင့် မြဝင်းနုအမှန်ကို ဖြောင့်ချက်ပေးလိုက်တာပဲဦး။ ပြီးတော့ အများနဲ့မတူတဲ့ ကိုကျော်စိုးကိုလည်း အပြစ်မရစေချင်ဘူး။ မြဝင်းနုဘဝကို မြဝင်းနု အသိဆုံးပါ ဦးရယ်"

ကျွန်တော် မြဝင်းနုကို ကြည့်လိုက်သည်။ သူ့မျက်ရည် တွင် မျက်ရည်ကြည် ကြည်လဲ့နေသည်။ သူမသည် သံဇကာကို နဖူးနှင့် ထိလိုက်သည်။ အပြင်မှ ဝင်လာသည့် လေကြောင့် ဆံယဉ်နုကို လွင့်လူးနေ၏။

ပိတောက်စာပေ

www.burmeseclassic.com


ကားက ချိုးကွေ့လိုက်ပြီ။

ရှေ့မှာ တရားရုံး။ ကျွန်တော်တို့အတွက် စကားပြောချိန်ပင် မရှိတော့။ ကျွန်တော် နောက်ဆုတ်လိုက်လေသည်။ သို့သော် မြဝင်းနု စကားတွေ ကြားနေရသည်။

"အရာရာကို တရားသေတွက်နေတဲ့ လူတွေကြားမှာ မြဝင်းနု ထမင်းဘယ်လိုရှာစားမလဲ"

"မြဝင်းနုအတွက် အေးဆေးတဲ့ ထမင်းတစ်နပ်ဟာ ထောင် ထဲမှာပဲ ရှိတယ်"

"ထောင်ထဲက ထမင်းတစ်နပ်ဟာ အာဟာရပြည့်တယ်"

ကျွန်တော် သက်ပြင်းချလိုက်ရင်း ဆုတစ်ဆုကို အလိုလို တောင်းလိုက်မိသည်။ ထိုဆုက "မိန်းကလေးများ မြဝင်းနုလို ဘဝမျိုးကင်းဝေးပါစေ.." ဟု။

မြစ်ရပ်မှန်မဂ္ဂဇင်း
၁၉၉၇-ခုနှစ်၊ မတ်လ

* * *

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



## တွေးကြည့်စဉ် တဒင်္ဂခံစားရသည် တစ်ဘဝ

(၁)

သူ့ကိုကြည့်ရသည်မှာ စိတ်မချမ်းသာ။ ငိုထားသလား မသိ။ မျက်လုံးတို့ နီအစ်နေသည်။ ကျွန်တော့်အတွက်မူ မဆန်းတော့။ ထောင်မှာ မြင်နေကျလေ။ တရားရုံးက ပြစ်ဒဏ်ချမှတ်လိုက်လျှင် ဘယ်လောက်အသည်းမာသူဖြစ်စေ ငိုင်ဆင်းသွားမည်။ ဘယ်သူမှ ထောင်ကျချင်သူမရှိ။ ထောင်ဆိုသည်မှာ လောကလပ်မှ ကင်းမဲ့ရာနေရာ။ အကျဉ်းအကျပ်နှင့် မွန်းကျပ်သည့်နေရာ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပုံစံခန်းမှာနေရသူမို့။ ဒါမျိုးက ရိုးနေပြီ။ ထောင်မှာ ပျော်ပျော်ရွှင်ရွှင် ဝင်လာသူက ရှားမှရှားသည်။ ထောင်ကျတာ အပျော်ခရီးထွက်တာမှ မဟုတ်ဘဲ။ သို့ပေမယ့် ထောင်မှာ ခြားနားချက်တစ်ခုတော့ ရှိသည်။ အချုပ်သားနှင့် အကျဉ်းသား။

ထောင်မှာက ထောင်ထဲရောက်သူ နှစ်မျိုးနှစ်စား ရှိသည်။ အချုပ်သားအဖြစ် ထောင်စည်းရိုးနောက်ရောက်လာသူနှင့် အကျဉ်းသားအဖြစ် အုတ်စည်းရိုးနောက် ရောက်လာသူ။ အချုပ်သားက မျှော်လင့်ချက်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် အချုပ်သားက ထောင်အချုပ်နှင့်ရောက်သူ။ အာမခံ မရခင်သာ ထောင်အချုပ်မှာ နေရသည်။ အာမခံရလျှင် လွတ်ပြီ။ အချုပ်ထောင်မှာ အာမခံရသူကို လွတ်သူဟု ခေါ်သည်။

အကျဉ်းသားကတော့ အချုပ်သားလိုမဟုတ်။ ထောင်ထဲရောက်သည်က သတ်မှတ်ချက်နှင့်။ သက်ဆိုင်ရာတရားရုံးမှ သတ်မှတ်ပြစ်ဒဏ်အတိုင်း နေရသည်။ မပြည့်မချင်း နေပေရော့။ ထို့ကြောင့် သက်ဆိုင်ရာတရားရုံးမှ ပြစ်ဒဏ်ချလိုက်ပြီး ထောင်ထဲရောက်လာသူတိုင်း စိတ်မနိုင်ကြ။

တချို့ ရွှေမျက်ရည်စို့သည်။

တချို့ လဒမှိုင်၊ မှိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းကမို့ သူစိတ်ဓာတ်ကျသည်မှာ မဆန်း။ ဆန်းသည်က သူ့ပြစ်မှုနှင့် သူ့သွင်ပြင်အခြေအနေဖြစ်သည်။ အိုကွယ်...ဘယ်လို ဖြစ်ရတာလဲ။

× × ×

အချုပ်သားပဲဖြစ်ဖြစ်၊ အကျဉ်းသားပဲဖြစ်ဖြစ် ထောင်ကို ရောက်လျှင် ပုံစံခန်းဝင်ရ၏။ အချုပ်သားကို အချုပ်သစ်ဟု ခေါ်ပြီး အကျဉ်းသားကို ကျသစ်ဟု ခေါ်သည်။ ပုံစံခန်း ဝင်ရသည်။ ဒါက ထောင်စည်းကမ်း။ နေရာတကာ စည်းကမ်းရှိသည်။ ထောင်စည်းကမ်းက ပိုဆိုးသည်။

ပုံစံခန်း ဝင်ရသည်မှာ အကြောင်းတစ်ခုလည်း ရှိသည်။ ထောင်မှာနေရသည်နှင့် အပြင်မှာနေရသည်က မတူ။ ထောင်မှာ ထောင်ပုံစံတွေ ရှိသည်။ ထောင်ထဲမှာ ထောင်ပုံစံအတိုင်း နေရသည်။ အပြင်မှာလို နေလို့မရ။ ပုံစံခန်းက ထောင်ပုံစံတွေ သင်ပေးသည်။ ပြောရလျှင် ထောင်မှာပင် အချုပ်သားပုံစံနှင့် အကျဉ်းသားပုံစံမတူ။ ပုံစံထိုင်၊ ပုံစံရပ် ကွာသည်။ ထားပါတော့..ဒါက အဓိကမဟုတ်။

အဓိကသည် သူ.....။

× × ×

မြတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၂)

ကျသစ်တွေကို ပုံစံခန်းရောက်သည်နှင့် စာရင်းယူရသည်။ ထောင်မှာက စာရင်းအရေးကြီးသည်။ မှားလို့မရ။

ကျသစ်တွေကို တစ်ယောက်ချင်းထွက်ခိုင်းပြီး အခန်းစာရေးက စာရင်းယူမည်။ အမည်၊ အသက်၊ မိဖအမည်၊ ပြစ်မှု၊ ပြစ်ဒဏ် စသည်ဖြင့် ကျွန်တော်က ဘုရားဝင်းဘုတ်ကိုင်ဖြစ်သော်လည်း ကျသစ်ဝင်လျှင် ကူပေးသည်။ အခန်းစာရေးက ကျွန်ုပ်ဘော်တပည့်။။

တစ်ယောက်ချင်း စာရင်းယူသည်။ သူ့အလှည့်ရောက်လာသည်။

"နာမည်"

"တင်ညို"

"အဖေနာမည်"

"ဦးလူဒင်"

"အသက်"

"၂၃"

"ပြစ်မှု"

"ခိုးမှု"



www.burmeseclassic.com

www.burmeseclassic.com



"ပြစ်ဒဏ်"

"၇ နှစ်"

ကျွန်တော်က ခေါင်းပေးပြီး မောင်ဝင်းက လိုက်မှတ်သည်။ "ခိုးမှု"ဟု ပြောစဉ် သူ့အသံတိုးသွားပြီး ခေါင်းငုံ့သွားသည်။ ရှက်သွားပုံပင်။ ထောင်မှာက ခိုး၊ ဆိုး၊ ခါး သည်မကောင်း။ မျက်နှာမလှ။ ဘက်ဆိုလည်း ကျောက်စခန်းသာ။ ကျွန်တော် သူ့ကို အကဲခတ်ရင်း စိတ်ထဲက တစ်မျိုးဖြစ်သွားသည်"

"မင်း ဘာခိုးခဲ့လဲ"

ကျွန်တော် မေးလိုက်မိသည်။

"ကျွန်တော်ခိုးတာ မဟုတ်ပါဘူး။ လမ်းမှာတွေ့လို့ ယူခဲ့မိတာပါ"

"ပိုင်ရှင်မသိအောင်ယူရင် ဒီလိုပဲ ဖြစ်မှာပေါ့"

သူက ကျွန်တော့်ကို ဝေ့ခနဲ မရဲတရဲ ကြည့်သည်။ သူ ရှိန်နေပုံရသည်။ ကျွန်တော် ပြုံး၍...

"မင်း ဘာပြောချင်လို့လဲ"ဟု မေးလိုက်မိသည်။

သူက "အပြစ်လို့ ပြောရရင် ကျွန်တော် လိုချင်မျက်စိ ရှိခဲ့တာပါ"ဟု ပြောသည်။

"မင်း စကားက စိတ်ဝင်စားစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘဘ နားထောင်မယ်ဆိုရင် အကြောင်းစုံပြောပြပါ့မယ်"

"အေးလေ..ပုံစံပြီးရင် တွေ့တာပေါ့"

စာရင်းယူပြီးပြီ။ ပုံစံပြက ပုံစံသင်ရန် တန်းစီခိုင်းသည်။ ကျွန်တော်နေရာတွင် ပြန်ထိုင်လိုက်သည်။

"ထောင်မှာ ထောင်စည်းကမ်းရှိတယ်။ မင်းတို့ ထောင်ထဲ ရောက်လာပြီဖြစ်တာမို့ ထောင်စည်းကမ်းကို လိုက်နာရမယ်။ မင်းတို့ အပြင်မှာ ဘာကြီးဖြစ်နေ့, ဖြစ်နေ...ဒီကနေ့ ထောင်ကို ရောက်ခဲ့ပြီမို့ အကျဉ်းသားပီပီ ထောင်စည်းကမ်းလိုက်နာရမယ်။ ထောင်ပုံစံအတိုင်း နေရမယ်...ကြားလား"

"ကြားပါတယ်"

"ကြားတယ်နော်...ကျယ်ကျယ်ပြော"

"ကြားပါတယ်"

အသံက ကျယ်လာသည်။ ပုံစံပြက ပုံစံ စသင်သည်။ ကျွန်တော် ဆေးပေါ့လိပ်တစ်လိပ် မီးညှိလိုက်သည်။ ဆေးလိပ်မီးခိုးများ ပျံ့လွင့်နေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



(၃)

ထောင်မှာက အိပ်ရာနေရာချရသည်။ အိပ်တော့လည်း ထောင်ပုံစံအတိုင်း အိပ်။ ကျသစ်များကို ပုံစံသင်ပြီးလျှင် နေရာချပေးသည်။ အခန်းသားများက အုတ်စည်းရိုးဘေးတွင် နေရာယူရသည်။ ကျသစ်များက အခန်းလယ်မှာ စီတန်းအိပ်ရသည်။ အိပ်ရာနေရာချတော့ တင်ညိုကို ကျွန်တော့်နား ခေါ်ထားလိုက်သည်။ အိပ်ရာနေရာချပြီး အိပ်ချိန်မရောက်ခင် လွတ်လပ်စွာ နေလို့ရသည်။ နားချိန် …

တင်ညိုကို ဆေးလိပ်တစ်လိပ်ပေးလိုက်သည်။ သူ ပျော်သွားသည်။

"ကဲ…မင်း လိုချင်မျက်စိအကြောင်းကလေး ပြောစမ်းပါဦး"ဟု ကျွန်တော်က ပြောလိုက်သည်။

သူ အဝေးကို ငေးကြည့်လျက်။ အပြင်မှာ မှောင်နေသည် ဘာမှ မမြင်ရ။ သူ စကားကို တစ်လုံးချင်းပြောသည်။

× × ×

တင်ညိုက ဆေးသုတ်ကန်ထရိုက်။ လုံးချင်းတိုက်တွေကို ကန်ထရိုက်ယူပြီး ဆေးလိုက်သုတ်သည်။ ပုဇွန်တောင်က တိုက်ခန်းတွေ ဆေးလိုက်သုတ်၊ ပြီးတော့ လှိုင်သာယာဘက်ကူးသည်။



www.burmeseclassic.com

www.burmeseclassic.com



စက်မှုမြို့တွေမှာ လုံးချင်းတိုက်ခန်းတွေ ရှိသည်။ ဒီကနေ့ပဲ အဆောက်အဦကန်ထရိုက်နှင့် တိုက်လုံးချင်းငါးလုံး ဆေးသုတ်ဖို့ စကားပြောပြီးပြီ။ သန်ဘက်ခါ အလုပ်စ,ရမည်။

ဒီကနေ့ သို့မဟုတ် မနက်ဖြန် နေ့စားလုပ်သားများ ရှာရမည်။ တင်ညို ဘယ်သူတွေကိုခေါ်ပြီး ဆေးသုတ်ရ စလုပ်ရမည်ကို စဉ်းစားရင်း စက်မှုမြို့တော်အတွင်းမှ ထွက်ခဲ့သည်။ အုပ်ချုပ်ရေးမှူးရုံးခန်းနှင့် ဂိတ်ကဝေးသည်။ လမ်းလျှောက်ပြန်ရသည်။

"ပြဿနာက ဒီမှာ စတာပဲ ဘဘ" ဟု ပြောသည်။

"အင်း...လုပ်စမ်းပါဦး"

"ကျွန်တော် ပြန်လာရင်း လမ်းဘေး မြက်တောစပ်မှာ ရေဘုံဘိုင်ခေါင်းတစ်ခုကို တွေ့လိုက်တယ်လေ။ ရေဘုံဘိုင်ခေါင်းကလေးက အသစ်ကလေး အဘရဲ့။ ဒီရေဘုံဘိုင်ခေါင်းကလေးတွေ့တော့ ကျွန်တော် လိုချင်သွားတယ်။ အိမ်က ရေဘုံဘိုင်ခေါင်းကလည်း ပျက်နေတယ်လေ။ ဒါလေးလည်း တပ်လိုက်ရင် တစ်ထောင်ကျော်လောက် သက်သာမှာ မဟုတ်လား"

သူ့စကားနှင့်သူ ပြုံးလိုက်မိသည်။

"မင်းက မိုးကို မီးနဲ့ရှို့လိုက်တာကိုး"

သူက ဘာမျှမပြော။ ကျွန်တော်က ..



www.burmeseclassic.com

www.burmeseclassic.com



"လုပ်စမ်းပါဦး...မင်းဘယ်လိုမိတာလဲ" ဟု မေးလိုက်သည်။ သူက သက်ပြင်းရှိုက်ပြီး တစ်လုံးချင်း ပြောသည်။

× × ×

(၄)

တင်ညိုက လိုချင်သဖြင့် ရေဘုံဘိုင်ခေါင်းကလေးကို ကောက်ယူပြီး လွယ်အိတ်ထဲ ထည့်လိုက်သည်။ သူ့ရင်ထဲတွင် ပျော်နေသည်။ သူ့အတွက် တစ်ထောင်တော့ သက်သာပြီဟု တွေးလိုက်သည်။ ပျော်သည်။ သန်ဘက်ခါဆို အလုပ်လည်း ရပြီ၊ မင်္ဂလာ။

သို့သော် သူ၏ အပျော်တို့ ရုတ်ခြည်းပျောက်သွားသည်၊ အဘယ်ကြောင့်ဆိုသော် မြို့တော်အဝတွင် လုံခြုံရေးဂိတ်ရှိသည်၊ လုံခြုံရေးက ဘင်ညို အဝသို့ ရောက်လျှင် ...

"ကျေးဇူးပြုပြီး စစ်ဆေးခွင့်ပြုပါနော်" ဟု ပြောလိုက်သောကြောင့်ပင်။

"ခင်ဗျာ"

"ကျွန်တော်တို့က လုံခြုံရေးပေါ့ပါ။ ဂိတ်အဝင်အထွက် စစ်ဆေးရတာက ကျွန်တော်တို့ တာဝန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တိုက်ဆေးသုတ်ဖို့ အုပ်ချုပ်ရေးမှူးနဲ့ တွေ့ပြီး ပြန်လာတာပါ"

"ဟုတ်ကဲ့...ကျွန်တော်တို့ သိပါတယ်။ ဒါပေမယ့် အုပ်ချုပ်ရေးမှူးက မည်သူမဆို စစ်ဆေးရမယ်လို့ ညွှန်ကြားထားလို့ပါ"

တင်ညို မွန်းကျပ်သွားသည်။ ခေါင်းနားပန်းလည်း ကြီးသွားသည်။ လုံခြုံရေးဝန်ထမ်းက တင်ညိုကို စစ်ဆေးသည်။ လွယ်အိပ်ထဲမှ ရေဘုံဘိုင်ခေါင်းကို တွေ့သွားသည်။ တင်ညိုက ကျွန်တော်လမ်းကတွေ့လို့ ကောက်လာတာပါ"ဟု ပြောသည်။

"လုံခြုံရေးက ကျွန်တော်တို့ကို ခွင့်လွှတ်ပါခင်ဗျာ။ ကျွန်တော်တို့ တာဝန်အရ လုပ်ခွင့်ပြုပါ"ဟု ပြောသည်။

တင်ညို ခေါင်းတွေနောက်ကျိသွားသည်။ တစ်ကိုယ်လုံး နုံးချိပျော့ခွေသွားသလား ထင်ရသည်။

"နောက် ဘာဖြစ်လဲ"

"လုံခြုံရေးက အုပ်ချုပ်ရေးမှူးကို သတင်းပို့တယ်လေ။ ဒီတော့ အုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာ နယ်ထိန်းအဖွဲ့ကို အကြောင်းကြားတယ်။ နယ်ထိန်းက ပစ္စည်းသိမ်းပြီး ဖမ်းတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"မင်း အကျိုးအကြောင်း ရှင်းမပြဘူးလား"

"ရှင်းတာပေါ့ အဘရယ်...မရဘူး။ မြို့တော်က ပိုက်ခေါင်းတွေ ပျောက်နေတာကြာပြီတဲ့။ ကျွန်တော်က ဆွမ်းခံရင်း ငှက်သင့်သူလေ။ တရားရုံးတင်တော့ ပုဒ်မ-၃၈၀။ ပစ္စည်းသက်သေရှိနေတော့ ငြင်းမရတော့ဘူးလေ။ ကျွန်တော်ကလည်း ကံဆိုးပါတယ်"

ကျွန်တော် သဘောကျသွားသည်။ သူ့ကို ပြုံးကြည့်လိုက်ပြီး မင်းက ကံဆိုးတယ်လို့ ပြောပေမယ့် ကံဆိုတာ ပြုလုပ်ခြင်းပဲကွ။ မင်းပြုလုပ်မှုမှားလို့ ခံရတာ။ မင်းသာ လိုချင်မျက်စိမရှိခဲ့ရင် ဒီလိုဘယ်ဖြစ်မလဲ။ ငါ..ကိုယ်ချင်းမစာလို့ ပြောတာမဟုတ်ဘူးနော်။ လူတွေ အမှားဖြစ်ခဲ့တာ တဒင်္ဂအတွေးမှားကြောင့်ပဲ။ ကိုယ်နှင့်မဆိုင် ခွင့်မပိုင် ဆွဲကိုင်မကြည့်ရတဲ့စကားရှိတယ်။ ကိုယ့်ပစ္စည်း ကိုယ့်ဥစ္စာမဟုတ်ရင် အပ်တိုတစ်ချောင်းဖြစ်စေ မယူသင့်ဘူး။ တပ်မက်မှုဟာ ဒုက္ခကိုဖြစ်စေတယ်။ အခု မင်း ဖြစ်ရတာ တဒင်္ဂတပ်မက်မှုကြောင့်ပဲ"ဟု ပြောလိုက်၏။

"ဟုတ်တယ်..အဘ အခုတော့ ကျွန်တော် နားလည်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



''ဒါပေမယ့် မင်းအတွက် တစ်သက်စာပဲနော်..''

''ဘာတတ်နိုင်မှာလဲ အဘရယ်။ ဝက်ဖြစ်မှတော့ မစင်ကြောက်လို့မရတော့ဘူးလေ။ ကိုယ်ပြုသမျှဒဏ် ကိုယ်ခံရတော့မှာပေါ့။ မိုက်မှားမှု၊ ပြစ်မှုကြွေးကို ချွေးနဲ့ ဆေးပြီးရင်တော့ တဒင်္ဂစိတ်ကို ထိန်းရတော့မယ်။ မကောင်းမှုဟု အကြီးအသေး မခွဲဘဲလူကို ရိုက်ခတ်စေတာ ကျွန်တော် နားလည်ပါပြီ''

သူက တစ်လုံးချင်း ပြောသည်။ လောကတွင် ဒီလိုအဖြစ်မျိုး ဘယ်လောက်ရှိခဲ့သလဲ။ ရာဇဝတ်မှုဆိုသည်က ဒီလိုပဲ။ တဒင်္ဂမှ တစ်ဘဝစာ ဖြစ်ရသည်ချည်း။ ထောင်ရောက်ခဲ့သူများက ဒီလို အသေးအမွှားမှ အကြီးအကျယ်ဖြစ်ရသူချည်း။ နောင်တရတော့ နှောင်းနေပြီ။

ထို့ကြောင့် ဒေါသကို ထိန်းရမည်။ တပ်မက်မှုကို ချုပ်သိမ်းရမည်။ သို့မဟုတ်လျှင်ကား....

ကျွန်တော် သက်ပြင်းချလိုက်သည်။

ဖြိုးပြည့်မှန်မဂ္ဂဇင်း
၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ

❊ ❊ ❊

စိတ်ကူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



# လောဘနွံ

(၁)

ပူလောင်သောနေရောင်ကြောင့် ခြေလှမ်းသွက်လာသည်။ လေသည်ပင် နေရောင်ကြောင့် ပူနွေးရသည်။ တရားရုံးကို လှမ်းမြင်ရပြီ။ ရုံးလမ်းတွင် သစ်ပင်မရှိ။ အရိပ်အာဝါသမရှိ။ တရားရုံးရှေ့ရောက်လျှင် ခြေလှမ်းကြီးကြီးနှင့် လှမ်းဝင်လိုက်သည်။

တရားရုံးရှေ့တွင် မလေးရှားပိတောက်ပင်တို့ ရှိသည်။ အပူထဲမှ ဖြတ်သန်းလာခဲ့ရသဖြင့် ထင်သည်။ အရိပ်အောက်ရောက်လျှင် အေးသွားသည်။ မျက်နှာပေါ်မှ ချွေးစကို လက်ကိုင်ပဝါဖြင့် တို့သုတ်ရ၏။ နာရီကို ကြည့်လိုက်တော့ ဆယ်နာရီ။

www.burmeseclassic.com



ကျွန်တော် ဒီနေ့တရားရုံးသို့ ရောက်လာသည်မှာ C.R.O ဦးအေးကျော် ချိန်းထားသောကြောင့်ဖြစ်သည်။ တရားရုံး၌ C.R.O ရုံးခန်းဘက်သို့ လမ်းလျှောက်ခဲ့သည်။ တရားရုံးတွင် လူများပါ့။ မျက်နှာများကို ကြည့်ရှုဖတ်ကြားလျှင် ပျော်ရွှင်မှု မရှိ။ ငိုင်တွေခြင်းနှင့် သောကယှက်ဖျာနေ၏။ အပူရောင်များ ထင်ဟပ်နေ၏။

မည်သူ့ကိုမှ မကြည့်ဘဲ ရုံးခန်းသို့ လာခဲ့သည်။ တကယ်တော့ ကျွန်တော်မလာချင်။ ကျွန်တော်သည် မှုခင်းဝတ္ထု အတော်များများကို ရေးသားနေသော်လည်း တရားရုံးရဲစခန်းကို အရောက်အပေါက်နည်းသည်။ ဒီကနေ့ ရောက်ခဲ့သည်မှာတော့ အကြောင်းရှိသည်။ ဦးအေးကျော်၏ စကားကို စိတ်ဝင်စားသောကြောင့် ဖြစ်သည်။

မှတ်မိသေး၏။ လွန်ခဲ့သောအပတ်က မြို့နယ်တရားရုံးသို့ ကိစ္စတစ်ခုနှင့် ရောက်ရင်း ဦးအေးကျော်နှင့် ဆုံသည်။

"အတော်ပဲ ကျုပ်က စာရေးဆရာကို တွေ့ချင်နေတာ" ဟု တွေ့တွေ့ချင်း ပြောသည်။

"အကြောင်းရှိလို့လား"

"ဒါပေါ့ဗျာ…ဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်းတစ်ပုဒ် ပေးမလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အနိဋ္ဌာရုံတွေ ကျွန်တော်စိတ်မဝင်စားဘူးနော်"

သူက ထုံးစံအတိုင်း ကွမ်းမြုံ့ရင်း ပြုံးသည်။

"စာရေးဆရာအကြောင်း ကျုပ်သိပါတယ်။ အခု ဇာတ်လမ်းက ဖောက်ထွင်းမှုတစ်ခုပါ။ အဓိကပြည်သူတွေ သတိထားဆင်ခြင်ဖို့အတွက် ကျွန်တော်က ရေးစေချင်တာပါ"ဟု ပြောသည်။

"အင်း...ပြည်သူတွေအတွက် သတိထားဆင်ခြင်ဖို့ ဆိုရင်တော့ ကျွန်တော်စိတ်ဝင်စားတယ်"

"အမှုက စီရင်ချက်ချပြီးပြီလား"

"ရှေ့အပတ် အင်္ဂါနေ့စီရင်ချက်ချမယ်လေ"

"ဆရာနဲ့ ဘယ်လိုတွေ့မလဲ"

"ရုံးသာ လာခဲ့ကွာ"

ဤသို့ဖြင့် ကျွန်တော်ရုံးသို့ ရောက်ခဲ့ခြင်း ဖြစ်သည်။

× × ×

(၂)

×××မြို့နယ်အတွင်း ဖြစ်ခဲ့သည့် မှုခင်းလေးခု၊ အိမ်ယာစခန်းတစ်ခုအတွင်းမှ ပစ္စည်းများအား ဖောက်ထွင်းခိုးယူမှု ဖြစ်သည်။ ဖောက်ထွင်းခိုးယူသူများဖြစ်သည့် 'ကျော်မင်း'နှင့်

www.burmeseclassic.com

www.burmeseclassic.com



'တင်ဇော်' တို့သည် နာမည်ကြီးများ၊ နယ်လှည့်ဖောက်ထွင်းခိုးယူသူများ ဖြစ်သည်။

ဖောက်ထွင်းခိုးယူမှုဖြင့် ထောင်နှစ်ကြိမ်ခန့် ကျခဲ့ဖူးသူများပင်။ ယခုအိမ်ယာစခန်း ဖောက်ထွင်းခိုးယူမှုတွင် သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးစစ်ဆေးရာ အမှုမှန်ကို ဝန်ခံဖြောင့်ချက်ပေးသည်။ အခြားမြို့နယ်အတွင်းမှ အမှုတစ်ခုပါ ပူးတွဲဖော်ထုတ်နိုင်သဖြင့် သက်ဆိုင်ရာ မြို့နယ်တရားရုံးသို့ လွှဲအပ်လိုက်သည်။

ပြစ်မှုထင်ရှားသဖြင့် တရားရုံးမှ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇)နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ဤကဲ့သို့ပင် ထိုအမှု၌ အားပေးကူညီသူဖြစ်သည့် 'မောင်မျိုး' အသက် (၂၃)သည် အလုပ်နှင့် ထောင်ဒဏ် (၄)နှစ် ကျခံခဲ့ရသည်။

× × ×

## အားပေးကူညီသူနှင့် တွေ့ဆုံခြင်း

ရုံးခန်းဝသို့ ကျွန်တော်ရောက်လျှင် -

"လာဗျို့ စာရေးဆရာ…ကျွန်တော် ခင်ဗျားကိုပြောတဲ့ အမှုကတော့ စီရင်ချက်ချပြီးပြီ" ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရွေးသုတ်ရင်း ‥

"မောင်မျိုးကော"ဟု မေးလိုက်သည်။

"သူက လေးနှစ်လေ"

"သူ ကျူပ်အခန်းထဲမှာပေါ့"

"ကျွန်တော် တွေ့လို့ရမလား"

"ကျွန်တော် စီစဉ်ပေးပါ့မယ်"

ကိုအေးကျော်က ပြောသည်။ ပြီး ရဲတပ်သား တစ်ဦးကို ခေါ်ခိုင်းသည်။ မကြာမီ လက်ထိပ်ခတ်လျက် ရဲတပ်သားနှင့် သူပါလာသည်။ မောင်မျိုးက ပိန်ပိန်ခွဲ့ခွဲ့၊ အသားဖြူသည်၊ အေးဆေးတည်ငြိမ်သည့် အသွင်ရှိသည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်ခိုင်းသည်။ သူငိုထားပုံရသည်။ မျက်လုံးမို့ကာ နီနေ၏။

သူ ခေါင်းငုံ့နေသည်။

ဦးအေးကျော်က

"မင်းအဖြစ်ကို ဒီဆရာက သိချင်လို့တဲ့။ မင်း ပြောပြမယ် မဟုတ်လား"ဟု လှမ်းပြောသည်။ ကျွန်တော့်ကို လှမ်းကြည့်သည်။ ကျွန်တော်က ကြင်နာစွာ ပြုံးကြည့်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက မင်းအကြောင်းကို သိသင့်သလောက် သိတယ်လေ။ မင်းအပြစ်ဟာ ဒေဝဒတ်နဲ့ ပေါင်းမိတဲ့ အဇာတသတ် အဖြစ်ချည်းပဲ။ ဒါကြောင့် အစ်ကို စိတ်ဝင်စားတယ်လေ။ လူအများ သင်ခန်းစာယူနိုင်အောင် မင်းကလည်း ပြောပြလိမ့်မယ်လို့ အစ်ကို ယုံကြည်နေတယ်"ဟု ကျွန်တော်က ပြောပြလိုက်သည်။

"ကျွန်တော် ပြောပြပါ့မယ်"ဟု တိုးတိုးပြောသည်။

"ဒါဆို တွေ့ဆုံပုံကလေးက စပြီးပေါ့ကွာ"

"ဟုတ်ကဲ့"

ထို့နောက် သူက ပြောပြသည်။

× × ×

မောင်မျိုးက ဆယ်တန်းဖြေမည့်နှစ် အဖေဆုံးသဖြင့် ကျောင်းထွက်လိုက်ရသည်။ အမေအိုကို လုပ်ကျွေးရန် ဆိုက်ကားနင်းရသည်။ သူ့ဂိတ်က ဆေးရုံဂိတ်။ သို့သော် မောင်မျိုးက ဂိတ်တွင် အနေနည်းသည်။ လိမ့်နေသည်က များသည်။ ဘုရားလမ်း လက်ဖက်ရည်ဆိုင်ဘက်မှာ အနေများသည်။

ဒီမှာက မဆိုး။ မောင်မျိုးက ဖော်ရွေပြီး အလိုက်သိသဖြင့် ခင်မင်သူများသည်။ ဖောက်သည် ရှိနေပြီ။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ သူတို့နှင့် ဆုံသည်။ ကျော်မင်း၊ တင့်ဇော်တို့ ဖြစ်၏။ ဆိုက်ကားငှားစီးရင်း အာလာပ၊ သလ္လာပစကားပြောရင်း ရင်းနှီးသွားသည်။ သူတို့က ဆိုက်ကားစီးလျှင် ပေးရမည့် ငွေကြေးထက် ပိုပေးပြီး အစားအသောက်လည်း ကျွေးသည်။

"မင်း ဆိုက်ကားက ကိုယ်ပိုင်လား"

"မဟုတ်ပါဘူး အုံနာနဲ့ နင်းတာပါ။ ဒါပေမယ့် အမျိုး ဆိုက်ကားဖြစ်လို့ ညပါယူထားတယ်"

"ညကော နင်းဖူးလား"

"နင်းတော့ မနင်းဘူး။ ဘာဖြစ်လို့လဲ"

ကျော်မင်းက

"ဘာမှတော့ မဖြစ်ပါဘူး။ ငါတို့က တစ်ခါတစ်ရံ ပစ္စည်းကို ညပို့ရတယ်လေ။ မင်း ညဆွဲရင် မင်းနဲ့ပို့ရတာပေါ့။ ခင်နေတော့ မင်းရစေချင်လို့ပေါ့ကွာ"ဟု ပြောသည်။

"ညဆို ပိုပေးရမှာ"

"အခကြေးငွေက အဓိက မဟုတ်ပါဘူး"

"ဒါဆို လိုအပ်တဲ့နေ့ ပြောလေ"

ကျွန်တော်က သူ့ကို ကြည့်လိုက်ပြီး...

မိုးမြေ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုနဲ့ ရင်းနှီးသွားတယ် ဆိုပါတော့"ဟု ဆိုတော့ သူက "ဟုတ်ကဲ့"ဟု ပြောသည်။

"မင်းသူတို့နဲ့ အလုပ်တော်တော် လုပ်လိုက်လား"

သူက ခေါင်းခါသည်။

"နှစ်ခါပဲ လုပ်ရတာ။ ဒါပေမယ့် ချိန်းပြီး အလုပ်မလုပ်ရတဲ့အကြိမ်က မနည်းဘူး"

"အလုပ် မလုပ်ရတဲ့အချိန်ကော ဘယ်လိုပေးသလဲ"

"တစ်ခါတလေ ကျွေးမွေးပြီး နှစ်ရာ သုံးရာ ပေးတယ်"

"တစ်ခါ အလုပ်လုပ်တော့ကော"

"တစ်ခါလုပ်ရတုန်းက ပီနန်အိတ်သုံးလုံးနဲ့ ပစ္စည်းတင်ပြီး သူတို့ပို့ခိုင်းတဲ့နေရာ ပို့ရတယ်။ ငွေတစ်ထောင်ပေးတယ်။ ကျွေးတာမွေးတာ အရမ်းပဲ"

ထိုစဉ် ဦးအေးကျော်က

"သူတို့ ကျွေးတာ မွေးတာစားပြီး မင်း ခံစားရတာပါ ပြောပြဦးလေ"ဟု စကားထောက်သည်။

သူက

"ဟုတ်တယ်...ဒါကို ပြောဖို့ မေ့နေတယ်။ သူတို့ကျွေးတာစားပြီးတိုင်း အတူးသဖြင့် အရည်သောက်ပြီးတိုင်း ဆိုပါတော့"ဟု ပြောသည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ခံစားရလဲ"

"သူတို့နဲ့လုပ်ရတာ ပျော်နေတယ်"

"မင်းကို စိတ်ကြွဆေးတစ်ခုခုကျွေးပြီး ခိုင်းနေတယ်ဆိုတာ မင်းမရိပ်မိဘူးလား"

ကျွန်တော်က မေးလိုက်သည်။ သူက

"ကျွန်တော် မလိမ်ချင်ဘူးဆရာ။ ကျွန်တော် သက်သာမကင်း ဖြစ်မိတာကတော့ အမှန်ပဲ။ ဒါပေမယ့် ငွေရတာကလည်း မနည်းဘူးလေ။ ပြီးတော့ ကျွန်တော်..."ဟု ပြောပြီး စကားရပ်လိုက်သည်။ ကျွန်တော်က

"မင်း စွဲနေပြီဆိုပါတော့"ဟု ဆိုတော့ သူ ခေါင်းညိတ်ပြသည်။

× × ×

**အမှုသဲလွန်စနှင့် ကွင်းဆက်**

"မင်းတို့မိတဲ့နေ့က အကြောင်းလေး ပြောပါဦး"

ကျွန်တော်က မေးလိုက်သည်။

သူက အဝေးကိုကြည့်ပြီး...

စိတ်ခွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီညက သူတို့နဲ့ ဆိုင်မှာ အချိန်ဖြုန်းတယ်။ သောက်စားကြတယ်ပေါ့ ဆရာရယ်။ ကျွန်တော်အမှတ်ရတာ ခေါင်းထဲ ရီတီတီ ရှိပေမယ့် စိတ်ကလန်းပြီး ရွှင်နေတယ်။ ကျွန်တော် ပီနန်အိတ်လေးလုံးတင်ပြီး နင်းခဲ့တာ"

"ဒါဆို ပစ္စည်းနဲ့မိတာပေါ့"

"ဟုတ်ကဲ့"

"ရဲက ဖမ်းတော့ အကျိုးအကြောင်း မပြောဘူးလား"

ဒီတော့ ကိုအေးကျော်က

"ဒီကောင်က ဆေးမိနေတာလေ။ စွဲနေတာ ငွေလောဘတက်သလို ဆေးကလည်း စွဲနေတော့ သူက ဖမ်းတဲ့လူတွေကို မချေမငံပြောသေးတယ်"ဟု ဝင်ပြောသည်။

သူက "ဟုတ်တယ်‥ကျွန်တော်ကိုယ်တိုင် မိတ်ဆွေတွေရဲ့ ပစ္စည်းကူညီသယ်ပေးတာဆိုပြီး သူတို့အတွက်ပါ ဝင်ကာမိသေးတယ်"ဟု ပြောသည်။

"ဒီလိုဆို မင်းအားပေးကူညီဖြစ်တာ ဘာဆန်းလဲ"

"ကျွန်တော်လည်း မငြင်းပါဘူး။ တကယ်ပြောရရင် ပထမ ကျွန်တော် အသိလောက်၊ နောက်ပိုင်းမှာငွေ လောဘနဲ့ စွဲလမ်းမှုကြောင့် ပါလာခဲ့တယ်လေ။ ဒါဟာ မိမှုကျူးလွန်ခြင်းလို့ ကျွန်တော်ခံယူလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခုဆို မင်းအလုပ်ကြမ်းနဲ့ ထောင်ဒဏ် (၄)နှစ်ကျပြီ ဘယ်လိုလုပ်မလဲ"

"ဘာတတ်နိုင်မှာလဲ ဆရာ။ လူမဟုတ် ကံပုံချတော့ မဖြစ်ချင်ဘူး။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မှာဘဲ ကိုယ့်မိုက်ဖြစ်ကိုယ်ခံရတာလေ။ အပြစ်ကြွေးကို ချွေးနဲ့ဆေးရတယ်လို့ အမေက ပြောတယ်"

ကျွန်တော် သူ့ကို ကြည့်လိုက်သည်။ သူခေါင်းငုံ့နေသော်လည်း သူ မျက်ရည်ကျနေသည်ကို ကျွန်တော်သိသည်။ နောင်တဆိုသည်မှာ နောင်မှရတတ်သည်မှာ ဓမ္မတာ ဖြစ်ပေသည်။

ကျွန်တော့်ကို ရုံးအပြင်အထိ ဦးအေးကျော် လိုက်ပို့သည်။ ကျွန်တော်က ..

"ခင်ဗျားတို့တွေ ဒီအမှုကို ဘယ်လိုဖော်ထုတ်လိုက်တာလဲ"ဟု မေးလိုက်သည်။

"ရဲတပ်ဖွဲ့ဝင်တွေက အမြဲတမ်းပြစ်မှုကောက်ကြောင်းကို ရှာနေတာလေ။ ဒီမှာ ဖောက်ထွင်းခိုးယူမှုရှိတာ သိလို့ တပ်ဖွဲ့ဝင်တွေ စုံစမ်းနေတာ။ ကျွန်တော်တို့က ရပ်ရွာအေးချမ်းသာယာရေး အတွက် ကြိုးပမ်းနေသလို ကျွန်တော်တို့ကို ကူညီတဲ့ ပြည်သူ့ ဘက်တော်သားတွေက သတင်း ညွှန်စပေးတော့ ကွင်းဆက်ဖော်ရ လွယ်သွားတယ်လေ"

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးကတော့ မအူမလည်လေး"

"ဒါကို ကျွန်တော်တို့လည်း သိနေတယ်။ ဥပဒေက ခွင့်လွှတ်လို့ မရဘူးလေ။ ကျွန်တော်လည်း ဒီကလေးအတွက် စိတ်မကောင်းတာအမှန်ပဲ။ တကယ်တော့ ဒုစရိုက်သမားတွေရဲ့ လှည့်ကွက်မြူဆွယ်မှုကို မသိလို့ ဒီကလေးနွယ်ပြီး ပါရတာ။ ဒီလိုမျိုးရိုးသားတဲ့ ပြည်သူတွေ မဖြစ်စေချင်လို့ စာရေးဆရာကို ကျွန်တော်က ခေါ်တွေ့ပေးတာ ဘယ့်နှယ့် ရေးလို့ရမလား"

"ရတာပေါ့။ ကျွန်တော်ရေးမှာပါ။ ဒါက ဖြစ်ရပ်မှန် ပညာပေး မှုခင်းဝတ္ထုလေ။ ဒီဝတ္ထုမျိုးမှ မရေးရင် ဘာရေးရမလဲ"

"ကျေးဇူးပဲဗျာ"

သူက ပြုံးကြည့်သည်။ ကျွန်တော် သူ့လက်ကို ဆုပ်ကိုင်လိုက်သည်။

ဖြစ်ရပ်မှန်မဂ္ဂဇင်း

၂၀၀၆-ခုနှစ်၊ ဖေဖော်ဝါရီလ

* * *

www.burmeseclassic.com



# တောင်းတင်အပြည့် ပိုက်နှင့်အုပ်၍မရ

(၁)

ပုံစံခန်းမို့ နှစ်ယောက်တစ်တွဲလက်ပိုက်ဝင်ရသည်။ ကျူသ[illegible] များ၏ မျက်နှာသည် စိုးရွံ့၍၊ မည်သူမျှ ခေါင်းမဖော်ရဲ။ ''အားလုံ[illegible] စည်းကမ်းချက်ဆိုင်းဘုတ်အောက်မှာ ငါးယောက်တစ်တွဲ [illegible] ငုံ့နေမယ်''ပုံစံပြအသံက ခပ်မာမာ၊ သူ့လက်ထဲတွင် ဝါဒ[illegible] လျက်၊ ကျူသစ်စုံသွားလျှင် ပုံစံပြက ''နောက်[illegible]''ဟု အမိ[illegible] ပေးသည်။

''လူစစ်မယ်··တစ်ဦးချင်း [illegible]အမှတ်စဉ်ဆို''

တစ်ယောက်စီ နံပါတ်ဆို[illegible]သည်။ ကြောက်စိတ်ကြော[illegible] လားမသိ။ မှားချင်ကြသ[illegible]။ နှစ်ခါလောက် ပြန်ဆိုရသည်[illegible]

စိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ အဆင်ချောသွားသည်။ လူစေ့လျှင် ပုံစံပြကာ -

"မင်းတို့ကို အခန်းစာရေးက စာရင်းယူမယ်၊ နာမည်၊ အဖေနာမည်နဲ့ အမှု၊ စီရင်ချက်ချတဲ့ရုံး၊ ပြစ်ဒဏ်ကို အသေအချာ ပြောမယ် ကြားလား" ဟု ပြောသည်။

"အမှားအယွင်းမရှိစေနဲ့နော်"

"ဟုတ်ကဲ့"

"ကဲ...ဒါဆို ညာကစပြီး တစ်ယောက်ချင်းလာမယ်။ ကျန်တဲ့လူတွေ စကားမပြောရဘူး။ စကားသံကြားရင် သေပြီသာ မှတ်တော့"

ငြိမ်နေကြသည်။ အခန်းစာရေးက စာအုပ်တစ်အုပ်နှင့် စာရင်းယူရန် အသင့်ရှိသည်။ အခန်းစာရေးဘေးတွင်ကား ကျွန်တော်ရပ်နေလျက် ဒါက ကျွန်တော်လုပ်နေကျအလုပ်။ အခန်း စာရေးက ကျွန်တော့်ဟာပည့်အဖြစ် ထိန်းပေးနေကျ။ ကျသစ်ဝင် လာလျှင် ကျွန်တော်ကမေးပေးသည်။ သူက ရေးသည်။ မသေ ချာလျှင် ထပ်မေးရသည်။ သေချာတိကျဖို့လိုသည်။

ဒါက အရေးကြီးသည်။ မှားလို့မရ။ ကျွန်တော်က တစ်ယောက်ချင်း စေ့စပ်စွာ မေး၏။ တစ်ယောက်ပြီးတစ်ယောက် ပြီးသွားသည်။ သာမန်အမှုကများသည်။ လူနှစ်ဆယ်လောက်အထိ အမှုကြီးမပါ။ ခိုးမှု၊ အခြေအနေမဲ့ ဒါတွေများသည်။

www.burmeseclassic.com



လာပြီနောက်တစ်ယောက် ..

''နံမည်''

''ဇင်လူ''

''အဘအမည်''

''ဦးလူဒင်''

''အသက်''

''၃၀ နှစ်''

''ပြစ်မှု''

''လူသတ်မှု...ခမြမှု''

''ပြစ်ဒဏ်''

''နှစ်ဆယ့်ငါးနှစ်''

သည်တစ်ခါတော့ ကျွန်တော် စိတ်ဝင်စားသွားသည်။ စကားကိုရပ်ပြီး သူ့ကို ကြည့်လိုက်သည်။ ပုံက ခပ်ဖြောင့်ဖြောင့်ပင်။ အသားဖြူပြီး အရပ်အမောင်းကောင်းသည်။ ကြည်ငြိမ်သည်။ သို့သော် သူ့ကိုတွေ့လိုက်ကတည်းက ရက်ရောပြီး လျှို့ဝှက်သူ မှန်း ရိပ်မိလိုက်သည်။ သူက တည်တည်ကြီးနေ၏။ သူ့ကို စကား ပြောရဦးမည်ဟု ဆုံးဖြတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ညဘက်အိပ်ချိန်မရောက်မီ သူနှင့် စကားပြောရသည်။ ကျွန်တော်က အကျိုးအကြောင်းပြောပြီး သူ့ဇာတ်လမ်းကို စိတ်ဝင်စားကြောင်းပြောတော့ သူက ပြုံးသည်။

"အဘ ကျွန်တော့်အကြောင်းသိရရင် တကယ့်အဖြစ်ဟာ စိတ်ကူးယဉ်ထက် ဆန်းကျယ်တယ်ဆိုတာ ယုံသွားမယ်"

"ဒါဆို ပိုကောင်းတာပေါ့"

သူကပြုံး၍ သူ့ဇာတ်လမ်းကို ပြောပြသည်။ မှန်သည်။ သူ့ဇာတ်လမ်းကစတည်းက ယဉ်သကို ဆိုသည့်ကိန်း ဖြစ်သည်။ ဝတ္ထုတစ်ပုဒ်လိုလို....

× × ×

(၂)

ဇင်လူက ဓားပြဖြစ်သည်။ သို့သော် ဇင်လူက ဓားပြမျက်နှာကြီးဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ဇင်လူသည် လူတောထဲတွင် မင်နှင့်မောင်းနှင့်နေတတ်ပြီး ပိုင်မှုင်တတ်သူဖြစ်သည်။ ဇင်လူ့ကို ဓားပြဟု ဘယ်သူမှ မထင်။ ဇင်လူ့ကို ကုန်သည်တစ်ဦးလို့ပဲ ထင်ကြသည်။ ဇင်လူက အရောင်းအဝယ်လည်း လုပ်သည်။

ကော်ဒွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကားအရောင်းအဝယ်သမား၊ လုပ်သည်ကလည်း သာမာန်မဟုတ်၊ တစ်ခါတစ်ရံ ဝယ်ရောင်းလုပ်သည်။ ငွေရှိသည်။ အပေါင်းအသင်းဆန့်သည်။ ကိုယ်ပိုင်ကားနှင့် ယာဉ်မောင်းနှင့်။

တစ်ခုရှိသည်။ ဇင်လူက တစ်ကိုယ်တော်ဟော့ မဟုတ်။ အဖွဲ့ဟု ပြောရမည့် လူတစ်ယောက်ရှိသည်။ သူ့အမည်က 'ကျော်ဝေ'။ ထားဝယ်သား ဖြစ်သည်။ အသားဖြူဖြူ ခပ်နွဲ့နွဲ့၊ အလုပ်ရှိမှ တွေ့ကြသည်။ အပိုင်ကိစ္စရှိမှ လျှို့ဝှက်စွာ တွေ့ကြပြီး တက်ညီလက်ညီ အလုပ်လုပ်သည်။ သူတို့နှစ်ယောက်က သစ္စာရှိသူများဟု ဆိုရမည်။

တစ်နေ့ ဇင်လူနှင့်ကျော်ဝေ အလုပ်လုပ်ကြသည်။ သူဌေးတစ်ဦးအိမ် ဓားပြတိုက်ကြသည်။ ဓားပြတိုက်ရင်း ပစ္စည်းယူပြီးအထွက် ကျော်ဝေပေါ့လျော့မှုကြောင့် မလွဲမရှောင်သာ အိမ်ရှင်ကို သတ်လိုက်ရသည်။ သေနတ်သံသည် ပတ်ဝန်းကျင်ကို လှုပ်နှိုးလိုက်သလို ဖြစ်၏။ ပစ်သတ်လိုက်သူက ကျော်ဝေ။ သေနတ်သံကြောင့် ပတ်ဝန်းကျင် လှုပ်ခတ်သွားသည်။ ထွက်ပေါက်ပိတ်ဆို့သလို ဖြစ်သွားသည်။ ပုရွက်အုံကို တုတ်နှင့်ထိုးလိုက်သလို ဖြစ်သွားပြီ။

''တို့ ဘယ်လိုလုပ်ကြမလဲ''

မိုးသောက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝေ စိုးရွံ့နေပြီ။ ဇင်လူက ခပ်တည်တည် ..

"မင်းဘာမှ မစိုးရိမ်နဲ့။ ငါက လူယောင်ပြမယ်။ မင်း လွတ်အောင်ပြေး၊ ရွှေညောင်ပင်မှာ ဆုံကြမယ်" ဇင်လူက အစီအစဉ်ဆွဲသည်။

"ဖြစ်ပါ့မလား ဇင်လူ" ကျော်ဝေက စိုးရွံ့နေသည်။

"မင်း ငါပြောသလို လုပ်စမ်းပါ"

ထို့နောက် သူတို့လူစုခွဲပြီး အစီအစဉ်အတိုင်း လုပ်ကြသည်။

သူ့စကားရပ်လျှင် ကျွန်တော်က "မင်းတို့ လွတ်ကြလား" ဟု မေးမိသည်။

ထိုနေရာတွင် သူ့မျက်နှာ အနည်းငယ်တင်းသွားသည်။

"လွတ်ပါတယ်။ ဒါပေမယ့် ချိန်းဆိုရာကိုရောက်တော့ သူမရှိဘူး"

"သူ မိများသွားသလား" ကျွန်တော် မဆီမဆိုင် စိုးရိမ်တကြီး မေးသည်။

ဇင်လူက ခေါင်းခါသည်။ "မဟုတ်ဘူး။ တိုက်ပေါ်ရတဲ့ ပစ္စည်းတွေကို အပိုင်စီးပြီး ကျွန်တော့်ကို သစ္စာဖောက်သွားတာ" ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် မိုက်တာပေါ့"

"မိုက်တာပေါ့ ဆရာ။ ကျွန်တော်လည်း စုံစမ်းတော့ သူ ကျွန်တော့်ငွေတွေကို ယူပြီး သူ့ချစ်သူနဲ့ လစ်သွားတာ။ ဒီလိုလုပ်ဖို့ သူ့ကောင်မက စီစဉ်ပေးတာဆိုတာလည်း သိရတယ်။ ဒါကြောင့် ကျွန်တော် မြေလှန်ရှာခဲ့တယ်"

"မင်းတွေ့လား"

"တွေ့တယ်။ ပထမဆုံးတွေ့တာက သူ့မိန်းမ"

သူ့မျက်နှာကြည့်လိုက်တော့ခက်ထန်နေသည်။

× × ×

(၃)

ပျောက်သောသူ ရှာလျှင်တွေ့ ဆိုသောစကားက မှန်ကန်နေသည်။ စဉ်ဆက်မပြတ် ရှာဖွေနေသော ဇင်လူသည် ကျော်ဝေနှင့် ယုယုတို့အား '....မြို့တွင် ရှိကြောင်း သတင်းအနံ့ရသဖြင့် လိုက်ခဲ့သည်။ ဇင်လူသည် 'ဘအောင်တည်းခိုခန်း' တွင် တည်းပြီး နံနက်တွင် ဗဟိုဈေးသို့ ရောက်ခဲ့၏။ အိမ်ရှင်မတိုင်းသည် ဈေးကိုကင်းလို့မရ။ ဈေးသည် လူရှာလို့အကောင်းဆုံးနေရာ။ ဒီမှာ မြေရာခံမိနိုင်သည်။ ဟုတ်ပါ့။ သုံးရက်မြောက်နေ့တွင် ယုယု



www.burmeseclassic.com

www.burmeseclassic.com



ကို ဈေးမှာ တွေ့ရသည်။ ယုယုက ဇင်လူကို မမှတ်မိ။ ထိုနေ့က ခြေရာခံလိုက်ရာ အိမ်ကို တွေ့ရသည်။ သတင်းအရ ကျော်ဝေ မန္တလေးသို့ သွားနေကြောင်း သိရသည်။ အိမ်မှာ ယုယု တစ်ယောက်တည်း။

"မင်း ယုယုကို တွေ့ခဲ့သလား"

ကျွန်တော်က မေးလိုက်သည်။

"တွေ့တာပေါ့အဘ။ အခုကိစ္စဖြစ်ရခြင်းရဲ့ အဓိကတရားခံဟာ ယုယုလေ။ ပြီးတော့ ယုယုကို သတ်သတ်မှတ်မှတ် ကျွန်တော်ဆုံးမပြမှ ကျော်ဝေ ကျွန်တော့်ကို လာတွေ့မှာ မဟုတ်လား"

ဇင်လူက တည်ငြိမ်စွာ ပြောသည်။

"မင်း ယုယုကို ဘယ်လိုဆုံးမလိုက်လဲ"

သူက အေးဆေးစွာ တစ်လုံးချင်းပြောသည်။

"သတ် ပစ် လိုက် တယ်"ဟု

ကျွန်တော် သူ့ကို ကြည့်လိုက်မိသည်။ ရက်စက်သည့် ကလေးဟုလည်း စိတ်ထဲ ထင်မိသည်။ "မင်းဒီလိုလုပ်လိုက်တော့ အားလုံးကြေပျက်သွားသလား" "မင်းအတွက် ပြဿနာတစ်ခု ပိုလာပြီဆိုတာ မင်းမစဉ်းစားမိဘူးလား" ကျွန်တော် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းခါသည်။

"အပြစ်ဆိုတာ လွတ်လမ်းမရှိဘူးဆိုတာ ကျွန်တော် ကြားဖူးတယ်။ ဒါပေမယ့် အပြစ်ကို ကျွန်တော် ဖုံးကွယ်နိုင်ခဲ့ တယ်လေ"

"မင်း ကျော်ဝေ့ကိုကော တွေ့လား"

"ကျွန်တော် ယုယုကို ဆုံးမလိုက်တဲ့အတွက် တွေ့ဖို့ ပိုပြီး အဆင်ပြေသွားတယ်။ သူနဲ့ ကျွန်တော်သာ သိတဲ့အမှတ်အသား တစ်ခုကြောင့် ယုယုသေမှုသေခင်းကိစ္စမှာ ကျွန်တော့်လက်ရာဆို တာ ကျော်ဝေသိတယ်။ ဒါကြောင့် ကျွန်တော်နဲ့သူနဲ့ တွေ့ဖို့ကိစ္စ ပိုလွယ်ကူသွားတယ်။ ကျွန်တော်သတ်မှတ်တဲ့နေရာ၊ သတ်မှတ် တဲ့အချိန်ကို သူရောက်လာနိုင်တယ်။ သူနဲ့ ကျွန်တော် စာရင်း ရှင်းခဲ့တယ်"

ဇင်လူက ပြောရင်း နာကျဉ်းစွာပြုံးသည်။

× × ×

(၄)

ကျော်ဝေက အဖြူရောင်ဝတ်စုံနှင့် ဂျာကင်ကို ဝတ်ထားသည်။ အချိန်ကညာ၊ မိုးမခမြိုင်သို့ သူရောက်လာခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ မှောင်နေသည်။

"ငါက မင်းရောက်မှ ရောက်လာနိုင်ပါ့မလားလို့ စိုးရိမ်နေတာ"

ဇင်လှူက မေးလိုက်လျှင် သူက ပြုံးသည်။

"ဒါကို မင်းမှုစရာမလိုပါဘူး။ ဒီစာရင်းကို ငါ တမလွန်အထိ ယူသွားမှာ မဟုတ်ဘူး။ ကဲ···ဇင်လှူ မင်း ယုကို ငရဲပို့လိုက်တယ် မဟုတ်လား"

ဇင်လှူက ပြုံးလိုက်သည်။

"မင်း ငါ့လက်စလက်နကို သိပါတယ်လေ။ တကယ်တော့ ရစရာရှိတဲ့ကြွေးအတွက် စာရင်းရှင်းလိုက်တာပဲ။ အမှန်ဆိုရင် မင်းဖောက်ပြန်အောင် သူလုပ်တာမဟုတ်လား"

"ဒါကို မပြောနဲ့လေ။ လူတင်ပါမှ နွားကျားကိုက်တာပဲ။ ခု တိုက်ရာပါပစ္စည်းကို ယူခဲ့တာ။ ငါ့စိတ်နဲ့ ငါ့ကိုယ်။ မင်း ယုယုကို သတ်လိုက်တဲ့အတွက် မင်းလူသတ်မှုကျူးလွန်လိုက်ပြီဆိုတာကိုကော သိလား"

ဇင်လှူပြုံး၍ သိတာပေါ့။ ငါနဲ့မင်းဟာ သွေးစွန်းလက်နဲ့လူတွေလေ။ ငါက ယုယုကိုသတ်တယ်။ မင်းက မပြတိုက်တဲ့နေ့က အိမ်ရှင်ကို သတ်တယ်။ မင်းဖော်ကောင်လုပ်ချင်လို့လား။



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘယ်လိုလုပ်မလဲ။ မင်းလည်း ဥပဒေစည်းအပြင်ကလူ၊ ပြီးတော့ ငါ ယုယုကို သတ်တယ်ဆိုတဲ့သက်သေ၊ ဘယ်မှာလဲ။ မင်းဘယ်လိုသက်သေပြနိုင်မလဲ''ဟု ပြောလိုက်သည်။

''ဇင်လူ မင်းဟာ လူယုတ်မာ၊ ကောက်ကျစ်တဲ့ မြွေခွေး''

''ဟား...ဟား...ဟား''

ဇင်လူ ရယ်လိုက်သည်။

ထိုစဉ် ကျော်ဝေ လှုပ်ရှားမှုတစ်ခုကို ပြုလိုက်သည်။ ဂျာကင်အိတ်တွင်းမှ ပစ္စည်းတစ်ခုကို ထုတ်လိုက်သည်။ ဇင်လူ ဂရုထားနေသည်မို့ အားလုံးမြင်သည်။ သေနတ်ကိုထုတ်ကာ မောင်းကို ညှစ်ကွေးလိုက်သည်။

''ဒိုင်း''

''ချွင်''

သေနတ်သံနှင့်အတူ ကျော်ဝေဒူးညွတ်ကွေးကျသွားပြီး လက်ထဲမှ ပစ္စည်းတစ်ခုကျသွားသည်။ ဇစ်ပိုမီးခြစ်။

ကျော်ဝေက ပြုံး[illegible]။

လက်တစ်ဘ[illegible]ရာကိုအုပ်လျှ[illegible]။

''ဟင်း...[illegible] မင်း...မင်း...မင်း ငါ့ကို ပစ်လိုက်ပြီ။ မင်း ငါ[illegible]လိုက်ပြီ။ မင်း ယုကို သတ်လိုက်

ဝတ်သွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ပတ်သက်လို့ မင်းရှောင်နိုင်ပေမယ့် ငါ့ကို သတ်တာက တော့ မင်းမရှောင်နိုင်ဘူး။ မင်းကို ဥပဒေက အပြစ်ပေးဖို့ စောင့်နေပြီ။ မင်း ပြေးမလွတ်တော့ဘူး။ မင်း ပြေးမလွတ်တော့ဘူး"

ကျော်ဝေ ပြောရင်း ဒူးညွတ်ကွေးကျသွားသည်။ ဇင်လူ ကြောင်နေသည်။ ကျော်ဝေပြောသလို သူမလွတ်နိုင်တော့ဘူးလား။ စဉ်းစားရင်း ခေါင်းနောက်လာသည်။ အမြန်ပြေးမှဟု အသိဝင်လာသည်။

"မင်းလွတ်ခဲ့လား"

ဟု မေးလိုက်သည်။ ဇင်လူ ခေါင်းခါသည်။

"မလွတ်ဘူးအဘ။ ဒီတစ်ခါက ကျွန်တော် ညွတ်ကွင်းမိတာပဲ။ ကျော်ဝေရဲ့ လုညှိကွက်ထဲကို ကျွန်တော် ဝင်ခဲ့မိတာ။ ကျွန်တော်ပြေးဖို့ တံခါးဖွင့်လိုက်တော့ ရဲတပ်ဖွဲ့တွေက ကျွန်တော့်ကို ဝိုင်းထားပြီးပြီ"

"ရဲတွေ ဘယ်လိုမိသွားလဲ"

"အားလုံးက ကျော်ဝေရဲ့ အစီအစဉ်တွေလေ။ ငါ့ကို အကြောင်းကြားထားသလို သူ့ကိုယ်ပေါ်မှာလည်း သိုဖွက်အသံဖမ်းစက်ပါတယ်လေ။ ဒါကြောင့် ကျွန်တော် ပြေးလို့မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အခုဒီထဲရောက်တော့ ဒီအမှုတွေလား"

ကျွန်တော်က မေးလိုက်သည်။

"ဟုတ်တယ်အဘ..ခုတော့ ကျွန်တော် နားလည်ပါပြီ။ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိသလို ရာဇဝတ်ဘေး ဖြေမလွတ်ဘူးဆိုတာ ကျွန်တော် ယုံသွားပြီ"

ဖင်လူက ပြောသည်။ ဖင်လူအဝေးကို ငေးမျှော်ကြည့်သည်။ ကျွန်တော် ဆေးလိပ်ကိုဖွာရင်း။

"ဟုတ်တယ် ဖင်လူ။ တကယ်တော့ လူတွေဟာ မကောင်းမှုကိုပြုဖို့ ကြောက်သင့်ပြီ။ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမှ မရှိဘဲ။ ဘယ်လိုပိရိသူပဲဖြစ်ဖြစ် အမှန်တရားအတွက် သဲလွန်စက ကျန်နေမှာပဲ။ ဒါကြောင့် ပညာရှိသူတွေက "ကောင်းကင်အပြည့် ပိုက်အုပ်လို့မရဘူးလို့ တင်စားပြောကြတာပေါ့" ဟု ပြောမိသည်။

ဖင်လူ သက်ပြင်းရှိုက်လိုက်သည်။

"ကျွန်တော်လည်း သဘောပေါက်ပါပြီ အဘရယ်။ ကျွန်တော့်အပြစ်ကြွေးကို ချွေးနဲ့ဆေးပြီးရင် ကောင်းတာပြင်ဖို့ ကောင်းတာကိုသာလုပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ" ဟု ပြောသည်။

"ဝမ်းသာလိုက်တာကွာ"

ကျွန်တော်လှိုက်လှဲစွာ ပြောလိုက်သည်။ ထိုအချိန်၊ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ချိန် လူသံကြရသည်။ အခန်းလူကြီးက အိပ်ချိန်ရောက်ပြီ။ အားလုံးခေါင်းချမယ်...ဟု ပြောသည်။ အကျဉ်းသားများ ခေါင်းချကြပြီ။

ကျွန်တော်က ခေါင်းချလိုက်ပြီး ''သတ္တဝါတွေ ကျန်းမာပါစေ၊ အဝိဇ္ဇာအမှောင်တွင်းမှ ရုန်းထွက်နိုင်ကြပါစေ''ဟု တိုးတိုးဆုတောင်းလိုက်မိသည်။

မှုခင်းဆိုမဂ္ဂဇင်း

၁၉၉၉-ခုနှစ်၊ ဧပြီလ

အောင်မြတ်ဦး

* * *

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com